# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်　　၂၀၁၅ ခုနှစ်၊ ဧပြီ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့　　အတွဲ [၅၄]၊ အမှတ် [၁၉၉]


**အေးစေ မြဲစေ မေတ္တာရေ**

- ❖ နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- ❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- ❖ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- ❖ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- ❖ မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး၊
- ❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- ❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွှံ့မမုန်း၊
- ❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- ❖ မေတ္တာနုတ်ပန်း၊ ပန်ဆင်မြန်း၊ ရှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

# အာရှ-အာဖရိက ထိပ်သီးအစည်းအဝေး၊ ၁၉၅၅ အာရှ-အာဖရိက ညီလာခံ၏ နှစ် (၆၀)မြောက် အထိမ်းအမှတ်သို့တက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာရှ-အာဖရိက ထိပ်သီးအစည်းအဝေး၊ ၁၉၅၅ အာရှ-အာဖရိက ညီလာခံ၏ နှစ် (၆၀)မြောက် အထိမ်းအမှတ်သို့တက်ရောက်ရန် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဦးညဏ်ထွန်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်း၊ စာမျက်နှာ-၃ ) (သတင်းစဉ်)




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ကိုယ့်ရိုးရာ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဂီတထိန်းသိမ်း

မည်သည့်လူမျိုး၊ မည်သည့်နိုင်ငံတို့၌မဆို ကိုယ်ပိုင်ယဉ်ကျေးမှု ကိုယ်ပိုင်ဓလေ့ထုံးတမ်းများရှိကြသည်။ ယဉ်ကျေးမှုသည် တိုင်းပြည်နှင့်လူမျိုးတို့၏ တန်ဖိုးပင်ဖြစ်သည်။ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးအတွက် ယဉ်ကျေးမှုသည်အခြေခံအကျဆုံးဖြစ်ပါသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံ၌ စေတီ၊ ပုထိုး၊ ကျောင်းကန်များကဲ့သို့ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့်အပြင် ဒြပ်မဲ့ယဉ်ကျေးမှုများကိုလည်း ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။ အစဉ်အလာမပျက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကျင်းပပေးနေခြင်းသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နေခြင်းပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့ပုဂံခေတ်က ဆိုဟန်၊ ကဟန်များ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ မျက်မှောက်ခေတ်အထိ မြင်တွေ့ကြားသိနေရခြင်းမှာ ခေတ်အဆက်ဆက်သောပညာရှင်များက ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ၍ ဖြစ်ပါသည်။ ထို့အတူ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ ညောင်ရမ်း၊ ကုန်းဘောင်အစရှိသဖြင့် ခေတ်အဆက်ဆက်ထွန်းကားခဲ့သော အနုပညာယဉ်ကျေးမှုများ၊ စာပေ၊ ဂီတများ ယနေ့ခေတ်အထိ ဆက်လက်တည်ရှိနေကြခြင်းမှာ ခေတ်အဆက်ဆက်က ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ၍ ဖြစ်ပါသည်။ မြန်မာ့ယဉ်ကျေးမှုများ မတိမ်ကောမပပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးသည် မြန်မာပြည်သူတစ်ရပ်လုံး၏ သမိုင်းပေးတာဝန် တစ်ရပ်ပင်ဖြစ်ပါသည်။ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးလည်း ပျောက်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း မြန်မာလူမျိုးတို့၏ အနုသုခုမ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်ရလေအောင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ခမ်းနားထည်ဝါစွာ ကျင်းပပေးနေခြင်းဖြစ်ပါသည်။ (၂၁)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၂၀၁၅ ခုနှစ် မေလ ၇ ရက်မှ ၁၂ ရက်အထိ နေပြည်တော်ရှိရေဆင်းတက္ကသိုလ် နယ်မြေအတွင်း ခြိမ့်ခြိမ့်သဲသဲ ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

ဤပြိုင်ပွဲကြီးတွင် ဝါသနာရှင်(ပထမတန်း)အဆင့်၊ ဝါသနာရှင်(ဒုတိယတန်း)အဆင့်၊ အဆင့်မြင့် ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀နှစ်အတွင်း)၊ အခြေခံပညာအဆင့်(အသက် ၁၀နှစ်မှ ၁၅နှစ်အတွင်း) ဟူ၍ ယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်။ ဤသို့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပပေးနေခြင်းသည် တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်လွှမ်းမိုးလာချိန် လူငယ်လူရွယ်များကြား ကိုယ့်ရိုးရာ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဂီတကို အလေးထားထိန်းသိမ်းတတ်ကြစေရန်လည်းဖြစ်ပါသည်။ ပြည်ပယဉ်ကျေးမှုများ ထိုးဖောက်ခံရမှုအများဆုံးနေရာသည် လူငယ်လူရွယ်များ မှစတင်ခြင်းဖြစ်ပါသည်။ ထို့ကြောင့်လည်း လူငယ်လူရွယ်များအကြား မြန်မာ့ယဉ်ကျေးမှုအနုသုခုမ ပညာရပ်များ ထိန်းသိမ်းစောင့်ရှောက်တတ်သည့် အလေ့အကျင့်ကောင်းများ ရှင်သန်တိုးပွားလာစေရန်ရည်ရွယ်လျက် ဤကဲ့သို့ အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပပေးရခြင်းလည်းဖြစ်ပါသည်။ သို့ဖြစ်၍ ကိုယ့်ရိုးရာ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဂီတတို့ကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်မှာ အဓိကအားဖြင့် လူငယ်လူရွယ်များတွင် တာဝန်ရှိပါသည်။ ကိုယ့်ဂီတကိုချစ်မြတ်နိုးတတ်ဖို့ လိုပါသည်။ အရိုးပေါ်အရွက်မဖုံးစေရန် ထိန်းသိမ်းကြဖို့လိုပါသည်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကိုထိန်းသိမ်း စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

# အသိပညာဗဟုသုတများရရှိကြစေရေး စာများများဖတ်ရှုရန် တိုက်တွန်း

**ရေစကြို မေ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးပိုက်ထွေးသည် မေ ၂၁ ရက် နံနက် ၁၁ နာရီခွဲခန့်က ရေစကြိုမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိ၍ မြို့နယ်စာကြည့်တိုက်အတွင်းရှိ အများပြည်သူအသိပညာ ဗဟုသုတတိုးပွားစေရန် ထားရှိသည့် စာအုပ်စာပေများ ပြည့်စုံစွာထားရှိမှု အခြေအနေနှင့် စာကြည့်တိုက်သို့ နေ့စဉ် လစဉ်စာအုပ်စာပေများ လာရောက်ဖတ်ရှုမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ပြန်ဆက်ဦးစီးမှူး ဒေါ်စန်းယုမော်က မြို့နယ်အတွင်း စာပေရေချမ်းစင်များ ထားရှိမှု စာမဖတ်သူပပျောက်ရေး



ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီးက အသိပညာဗဟုသုတများ ရရှိစေရန် စာများများဖတ်ရှုကြရန် တိုက်တွန်းသွားကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# အာဆီယံတက္ကသိုလ်များ အားကစားကောင်စီ အစည်းအဝေးများ ကျင်းပ

**ရန်ကုန် မေ ၂၁**

စင်ကာပူသမ္မတနိုင်ငံ၌ မေ ၂၀ ရက်မှ ၂၂ ရက်ထိကျင်းပသည့် (၁၇) ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားကောင်စီညှိနှိုင်းအစည်းအဝေး (17th ASEAN University Sports Council Coordination Meeting ) နှင့် (၁၈)ကြိမ်မြောက်အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ (18th ASEAN University Games) ကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးများသို့ အာဆီယံတက္ကသိုလ်များကောင်စီအဖွဲ့ဝင် ရန်ကုန်အဝေးသင် တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာလှတင့်နှင့် မြန်မာနိုင်ငံတက္ကသိုလ်များ အားကစားအဖွဲ့ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးလျက်ရှိသော အလှူရှင် ဝေမိသားစု ကျောက်မျက်ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးစိုင်းရှန်တီးတို့ တက်ရောက်မည်ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ အာဆီယံတက္ကသိုလ်များ ကောင်စီ (ASEAN University Sports Council-AUSC) အဖွဲ့ဝင်များ တက်ရောက်ကြပြီး အစည်းအဝေးတွင် ၂၀၁၆ ခုနှစ်ဇူလိုင် ၈ ရက်မှ ၂၂ ရက်အထိ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် (၁၈) ကြိမ်မြောက် အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲ (18th ASEAN University Games) ဆိုင်ရာကိစ္စများနှင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည့် (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ (19th ASEAN University Games) ဆိုင်ရာကိစ္စများကို အဓိကထား ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

# အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်

**သီပေါ မေ ၂၁**


ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အုတ်ကျင်းရပ် ကုန်းတော်ပရိယတ္တိစာသင်တိုက်ကြီး၏ (၁၁) ကြိမ်မြောက် နေ့၊ ညအသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၁ ရက်က ကုန်းတော်ကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာသာသနာ ၂၅၀၀ ကျောင်းတိုက်သစ် ပဓာနနာယက ပြည်နယ်ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တကောသလ အရှင်သူမြတ်က ဗုဒ္ဓနိမန္တန်န ဘုရားပင့်ဂါထာတော်ဖြင့် မြတ်စွာဘုရားအား ပင့်ဆောင်ပြီး ကုန်းတော်ကျောင်းတိုက်မှ ဘဒ္ဒန္တကုမာရအရှင်သူမြတ်က ရောင်ခြည်တော် ခြောက်သွယ်ဂါထာဖြင့် ပူဇော်သည်။ ဆက်လက်၍ သာသနာ ၂၅၀၀ ကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနှင့် ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကုန်းတော်ကျောင်းတိုက် ဘဒ္ဒန္တသုန္ဒရက ပဋ္ဌာနဥယျောဇနဂါထာဖြင့် ပူဇော်၍ အုတ်ကျင်းရပ်ကွက် သာသနာ့ရောင်ခြည်ဝတ်ရွတ်အသင်းမှ ပဋ္ဌာန်းတရားတော်နာကြားရန် နတ်ပြဟ္မာများအား ပင့်ဖိတ်သည်။

ထို့နောက် သံဃာတော်များနှင့် ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်ကိုသုံးကြိမ်တိုင်သံပြိုင်ရွတ်ဆိုကြပြီး ကုန်းတော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် သာသနဓဇ ဓမ္မာစရိယဘဒ္ဒန္တကုန္ဒဝံသ အရှင်သူမြတ်က ပဋ္ဌာန်းဒေသနာတော်ကြီးကို စတင်ရွတ်ဖတ်တော်မူသည်။

အဆိုပါ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲတွင် သံဃာတော်အရှင်သူမြတ် ၂၅ ပါးတို့က မေ ၂၁ ရက်မှ ၂၅ ရက်ထိ ငါးရက်တိုင် ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၅-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၃၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၄၅၀၀ |

### စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၀-၁၀၈၅ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၇၈၀၀-၁၈၂၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၄၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၃၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၄၂ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၂၅-၄၅၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၁၀၀-၁၄၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၁၅၀-၂၂၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၅၀၀-၈၅၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၅၀-၃၁၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၅၀၀-၆၂၀၀ |
| သကြား | တစ်ပိဿာ | ၉၁၀-၉၅၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ-စေ့ငုတင်ပြသည်။**

# အာရှ-အာဖရိက ထိပ်သီးအစည်းအဝေး၊ ၁၉၅၅ အာရှ-အာဖရိက ညီလာခံ၏ နှစ်(၆၀)မြောက် အထိမ်းအမှတ်သို့တက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံသို့ထွက်ခွာ



**နေပြည်တော်  ဧပြီ  ၂၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဂျိုကိုဝီဒိုဒို၏ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့နှင့် ဘန်ဒေါင်းမြို့တို့တွင်ကျင်းပမည့် အာရှ-အာဖရိက ထိပ်သီးအစည်းအဝေး၊ ၁၉၅၅ အာရှ-အာဖရိကညီလာခံ (ဘန်ဒေါင်းညီလာခံ)၏ နှစ်(၆၀) မြောက် အထိမ်းအမှတ်နှင့် အာရှ-အာဖရိက မဟာဗျူဟာမိတ်ဖက်သစ် (၁၀)နှစ်မြောက် အထိမ်းအမှတ်တို့သို့ တက်ရောက်ရန် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးအောင်မင်း၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

**✳ ကျောဖုံးမှ**

ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းတို့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ခြေစမ်းကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲကျင်းပမည့် ဗီယက်နမ်နိုင်ငံသို့ ထိုင်းနိုင်ငံမှ တိုက်ရိုက်သွားရောက်မည်ဖြစ်သည်။

အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲကို မေ ၁ ရက်မှ ၁၀ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းမှာ အုပ်စု(ခ)၌ ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်တို့နှင့်အတူ ပါဝင်နေသည်။ အုပ်စု(က)တွင် ဩစတြေးလျ ယူ-၂၀၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းသည် မေ ၂ ရက်တွင် အိမ်ရှင် ဗီယက်နမ်၊ မေ ၄ ရက်တွင် ဖိလစ်ပိုင်၊ မေ ၆ ရက်တွင် မလေးရှားအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

## နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်နိုင်ရေး ပြည်ထဲရေးဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ကွင်းဆင်းစစ်ဆေး

**နေပြည်တော်  ဧပြီ  ၂၁**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ၊ မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်သည် မွေးမြူရေးကဏ္ဍဆိုင်ရာ ဆုချီးမြှင့်နိုင်ရေးနှင့် ပတ်သက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၀ ရက်က ရန်ကုန်မြို့မှ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ရောက်ရှိပြီး ကျွန်းစုမြို့နယ် ဒေါင်းကူးမော်ကျွန်းရှိ ရေထွက်ပစ္စည်း မွေးမြူရေးလုပ်ငန်းဖြစ်သော ကောင်းကောင်းမွေးမြူရေး ကုမ္ပဏီလီမိတက်လုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးခဲ့သည်။

ကောင်းကောင်း မွေးမြူရေး ကုမ္ပဏီအနေဖြင့် ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကို ၂၀၁၄ ခုနှစ်မှစတင်လုပ်ကိုင်ခဲ့ကာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် မွေးမြူကန် ၅၃ ကန်မှ ကောင်ရေ ၅၄၂၈၅၁၀၊ ၄၉၃၄၉၈ ကီလိုထုတ်လုပ်နိုင်ခဲ့ပြီး ယင်းလုပ်ငန်းမှ တနင်္သာရီတိုင်းဒေသကြီးအတွက် သာမက နိုင်ငံတော်အတွက် ပြည်ပပို့ကုန် ကီလို ၁၂၉၃၁၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၅၇၅၈၀ အထိ တင်ပို့ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြိတ်မြို့နယ် ကုန်းဖောက်ကျေးရွာရှိ ထူးထူးတိုးကုမ္ပဏီလီမိတက်၏ ဥစားကြက်မွေးမြူရေးခြံသို့ ကြည့်ရှုစစ်ဆေးသည်။ အဆိုပါကုမ္ပဏီသည် မွေးမြူရေးလုပ်ငန်းကို ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ဇွန်လမှ စတင်မွေးမြူခဲ့ကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ကြက်ခြံလေးခြံ၌ ကြက်ကောင်ရေ ၇၂၄၀၀ ကိုမွေးမြူပေးခဲ့ပြီး ကြက်ဥလုံးရေ တစ်ရက်ပျမ်းမျှ ၄၂၀၀၀ နှင့် သက်တမ်းကုန်ကြက်သား တစ်ရက်ပျမ်းမျှ ၃၁၅ ပိဿာ ထုတ်လုပ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဂျပန်နှင့် စင်ကာပူဘဏ်သုံးခု ပြည်တွင်း၌ဖွင့်မည်

**ရန်ကုန်  ဧပြီ  ၂၁**

**သတင်း-ဝေယံဦး**

ငွေကြေးနှင့်ဘဏ်လုပ်ငန်းများဖွံ့ဖြိုးလာစေရန် မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်များ ဖွင့်လှစ်ခွင့်ပြုရန် လျှောက်ထားခဲ့မှုမှ ဂျပန်နှင့်စင်ကာပူတို့က ဘဏ်သုံးခုကို ဧပြီ ၂၃ ရက်မှစတင်ကာ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်းက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံခြားဘဏ်ကိုးခုအား ဘဏ်ရုံးခွဲများဖွင့်လှစ်ရန် လုပ်ငန်းလိုင်စင်များ ချထားပေးခဲ့ခြင်းဖြစ်သည်။ ယင်းတို့အနက် ဧပြီ ၂၃ ရက်မှစတင်ကာ နိုင်ငံခြားဘဏ်သုံးခုအား လုပ်ငန်းများ စတင်နိုင်တော့မည်ဖြစ်သည်။

ယခုဖွင့်လှစ်သည့် နိုင်ငံခြားဘဏ်သုံးခုမှာ ဂျပန်နိုင်ငံမှ BTMU ဘဏ်နှင့် SMBC ဘဏ်တို့ဖြစ်ပြီး စင်ကာပူနိုင်ငံမှ OCBC ဘဏ်လည်း ပါဝင်သည်။ ယခုခွင့်ပြုခဲ့သည့် နိုင်ငံခြားဘဏ်များသည် နိုင်ငံခြားကုမ္ပဏီများကို ငွေထုတ်ချေးခွင့်ရရှိမည်ဖြစ်သော်လည်း ပြည်တွင်းဘဏ်များကို ငွေထုတ်ချေးခွင့်မရသေးကြောင်း သိရသည်။ သို့သော် နောက်ပိုင်း၌ လုပ်ကိုင်နိုင်ရန်ရှိနေရာ နိုင်ငံခြားဘဏ်များကလည်း ပြည်တွင်းဘဏ်များအား ငွေထုတ်ချေးနိုင်ရေး မျှော်လင့်လျက်ရှိသည်။

"ပြည်တွင်းဘဏ်များကို နိုင်ငံခြားဘဏ်တွေက ကျပ်ငွေနဲ့ငွေချေးရင်တော့ ဗဟိုဘဏ်အတိုးနှုန်းအတိုင်း ငွေချေးရမှာဖြစ်ပါတယ်" ဟု ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်၌ ပြုလုပ်သည့် နိုင်ငံခြားဘဏ်လိုင်စင်ချထားပေးရေး သတင်းစာရှင်းလင်းပွဲတွင် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ပြောသည်။

ဗဟိုဘဏ်က ဘဏ်လုပ်ငန်းလုပ်ကိုင်ရန် လိုင်စင်ချပေးလိုက်သော နိုင်ငံခြားဘဏ်များသည် လိုင်စင်ချပေးလိုက်သည့်နေ့မှ ၁၂ လအတွင်း ပြည်တွင်း၌ ဘဏ်ဖွင့်လှစ်ရမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၇၅ သန်း ယူဆောင်လာကာ ငွေကြေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံခြားဘဏ်များမှ ငွေချေးရာတွင် ပြည်တွင်းဘဏ်များနှင့် ပူးပေါင်းငွေချေးနိုင်မည်ဖြစ်သည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းဘဏ်များတွင် ငွေချေးရာ၌ ငွေပမာဏအများအပြား မချေးနိုင်ခဲ့ရာ ယခုအခါ ပြည်တွင်းဘဏ်များနှင့် နိုင်ငံခြားဘဏ်များ ပူးပေါင်းခြင်းကြောင့် ငွေများများ ချေးနိုင်တော့မည်ဖြစ်သည်။

ဖွင့်လှစ်ရန်ကျန်ရှိနေသော နိုင်ငံခြားဘဏ်များမှာ ဩစတြေးလျ၊ ထိုင်း၊ စင်ကာပူ၊ ဂျပန်၊ မလေးရှားနှင့် တရုတ်နိုင်ငံမှ ဘဏ်များဖြစ်သည်။

နိုင်ငံဘက်စုံ တည်ဆောက်ဖို့ မှန်မှန်ကန်ကန် အခွန်ပေးစို့

# မွေးကင်းစရင်သွေးများကို သတ်ဖြတ်မှုဖြင့် ယူတားပြည်နယ်မှ အမျိုးသမီးတစ်ဦးကို ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်

**ယူတား ဧပြီ ၂၁**

အမေရိကန်ပြည်ထောင်စု ယူတားပြည်နယ်ရှိ အမျိုးသမီးတစ်ဦးကို ၎င်း၏မွေးခါစ ကလေးခြောက်ဦးကို သတ်ဖြတ်ခဲ့သည့်အတွက် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်ခဲ့သည်။

အသက် ၄၀ အရွယ်ရှိ မီဂန်ဟန်စမာန်၏ ယခင်အိမ်အတွင်းရှိ ကားဂိုဒေါင်ထဲတွင် ကလေးငယ်များ၏ အလောင်းများကို တွေ့ရှိပြီးနောက် ၎င်းကိုဖမ်းဆီးခဲ့သည်။ ၎င်းသည် ဖေဖော်ဝါရီလအတွင်း၌ ကလေးငယ်ခြောက်ဦးကို သတ်သည့်အမှုအတွက် အယူခံဝင်ခဲ့သည်။

ပါရာဘိုမြို့မှ တရားသူကြီးက ၎င်းကို ထောင်ဒဏ်အနှစ် ၃၀ ချမှတ်ခဲ့ပြီး အများဆုံးထောင်တစ်သက်တစ်ကျွန်းထိ ချမှတ်နိုင်သည်။ ကလေးများသည် ၁၉၉၆ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်ကြား မွေးဖွားခဲ့သောကလေးများဖြစ်ပြီး မွေးဖွားပြီးနောက် မစ္စဟန်စမာန်က ၎င်းကလေးများကို လည်ပင်းညှစ်သတ်ခဲ့ခြင်းဖြစ်သည်ဟု ရဲက ပြောသည်။

ကလေးငယ်များ၏အလောင်းကို ပလတ်စတစ်အိတ်အတွင်းထည့်ကာ ၎င်းအိမ်အတွင်း ကားဂိုဒေါင်ထဲရှိ သေတ္တာများအတွင်းထည့်ခဲ့သည်ဟု ရဲများက ပြောသည်။ ၎င်းအိမ်မှထွက်ခွာသွားပြီးနောက် ကလေးများ၏ အလောင်းကို ၎င်း၏ခင်ပွန်းဟောင်းဖြစ်သူက တွေ့ရှိခဲ့သည်။ မစ္စဟန်စမာန်သည် စိတ်ကြွဆေးသုံးစွဲသူတစ်ဦးဖြစ်ပြီး ကလေးမလိုချင်သူတစ်ဦးဖြစ်သည်ဟု ရဲများက ပြောသည်။

**(ဘီဘီစီ)**

# ယီမင်နိုင်ငံမြို့တော် ဆာနားရှိ ဒုံးပျံစခန်းကို လေကြောင်းမှတိုက်ခိုက်



**ဆာနား ဧပြီ ၂၁**


ဟူသီသူပုန်များက သိမ်းပိုက်ထားသည့် ယီမင်မြို့တော် ဆာနားတွင်ရှိသော စကတ်ဒ်ဒုံးပျံစခန်းတစ်ခုကို ယမန်နေ့က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပေါက်ကွဲမှုတစ်ရပ် အကြီးအကျယ် ဖြစ်ပေါ်ခဲ့ပြီး လူ ၂၅ ဦးသေဆုံးကာ ၃၀၀ နီးပါး ဒဏ်ရာရသွားကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီဆာဘားက သတင်းထုတ်ပြန်သည်။

အီရန်နှင့် မဟာမိတ်ဖွဲ့ထားသည့် ရှီးယိုက်ဟူသီသူပုန်အုပ်စုနှင့် သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလေကို သစ္စာခံသည့် တပ်ဖွဲ့များကို ဆော်ဒီအာရေဗျ ဦးဆောင်သည့် ဆွန်နီအာရပ်နိုင်ငံများ မဟာမိတ်အဖွဲ့က လေကြောင်းစစ်ဆင်မှု ပြုလုပ်နေခြင်းဖြစ်သည်။

အရပ်သား ၂၅ ဦးသေဆုံးပြီး ၃၉၈ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ရာ အမျိုးသမီးများနှင့် ကလေးများ အများစုပါဝင်သည်ဟု ပဏာမစာရင်းများအရ သိရကြောင်း ဟူသီတို့ ထိန်းချုပ်ဆောင်ရွက်နေသည့် သတင်းအေဂျင်စီက ပြောကြားသည်။

တိုက်ခိုက်မှုများကြောင့် သမ္မတအိမ်တော်နှင့် သံရုံးအများအပြားတည်ရှိရာ ဖက်ဂျ်အက်တန် တောင်နံဘေးရှိ ဟက်ဒါရပ်ကွက်တွင်ရှိသော ဒုံးပျံအခြေစိုက်စခန်းကို ထိမှန်ရာမှဖြစ်ပေါ်ခဲ့ပြီး ကီလိုမီတာများစွာပတ်လည်ရှိ လူနေအိမ်များ၏ပြတင်းပေါက်များပျက်စီးကာ မှိုပွင့်သဏ္ဌာန်မီးခိုးလုံးကြီးတစ်ခု ကောင်းကင်သို့ထိုးတက်သွားသည်ကို တွေ့မြင်ကြရသည်။

**(ရိုက်တာ)**



# ဆိုလာလေယာဉ်ချုံကျင်းမှ နန်ကျင်းသို့ထွက်ခွာ

**ချုံကျင်း ဧပြီ ၂၁**

ဆိုလာလေယာဉ်သည် တရုတ်နိုင်ငံ ချုံကျင်းမြို့မှ ပျံတက်ပြီး နန်ကျင်းမြို့သို့ ဦးတည်ပျံသန်းထွက်ခွာသွားသည်။

အဆိုပါလေယာဉ်သည် မတ် ၉ ရက်တွင် ယူအေအီးနိုင်ငံ အဘူဒါဘီမြို့မှ စတင်ထွက်ခွာလာရာ ယခုအခါ ကမ္ဘာ့တစ်ပတ်ပျံသန်းမှု အစီအစဉ်၏ ခြောက်နေရာမြောက် အဖြစ် ထွက်ခွာပျံသန်းခြင်းဖြစ်သည်။

Solar Impulse သည် မြန်မာနိုင်ငံမှထွက်ခွာလာပြီး နာရီအတန်ကြာ ချုံကျင်း၌ နားရန်စီစဉ်ထားခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် သုံးပတ်ခန့်ကြာ ရပ်နားခဲ့ရသည်။

အဆိုပါလေယာဉ်အဖွဲ့က နန်ကျင်း၌ ရက်အတန်ကြာ နေသွားဖွယ်ရှိသည်။ ဟာဝိုင်ရီကို ငါးရက်နှင့်ငါးညဖြတ်သန်းရန် အစီအမံများသေချာအောင်ပြုလုပ်သွားမည်ဟု ဆိုသည်။ အဆိုပါလေယာဉ်သည် အင်္ဂါနေ့ ဒေသစံတော်ချိန် နံနက် ၆ နာရီက ချုံကျင်းနိုင်ငံတကာလေဆိပ်မှ စတင်ထွက်ခွာသွားခြင်းဖြစ်သည်။

၎င်းလေယာဉ်သည် မြန်မာနိုင်ငံ မန္တလေးမှ တရုတ်နိုင်ငံ ချုံကျင်းသို့ ထွက်ခွာခဲ့သည်။ ယခုအခါ ကီလိုမီတာ ၁၂၀၀ ဝေးသည့် ဖုန်းကျင်းမြို့သို့ ဆက်လက်ထွက်ခွာလာရာ ၁၇ နာရီ ခန့်ကြာမည်ဟု ခန့်မှန်းရသည်။ နန်ကျင်းတွင် ရာသီဥတုကောင်းမွန်မှုကို စောင့်ရမည်ဖြစ်ပြီး ၁၀ ရက်ခန့် ရပ်နားထားမည်ဟု ဆိုသည်။

**(ဘီဘီစီ)**

# ပတ်ဝန်းကျင်စိန်ခေါ်မှုများကို အဖြေရှာရန် အာဆီယံလူငယ်များ ကမ္ဘောဒီးယားရောက်ရှိ

**ဖနောင်ပင် ဧပြီ ၂၁**

အရှေ့တောင်အာရှအသင်းဝင် ၁၀ နိုင်ငံကို ကိုယ်စားပြုသော အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ် အာဆီယံလူငယ်ခေါင်းဆောင် ၇၂ ဦးတို့သည် ဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဆွေးနွေးရန် ဧပြီ ၂၂ ရက်မှ ၂၅ ရက်ထိ ကမ္ဘောဒီးယား အနောက်တောင်ပိုင်း ဆီယမ်ရိဒ်မြို့၌ စုဝေးရောက်ရှိကြမည်ဖြစ်ကြောင်း အမေရိကန်သံရုံးက ထုတ်ပြန်ကြေညာသည်။

အမေရိကန်ပြည်ထောင်စုက ကြီးမှူးကျင်းပသော အရှေ့တောင်အာရှလူငယ် ခေါင်းဆောင်များ နှီးနှောဖလှယ်ပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသည် အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများ၌ ရင်ဆိုင်နေရသော ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို အသေးစိတ်သိရှိကြရန် ရည်ရွယ်သည်ဟု ဖော်ပြထားသည်။

လေးရက်တာဆွေးနွေးပွဲသည် ခေါင်းဆောင်မှုအရည်အသွေးများကို မြှင့်တင်ပေးမည်ဖြစ်ပြီး အရှေ့တောင်အာရှလူငယ်ခေါင်းဆောင်များအား ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာရပ်များကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းကောင်းများကို ပေးစွမ်းနိုင်မည်ဖြစ်သည်။ ဆွေးနွေးပွဲမှ ရရှိလာမည့် အချက်အလက်များကို လက်တွေ့ဘဝတွင် အသုံးချနိုင်ရန် ရည်ရွယ်သည်။ လူငယ်ခေါင်းဆောင်များသည် ဒေသတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်အဖြေထုတ်ကြမည်ဖြစ်သည်။

**(ဆင်ဟွာ)**

# တရုတ်၌ မိုင်းတွင်းရေလျှံမှုဖြစ် သေဆုံးသူ ရှစ်ဦးထိရှိလာ သုံးဦးကို ကယ်ဆယ်နိုင်ခဲ့

**ဒါတောင်(ကျန်ဇီ) ဧပြီ ၂၁**

ကျန်ဇီပြည်နယ်မြောက်ပိုင်းရှိ မိုင်းတွင်းတစ်ခု ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ မိုင်းတွင်းလုပ်သားလေးဦးကို ကယ်ဆယ်ခဲ့သည်။ ဆေးဘက်ဆိုင်ရာ အရေးပေါ်အကူအညီများဆောင်ရွက်ခဲ့သော်လည်း မိုင်းတွင်းလုပ်သားတစ်ဦးမှာ ဆေးရုံတွင် သေဆုံးခဲ့ရကြောင်း ကယ်ဆယ်ရေးလုပ်သားများက အင်္ဂါနေ့တွင် ပြောခဲ့သည်။

မိုင်းတွင်းလုပ်သားလေးဦးကို အင်္ဂါနေ့ နံနက်ပိုင်းက ခက်ခက်ခဲခဲ ကယ်ထုတ်ခဲ့ရပြီး ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း ကယ်ဆယ်ရေးဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောခဲ့သည်။

ကယ်ဆယ်ရေးလုပ်သား ၆၀၀ ပါဝင်သော ကယ်ဆယ်ရေးအဖွဲ့သည် အလောင်းခုနစ်လောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး အခြားမြေအောက်တွင် ပိတ်မိနေသော မိုင်းတွင်းလုပ်သား ၁၃ ဦးကို ကယ်ဆယ်ရန် ဆက်လက်ကြိုးစားဆောင်ရွက်ခဲ့သည်။

**(ဆင်ဟွာ)**

# ဂျပန်သံလိုက်ရထား ကမ္ဘာ့အမြန်ဆုံးစံချိန်တင်ခုတ်မောင်း

**တိုကျို ဧပြီ ၂၁**

ဂျပန် သံလိုက်ရထားတစ်စင်းသည် ဖူဂျီတောင်အနီး စမ်းသပ်ခုတ်မောင်းပြေးဆွဲခဲ့ရာ ၎င်း၏ ကိုယ်ပိုင်စံချိန်ကို ကျော်ဖြတ်ကာ တစ်နာရီ ၃၇၄မိုင်နှုန်းဖြင့် စံချိန်တင် အမြန်နှုန်းကို ခုတ်မောင်းနိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ သံလိုက်အမြန်ရထားသည် လွန်ခဲ့သောသီတင်းပတ်က တစ်နာရီ ၅၉၀ ကီလိုမီတာနှုန်းဖြင့် အမြန်ဆုံးစံချိန်တင်ထားရာမှ ထပ်မံ၍ တစ်နာရီ ၆၀၃ ကီလိုမီတာနှုန်းဖြင့် ခုတ်မောင်းနိုင်ခဲ့သည်ဟု ဆိုသည်။ ၎င်းသံလိုက်ရထားကို အမြန်နှုန်းမြင့် ခုတ်မောင်းနိုင်ရန် လျှပ်စစ်သံလိုက်နည်းပညာကို အသုံးပြုထားသည်။


ဂျပန်မီးရထား ဗဟိုဌာနက တိုကျိုမြို့နှင့် နာဂိုယာမြို့အကြား ပြေးဆွဲလျက်ရှိသော မီးရထားတွဲများကို ၂၀၂၇ ခုနှစ်တွင် အမြန်ဆုံးပြေးဆွဲပေးနိုင်မည့် စံချိန်ကို စမ်းသပ်နေခြင်းဖြစ်သည်။ ကီလိုမီတာ ၂၈၀ ကွာဝေးသော ခရီးတစ်ခုကို မိနစ် ၄၀ ဖြင့် သွားရောက်နိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ရာ လက်ရှိအချိန်ထက် အချိန်တစ်ဝက်လျှော့ချနိုင်မည်ဟု ဆိုသည်။

သို့သော်လည်း ခရီးသွားဧည့်သည်များအနေဖြင့် ၎င်းရထားဖြင့် စီးနင်းလိုက်ပါနိုင်ရန် အတွေ့အကြုံများ လိုအပ်လိမ့်မည်ဖြစ်ကြောင်း၊ သံလိုက်ရထားများသည် အနည်းဆုံးတစ်နာရီ ၅၀၅ ကီလိုမီတာ ခုတ်မောင်းလိမ့်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ ဂျပန်နိုင်ငံသည် ပင်လယ်ရပ်ခြားသို့ သံလိုက်ရထားနည်းပညာကို ရောင်းချရန်လည်း မျှော်လင့်ထားသည်။

**(ဘီဘီစီ)**



# အရှိန်မထိန်းနိုင်သောယာဉ် လမ်းလယ်ကျွန်းကာရံထားသည့် ဘာရီယာတုံးများအား ဝင်ရောက်တိုက်မိ



**နေပြည်တော် ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၂၆၈/ ၀-၁)ကြားတွင် ဧပြီ ၁၉ ရက် နံနက် ၄ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပေပင်လေးအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ရန်ကုန်မှ မန္တလေးသို့ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နေ ဦးဌေးဝင်း(၅၅ နှစ်) မောင်းနှင်လာသော 6I/----- VAN GUARD အနက်ရောင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကာရံထားသည့် ဘာရီယာတုံးများကို ဝင်ရောက်တိုက်မိ ရပ်တန့်ခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်မိမှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်၏ ရှေ့ဘန်ပါကွဲ၊ တိုက်ရှေ့ပြုတ်၊ ရှေ့ခေါင်းပိုင်းကြေမွ ပျက်စီးဆုံးရှုံးခဲ့သောကြောင့် ဦးဌေးဝင်းကို ပေပင်လေးအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ချင်းပြည်နယ်တွင် ပါဂျဲရိုးယာဉ် ပေ ၅၀၀ ခန့်အနက်ရှိ ချောက်ထဲသို့ထိုးကျ

**နေပြည်တော် ဧပြီ ၂၁**

ချင်းပြည်နယ် တီးတိန်မြို့နယ် ဇောင်ကောင်ကျေးရွာနှင့် ဖလမ်းမြို့နယ် ဗားရ်လုံကျေးရွာကြားတွင် ဧပြီ ၂၀ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ က ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ တီးတိန်မြို့နယ် ထုတ်လှိုင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ကလေးမြို့မှ ဖလမ်းမြို့သို့ တီးတိန်မြို့နယ် သိုင်းငင်းရွာနေ ဦးကျင်ချန့်နန်(၄၃ နှစ်) မောင်းနှင်လာသော YGN-9C/---- ပါဂျဲရိုး စိမ်းပုပ်ရောင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက် အနက် ပေ ၅၀၀ ခန့်ရှိ ချောက်ထဲသို့ ထိုးကျ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ထိုသို့ တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် ယာဉ်မောင်း ဦးကျင်ချန့်နန်နှင့် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်နေ ဦးဂျိမ်းစ်ခိုင်တွာလ်(၃၈ နှစ်)တို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး တစ်ရပ်ကွက်တည်းနေ မောင်ပုမ်ကိမ်းခိုင်(၁၄ နှစ်)နှင့် မောင်ပုမ်ဆွမ်ပေါင်(၁၆ နှစ်)တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဖလမ်းပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ကာ ယာဉ်မဆင်မခြင် မောင်းနှင်သူ ဦးကျင်ချန့်နန်ကို တီးတိန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# လင်မယားရန်ဖြစ်ရာမှ ယောက်ျားဖြစ်သူက မိန်းမကို ဓားဖြင့်ခုတ်သတ်

**မင်းလှ ဧပြီ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ထောက်ကြန့် အုပ်စု ဆားချောင်းကျေးရွာတွင် ဧပြီ ၂၀ ရက် မွန်းလွဲပိုင်းက လင်မယားစကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွားခဲ့သည်။

ဦးတင်နှောင်း(၅၅ နှစ်) ကျပန်းအလုပ်လုပ်ကိုင်သူနှင့် ဒေါ်အေးငြိမ်း(၅၅ နှစ်) ကျပန်းအလုပ်လုပ်ကိုင်သူတို့ လင်မယားချင်း စကားများရန်ဖြစ်ရာမှ ဦးတင်နှောင်းမှာ အရက်မူးလွန်ကာ စိတ်မထိန်းနိုင်ဘဲ ဇနီးဖြစ်သူ ဒေါ်အေးငြိမ်းကို ဓားဖြင့်ခုတ်သတ်ခြင်းကြောင့် ဒဏ်ရာများနှင့် သေဆုံးသွားကြောင်း၊ ပြစ်မှုကျူးလွန်သူကို မင်းလှမြို့နယ် စစ်ကွင်းရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပေါက်စ(iprd)**

# ထိုင်းနိုင်ငံတွင် ငါးဖမ်းစက်လှေမီးလောင် မြန်မာအလုပ်သမားနှစ်ဦးသေဆုံး၊ ငါးဦးဆေးရုံတင်ပို့ရ

**ဖန်ငဧပြီ ၂၁**

ထိုင်းနိုင်ငံတောင်ပိုင်း ဖန်ငခရိုင် တကွန်ပါမြို့နယ်ရှိ နံယွန်ငါးဖမ်းလှေဆိပ်၌ ရှိနေသောငါးဖမ်းစက်လှေတစ်စင်းမှာ ဘက်ထရီအိုးပေါက်ကွဲခဲ့သဖြင့် မြန်မာအလုပ်သမားနှစ်ဦး သေဆုံးပြီး ငါးဦးမှာ လက်ရှိအတွင်းလူနာအဖြစ် ဆေးဝါးကုသခံနေရကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) မှ သိရသည်။

ဖြစ်စဉ်မှာ ပြီးခဲ့သည့် ထိုင်းနိုင်ငံတောင်ပိုင်း ဖန်ငခရိုင် တကွန်ပါမြို့နယ်ရှိ နံယွန်ငါးဖမ်းလှေဆိပ်၌ရှိနေသော ငါးဖမ်း စက်လှေတစ်စင်းမှာ ဧပြီ ၁၀ ရက် ဒေသစံတော်ချိန် ည ၈ နာရီခန့်က လှေရပ် နားထားခိုက် မြန်မာအလုပ်သမားများ အိပ်ပျော်နေစဉ် အလုပ်သမားများ အိပ်ခန်းအတွင်းထားရှိသော ဘက်ထရီအိုးကြီး ခြောက်လုံးအနက် သုံးလုံးမှာ ပေါက်ကွဲပြီး မီးလောင်မှုဖြစ်ပွား ခဲ့သည်။ မီးလောင်ဒဏ်ရာရရှိသွားကြသည့် မြန်မာအလုပ်သမားခုနစ်ဦးအနက် ဖူးခက်ဆေးရုံသို့ နှစ်ဦးအားလည်းကောင်း၊ ရနောင်းဆေးရုံသို့ နှစ်ဦးအားလည်းကောင်း၊ တကွန်ပါဆေးရုံသို့ သုံးဦးအားလည်းကောင်း အသီးသီးပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

မီးလောင်ဒဏ်ရာရရှိသူများထဲမှ ရနောင်းဆေးရုံတွင် လက်ရှိတင်ပို့ကုသနေရသော မြောက်ဦးမြို့နယ် ပြိုင်းချရွာနေ ဦးသိန်းရွှေ(၄၄ နှစ်)၊ ဦးလှသိန်းထွန်း(၄၃ နှစ်)၊ တကွန်ပါဆေးရုံတွင် လက်ရှိကုသနေရသော ကိုအောင်စိုးမင်း(စိုးရိမ်ရ) (၂၄ နှစ်)၊ မောင်မောင်သိန်း (၂၆ နှစ်)၊ တကွန်ပါဆေးရုံတွင် လက်ရှိကုသနေရသော ဦးဝင်းလှိုင်(စိုးရိမ်ရ) (၃၆ နှစ်)နှင့် မြောက်ဦးမြို့နယ် ရွှေကျင်ပြင်ရွာမှ ဦးသန်းဝင်း (၃၉ နှစ်) (ဧပြီ ၁၉ ရက်က ဖူးခက်ဆေးရုံတွင် ကွယ်လွန်)နှင့် မြောက်ဦးမြို့နယ် ပြိုင်းချရွာမှ ဦးတင်ဝင်း (၃၉ နှစ်) (တကွန်ပါဆေးရုံတွင် ဧပြီ ၁၅ ရက်က မီးလောင်ဒဏ်ရာဖြင့် ကွယ်လွန်)တို့ ဖြစ်ကြောင်း သိရသည်။ ရနောင်းဆေးရုံတွင် ဆေးဝါးကုသခံနေခဲ့ရသော ဦးသိန်းရွှေနှင့် ဦးလှသိန်းထွန်းတို့မှာ ဧပြီ ၂၀ ရက်က နံယွန်ငါးဖမ်းလှေဆိပ်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြပြီး ပြင်ပလူနာများအဖြစ် ဧပြီ ၂၁ ရက်က နံယွန်ဆေးရုံသို့ ထပ်မံသွားရောက်ကုသခံနေကြဆဲဖြစ်ကြောင်း သိရသည်။

သေဆုံးသူ မြန်မာအလုပ်သမား ဦးသန်းဝင်း၏ အစ်ကိုတော်စပ်သူ မြန်မာအလုပ်သမားခေါင်းဆောင်က "သေဆုံးသွားသူတွေအတွက် ငါးဖမ်းစက်လှေပိုင်ရှင်ကတော့ လောလောဆယ်ဘာမှမပြောသေးပါဘူး။ အခြားလူရအောင်ရှာပြီး လှေထွက်ဖို့ပဲ ပြောနေပါတယ်။ ဒီနေ့လှေထွက်ရပါမယ်။ လှေပေါ်မှာဖြစ်တဲ့ကိစ္စကို လှေပိုင်ရှင်အနေနဲ့ တစ်စုံတစ်ခုတော့ တာဝန်ယူဖြေရှင်းစေချင်ပါတယ်" ဟု ပြောသည်။

အဆိုပါ ငါးဖမ်းလှေတွင် မြန်မာအလုပ်သမားပေါင်း ၃၀ ရှိနေကြောင်း သိရပြီး မြန်မာအလုပ်သမားများအိပ်ခန်းအတွင်းထားရှိနေသော ဘက်ထရီအိုးများ ပေါက်ကွဲမီးလောင်ခဲ့ခြင်းဖြစ်ကာအခြားမြန်မာလှေလုပ်သားများမှာလည်း နေရာတစ်ခုတည်း၌ မရှိသဖြင့် သက်သာရာရရှိခဲ့ကြသည်ဟု လှေလုပ်သားများက ပြောခဲ့ကြောင်း သိရသည်။

**စိုးဝင်း(SP)**

နိုင်ငံတကာသတင်း

# အီဂျစ်သမ္မတဟောင်း မော်စီ ထောင်ဒဏ်နှစ် ၂၀ ချမှတ်ခံရ

**ကိုင်ရို ဧပြီ ၂၁**

ယခင်သမ္မတဟောင်း မိုဟာမက်မော်စီကို ၎င်းအုပ်ချုပ်နေစဉ်အတွင်း ၎င်းကို ဆန့်ကျင်သူများအား ဖမ်းဆီးမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုတို့အတွက် အီဂျစ်တရားရုံးတစ်ခုက ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ခဲ့သည်။ ယခုကဲ့သို့ ထောင်ဒဏ်ချမှတ်ခြင်းသည် ၎င်းဖြုတ်ချခံရပြီးနောက် တရားခွင်များစွာ၌ အမှုရင်ဆိုင်ခဲ့ရပြီး ပထမဦးဆုံး ထောင်ဒဏ်ချမှတ်ခံရခြင်းဖြစ်သည်။ ၎င်း၏ အုပ်ချုပ်မှုကို လူပေါင်းများစွာတို့က ကန့်ကွက်ဆန္ဒပြခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် အီဂျစ်တပ်မတော်က ၎င်းအား ဖြုတ်ချခဲ့သည်။ ထိုအချိန်မှစ၍ အာဏာပိုင်များက မူဆလင်ဘရားသားဟုဒ် လှုပ်ရှားမှုများကိုပိတ်ပင်ခဲ့ပြီး ၎င်းကိုထောက်ခံသူထောင်ပေါင်းများစွာကို ဖမ်းခဲ့သည်။

မော်စီနှင့် အခြားဘရားသားဟုဒ်အဖွဲ့ဝင် ၁၄ ဦးတို့သည် ကန့်ကွက်ဆန္ဒထုတ်ဖော်သူများကို သတ်ဖြတ်ရန် လှုံ့ဆော်မှုအတွက် သေဒဏ်ချမှတ်နိုင်သည့် စွဲချက်များက ကင်းလွတ်ခဲ့သည်။ အခြားသော တရားခံအများစုမှာ ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ခြင်းခံရသည်။ ၎င်း၏ ဥပဒေအကျိုးဆောင်အဖွဲ့ကမူ အယူခံဝင်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

**(ဘီဘီစီ)**



နေပြည်တော် သပြေကုန်းဈေး ရွှေတောင်ကြီးစားသောက်ဆိုင်အနီး ကုန်းပေါ်မှ ကားတစ်စီး အရှိန်လွန်ထိုးကျနေမှုကို ဧပြီ ၂၁ ရက်က တွေ့ရစဉ်။ ကိုမျိုး(ရွှေပေါက်ကံ)




# ပြည်သူ့စွမ်းအား၊ တိုင်းပြည်အား

ချစ်နိုင်(စိတ်ပညာ)

**ပင်စင်စားနှစ်ဦး**

"ဟေ့ ကိုချစ်နိုင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲက နိုဝင်ဘာလထဲမှာ ကျင်းပမယ်ဆို"

"အဲသလို ကြားတာပဲ"

"ဟ -ဒါဆို ခုနစ်လ ရှစ်လလောက်ပဲ လိုပါတော့လား"

"မှန်တာပေါ့"

"အောက်တိုဘာလကုန် နိုဝင်ဘာလရှေ့ပိုင်းကာလ ထဲမှာ ပါတီစုံအထွေထွေရွေးကောက်ပွဲဟာ လုပ်ဖြစ်ပါ့မလား"

"ဘာဖြစ်လို့လဲ"

"သိဘူးလေကွာ။ ပြဿနာတစ်ခုပြီး တစ်ခုရှာပြီး အေးအေးချမ်းချမ်း ငြိမ်ငြိမ်ဆိမ်ဆိမ်မရှိအောင် တမင်ဆွနေဖွနေတဲ့ လူတွေရှိနေတော့ ပြည်သူအများမှာ စိုးရိမ်စိတ်ပွားရတယ်ဟ။ ဖြစ်မှဖြစ်ပါတော့မလား"

**နိုင်ငံရေးလောက**

"အေးကွယ်၊ သူငယ်ချင်းပြောတာလည်း သဘာဝကျပါတယ်။ နိုင်ငံရေးလောကထဲမှာ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုတာမျိုး ဖြစ်တတ်ပါတယ်။ နိုင်ငံရေးဆိုတာ လူဆိုးလူပေ၊ လူလိမ်လူကောက်တွေရဲ့ ကွန်းခိုရာပဲလို့ လျှာချော်ပြီး ပြောမိလိုက်တဲ့ ဗြိတိသျှဗိုလ်ချုပ်ကြီး လော့ဒ်လူးဝစ်(စ်) မောင့်ဘက်တန်ကို ကမ်းနားလမ်း၊ စထရင်းဟိုတယ်ပွဲတစ်ပွဲမှာ (မူလအစီအစဉ်ထဲမှာ မပါဘဲ) ဗိုလ်ချုပ်အောင်ဆန်းက ထလာပြီး ရုတ်တရက်စကားပြောခွင့်တောင်းကာ "နိုင်ငံရေးဆိုတာ ပရဟိတလုပ်နိုင်စွမ်းရှိတဲ့ ပညာရှိသူတော်ကောင်း၊ လူတော်လူကောင်းတွေလုပ်ရတဲ့ အလုပ်မျိုးဖြစ်ကြောင်း၊ သို့ရာတွင် တစ်ယောက်တလေ၊ တစ်ဖွဲ့တလေက ညစ်ပတ်တာနဲ့ လူညစ်လူလိမ်တွေ လုပ်နေကြတဲ့ လောကလို့မပြောနိုင်ကြောင်း"

"ဟ - ဗိုလ်ချုပ်က အင်္ဂလိပ်လို ထပြောတာလား"

"ဒါပေ့ါ။ အင်္ဂလိပ်လို ပီပီသသ ပိုင်ပိုင်နိုင်နိုင်နဲ့ ပြောတာဗျ။ ဥပမာတောင် သာဓကတစ်ခု ဖော်ပြလိုက်သေး"

"ဘာတဲ့လဲ"

"ဒီအဆောက်အအုံ (ကမ်းနားလမ်း၊ စထရင်းဟိုတယ်) ဆင်ဝင်လှေကားမှာ ညအခါ ခွေးတွေလာအိပ်ကြတယ်ဆိုပါစို့။ ဒါကြောင့်မို့ ဒါကို ခွေးအဆောက်အအုံ၊ ခွေးဂေဟာလို့သတ်မှတ်ရင် လွဲမှားသွားမှာပါတဲ့။ အနောက်တိုင်းအယူအဆနဲ့ မြန်မာအယူအဆ မတူကြတာလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်တဲ့။ ကမ္ဘာ့အရှေ့တိုင်းက မြန်မာပြည်ရဲ့ ယဉ်ကျေးမှုအစဉ်အလာမှာတော့ နိုင်ငံရေးကို ခေါင်းဆောင်လုပ်ကြတဲ့ လူစားဟာ တိဟိတ်ပုဂ္ဂိုလ်တဲ့ ဗိုလ်ချုပ်က အင်္ဂလိပ်နားလည်အောင် ပါဠိကိုအင်္ဂလိပ်ဘာသာပြန်ပြီး သေသေချာချာ ရှင်းပြပါသေးတယ်။ သူက ဆယ်တန်းစာမေးပွဲမှာ ပါဠိဘာသာနဲ့ မြန်မာစာ၊ နှစ်ဘာသာဂုဏ်ထူးထွက်ပြီး အောင်ခဲ့တဲ့လူလေ"

"အားရတယ်ကွာ။ ဗိုလ်ချုပ်ဟာ သူမှန်တယ်ထင်တာကိုတော့ ရဲရဲဝံ့ဝံ့ပြောတယ် လုပ်တယ်။ နေပါဦး ဗိုလ်ချုပ်ကြီး မောင့်ဘက်တန် စိတ်ဆိုးသွားရောလား"

**မှားရင်ဝန်ခံ၊ အမြန်ပြုပြင်**

"မရင့်ကျက်တဲ့လူဆိုရင်တော့ ငါပြောတဲ့စကားကို ချက်ချင်းထပြီး ဆန့်ကျင်ကန့်ကွက်ရ ကောင်းလားဆိုပြီး ဒေါသဖြစ်မှာပဲကွ။ စိတ်ဆိုးချင်စရာပါပဲ။ လော့ဒ် မောင့်ဘက်တန်က ကမ္ဘာ့အရှေ့ပိုင်းစစ်မျက်နှာတစ်ခုလုံးတာဝန်ခံကွပ်ကဲနေတဲ့ (ဆွေကြီးမျိုးကြီး) ဗြိတိသျှစစ်သူကြီးဗျ။ အမှန်အမှားကို ခွဲခြားဝေဖန်တတ်ပါတယ်။ အခမ်းအနားမပြီးမီ နိဂုံးချုပ်မိန့်ခွန်းပြောကြားတဲ့အခါ ဒီပွဲမှာ တန်ဖိုးအရှိဆုံးစကားကို ပြောကြားခဲ့တဲ့သူကတော့ ဗိုလ်ချုပ်အောင်ဆန်းပဲဖြစ်ကြောင်း၊ အဖွင့်အမှာစကားမှာ၊ သူပြောမိခဲ့တာဟာ လျှာချော်ပြီးမှားသွားခဲ့ကြောင်း၊ ပြန်လည်ရုပ်သိမ်းပါကြောင်း ထုတ်ဖော်ဝန်ခံသွားပါတယ်"

"အတုယူစရာ ချီးကျူးစရာပါပဲကွာ"

"နိုင်ငံ့အရေးကို လုပ်နေကြသူမှန်သမျှဟာ နိုင်ငံရေးကိစ္စ၊ နိုင်ငံရေးအလုပ်တွေချည်းပေ့ါကွယ်။ နိုင်ငံရေးသမားမှ နိုင်ငံရေးလုပ်နေတာမဟုတ်ပါဘူး။ စျေးသည်၊ ကုန်သည်၊ ယာဉ်မောင်း၊ နွားကျောင်းသား၊ လယ်သမား၊ တောင်သူ၊ အလုပ်သမား၊ အစိုးရ အမှုထမ်း၊ အရာထမ်း၊ ဆရာဝန်၊ ရှေ့နေ၊ ပြည်သူပြည်သားအားလုံး လုပ်နေကြသမျှ နိုင်ငံ့အရေး၊ နိုင်ငံရေးပါ"

**ရိုးဖြောင့်ဖြူစင်**

"အေးကွ၊ ငါတော့ရိုးရှင်းခြင်း၊ ကောင်းမြတ်ခြင်းနဲ့ မှန်ကန်ခြင်းတို့မရှိရင် ကြီးမြတ်ခြင်းလည်း မရှိနိုင်ဘူးဆိုတဲ့ ရုရှားစာရေးဆရာ လီယိုတော်စတွိုင်းရေးခဲ့တာကို မှတ်မိနေတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အကြီးမြတ်ဆုံးဂုဏ်ပုဒ်များစွာအနက်မှာ ရိုးသားဖြောင့်မတ်ခြင်း၊ ကိုယ်ကျင့်တရားဖြူစင်ခြင်းနဲ့ အမှန်တရားကိုမြတ်နိုးခြင်းဟာ ငါတို့အားလုံးအတုယူရမယ့် အရာတွေပဲကွာ"

"မသိနားမလည်တာကို သင်လို့ရတယ်ကွ။ မရိုးဖြောင့်တာကိုတော့ ပြင်လို့ရမရ ငါလည်းမပြောတတ်ဘူး"

"ထားပါကွာ။ စကားက ဘေးချော်နေလားမသိ။ ၂၀၁၅ နိုဝင်ဘာလ ပြည်လုံးကျွတ်အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်အထမြောက်ပါ့မလားလို့ မင်းကို မေးတာပါ။ အဲဒါဖြေ"

"ငါက အနာဂတ်ကိုကြိုမြင်တဲ့ဗေဒင်ဆရာ မဟုတ်ပေမယ့် ၂၀၁၅ အတွင်းမှာ ကမ္ဘာကြီးမပျက်စီးပါဘူးကွာ။ ဒါကို ငါရဲရဲပြောနိုင်ပါတယ်။ မပူနဲ့။ ၂၀၁၅ နိုဝင်ဘာလ ပထမပတ် (သို့) ဒုတိယပတ်ထဲက တစ်ရက်ရက်မှာ အထွေထွေရွေးကောက်ပွဲဟာ မုချမသွေ ထမြောက်အောင်မြင်မယ်လို့ ငါထင်တယ်။

**မုချအောင်မြင်**

"ဒါဆိုဆက်ဖြေဦးကွာ။ ဘာကြောင့်လဲ"

"လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်မြောက်အောင် အားလုံးက တစ်သွေးတစ်သံတည်း ညီညာပြင်းပြတဲ့ဆန္ဒနဲ့ ထက်သန်နေကြလို့ဆိုချင်တာပဲ"

"နေပါဦးကွ။ အားလုံးကဆိုတာ ဘယ်သူတွေလဲ"

"စာရင်းထိုးပြီးပြောပြရရင်-

အမှတ်စဉ်(၁)က **အစိုးရ**ပေ့ါကွယ်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ဟာ ကိုယ်ကျင့်တရားရော ဉာဏ်ပညာအမြော်အမြင်ပါ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ အောင်မြင်အောင် ကျင်းပဆောင်ရွက်ပေးနိုင်လိမ့်မယ်"

" ဟ- ပြည့်ပြည့်ဝဝ ယုံကြည်စိတ်ချတယ်လား"

"သူငယ်ချင်း-ငါ့ကိုမမေးနဲ့။ ပြည်သူလူထု အများစုကိုမေး။ နမူနာကောက်ကြံရာကျပန်းလူ ၆၂၅ ယောက်လောက်မေးကြည့်လိုက်"

"ဘာဖြေကြမလဲ"

" အများစုဖြေမှာကတော့ ဒီအစိုးရဟာ ၂၀၁၅ ဒီမိုကရေစီရွေးကောက်ပွဲကို သေချာပေါက်အောင်မြင်အောင် လုပ်ဆောင်နိုင်စွမ်းရှိတယ်လို့ပေ့ါဟ"

" နိုင်ငံတကာရဲ့ အမြင်မှာရော"

" အာဆီယံရော၊ အိမ်နီးချင်းနိုင်ငံနဲ့ အာရှ၊ ဥရောပ၊ အမေရိက၊ ကမ္ဘာ့နိုင်ငံခေါင်းဆောင်တွေ အားလုံးက ဦးသိန်းစိန်အစိုးရဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို သေချာပေါက်လုပ်ပေးမှာဆိုတာ ယုံကြည်မျှော်လင့်ထားကြတယ်"

**ပြည်သူ့ဆန္ဒ**

"အေး-ထားပါတော့ကွာ။ ဆက်ပြောပါဦး"

"လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲအောင်မြင်ဖို့ဆိုတာ အစိုးရတစ်ခုတည်း မပြီးသေးဘူး သူငယ်ချင်းရ။ ပြည်သူတွေရဲ့ သူ့နေရာနဲ့သူစနစ်တကျ ပူးပေါင်းပါဝင်မှုလည်းလိုတယ်"

" ဟုတ်ပြီ။ အမှတ်စဉ်( ၂) ပြည်သူလူထုပေ့ါကွာ"

"အမှတ်စဉ် (၃)က နိုင်ငံရေးပါတီများ"

"အေး -အဲဒီထဲမှာ အဆန်ချောင်တဲ့ ဂဂျီးဂဂျောင် တချို့လူတွေ ထင်ရာမြင်ရာစိုင်းနေကြတာတွေ မြင်နေရတယ်။ ပြည်သူတွေ အေးအေးချမ်းချမ်းပျော်ပျော်ရွှင်ရွှင်ဖြစ်ဖို့ အဓိကကျတာ"

"မပူနဲ့၊ နိုင်ငံရေးပါတီတွေရဲ့ ကျင့်ဝတ်ကို သူတို့ကိုယ်တိုင်စုပေါင်းပြီး ရေးဆွဲနေကြပြီ။ နိုင်ငံရေးသမားအချင်းချင်းပဲ ထိန်းကျောင်းနိုင်ကြမှာပါ"

"နောက်ဘာတွေလိုသေးလဲ"

"စာနယ်ဇင်းနဲ့ မီဒီယာများ. . . အမှတ်စဉ် (၄)"

"အေး-ဒါလည်းရင်လေးတယ်။ တစ်ဖက်စောင်းနင်း မီဒီယာသမားတွေ၊ ဂျာနယ်လစ်တွေ၊ အများကြီးတွေ့ရတယ်။ တစ်စိတ်ကိုတစ်အိတ်ရေးလိုရေး၊ ဆင်ကိုဆိတ်ပြောလို့ပြော၊ သူထင်ရာမြင်ရာတွေ စွတ်ရေးနေတဲ့ မီဒီယာတချို့ကို ကိုယ်တို့မြင်နေရတယ်ဟ။ မီးလောင်ရာလေပင့်ချင်ကြသဗျ"

"ဒါလည်းမပူနဲ့။ ပြည်သူဟာ အမှန်အမှား၊ အကောင်းအဆိုးတဖြည်းဖြည်း ခွဲခြားဝေဖန်တတ်သွားမှာပါ"

"နောက်ဘာကျန်သေးလဲ"

"အမှတ်စဉ်(၅) လူမှုအဖွဲ့အစည်းများ"

"ဟေ-လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ရာ လူမှုအရပ်ဘက် အသင်းအပင်းအဖွဲ့အစည်းတွေ အားလုံးရဲ့ ဘက်မလိုက်ဘဲ မျှမျှတတ၊ မှန်မှန်ကန်ကန် ပါဝင်ကူညီကြဖို့လား။ Impartial သမာသမတ်ကျရမယ်ဆိုတာတော့ သိနေလောက်ပါရဲ့နော်" (လူကျင့်ဝတ်နီတိ၊ မသိဘဲ ဘယ်နေကြမလဲ)

**ကော်မရှင်**

"အမှတ်စဉ်(၆)ကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ပါပဲ"

"အေးဟ။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲနဲ့ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွေ အတွေ့အကြုံရှိလာခဲ့ကြပြီဆိုတော့ ၂၀၁၅ မှာ ပိုပြီးတိတိကျကျနဲ့ မှန်မှန်ကန်ကန်ဖြစ်လာမယ် ထင်ရတာပဲ"

"တရားမျှတပြီး လွတ်လပ်တဲ့ရွေးကောက်ပွဲဖြစ်အောင် ကြိုးစားဆောင်ရွက်ကြလိမ့်မယ်ဆိုတာကို ကိုယ်တော့အကြွင်းမဲ့ယုံကြည်တယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး(မန္တလေးမြို့ဇာတိ) ကို လွန်ခဲ့တဲ့အနှစ် ၂၀ ကျော်ကပင် တွေ့ဖူးတယ်။ ယုံကြည်စိတ်ချရတဲ့ပုဂ္ဂိုလ်ဆိုတာ ကိုယ်ပြောနိုင်ပါတယ်။ အလားတူပဲ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို (စာရေးဆရာ၊ ကဗျာဆရာ) ဆိုလည်း ရင်းရင်းနှီးနှီးသိကျွမ်းပါတယ်။ စာပေသမားဗျ။ ၁၉၉၆ ခုတုန်းက အမျိုးသားစာပေဆုတွေ အတူတက်ယူခဲ့ကြဖူးပါတယ်။ အများယုံကြည်လေးစားခံရတဲ့ ပုဂ္ဂိုလ်များရဲ့ ကိုယ်ကျိုးမပါ၊ စေတနာ့ဝန်ထမ်း Volunteer တာဝန်ယူနေကြတဲ့ အစဉ်အလာကိုအပြည့်အဝ စိတ်ချပါတယ်"

**စိတ်ချမ်းသာ**

"အေးကွာ။ မင်းပြောတာကြားရတော့ စိတ်ချမ်းသာသွားရပါရဲ့။ ရွေးကောက်ပွဲကြီးကို ပွင့်လင်းမြင်သာပြီး တရားမျှတလွတ်လပ်မှုရှိအောင် လုပ်ဆောင်ကြမှာ ယုံကြည်လိုက်ပါပြီ။ မသိလို့မေးပါရစေကွာ။ သူငယ်ချင်းမို့မေးတာပါ။ ရွေးကောက်ပွဲမှာ အမျိုးသမီးများ မသန်စွမ်းသူများ၊ လူနည်းစုတိုင်းရင်းသားများ တန်းတူညီမျှ ပါဝင်ခွင့်ရကြရဲ့လား"

"လွှတ်တော်ကိုယ်စားလှယ်လောင်းအနေနဲ့ ဖြစ်စေ၊ မဲပေးခွင့်မှာဖြစ်စေ၊ အများနည်းတူ၊ တန်းတူရည်တူ ပါဝင်ခွင့်တွေ ရစေရပါမယ်။ အာမခံတယ်"

"အေးအေး ကောင်းပါလေ့ဗျာ။ ရွေးကောက်ပွဲမှာ မဲစာရင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှာ (သို့) ရပ်ကွက်ကော်မတီရုံးရှေ့မှာ ကြိုတင်ပြီးကပ်ပေးထားဦးမယ်ဆို"

"ဟုတ်တယ်"

"အဲဒီထဲမှာ ငါ့နာမည်မပါဘူးဆိုရင်ရောကွာ"

**နာမည်မပါရင်**

"ကောင်းတယ်ဟေ့၊ ဒီမေးခွန်းဟာ အရေးကြီးတယ်ဗျ"

"တစ်ပတ်ဆယ်ရက် မဲဆန္ဒရှင်စာရင်း ကပ်ထားရာကို ကြိုကြိုတင်တင်လူတိုင်းသွားကြည့်ရမယ်။ ကိုယ့်နာမည်မပါသေးရင် မင်းက ချက်ချင်းရပ်ကွက်ကော်မရှင်အဖွဲ့ကို နှုတ်နဲ့စာနဲ့တင်ပြပေ့ါ"

"ဟုတ်ပြီ။ မိမိရဲ့အချက်အလက်များ ဖော်ပြထားတာ မှားနေတာတွေ့ရရင်ရော"

" ပြင်ဆင်လိုကြောင်းပြောပေ့ါ"

"မဲဆန္ဒရှင်စာရင်းမှာ နှစ်ကြိမ်ထပ်ပါနေတာမျိုး၊ မပါသင့်တဲ့လူတစ်ဦးဦး ပါနေတာမျိုး တွေ့ရရင်ရော ဘာလုပ်ရမလဲ"

" ရပ်ကွက်ကော်မရှင်ကို ကန့်ကွက်ပါ။ ကန့်ကွက်နိုင်ပါတယ်။ အမှန်ဖြစ်အောင် ပြင်ပေးပါလိမ့်မယ်"

"အောင်မယ်။ တယ်ဟုတ်ပါလား။ မဲရုံက ဘယ်အချိန်တွေဖွင့်မှာလဲ"

**အချိန်၊ နေရာ**

"နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ မဲပေးကြရတဲ့နေ့ကျမှ ကျုပ်အမည်မပါဘူးဆိုတဲ့ ပြဿနာ တမင်ရှာတဲ့ အပေါက်မျိုးမချိုးနဲ့"

"မဲရုံက ဘယ်မှာလဲ"

" အဲဒါသိအောင် မင်းဘာသာမင်းကြိုကြည့်ထား"

"လွှတ်တော်တစ်ရပ်စီအတွက် ကိုယ်စားလှယ်လောင်း တစ်ဦးစီကိုပဲ မဲပေးရမှာပေ့ါ၊ ဟုတ်လား"

"ဟုတ်တယ်။ ကိုယ်နှစ်သက်တဲ့ ကိုယ်စားလှယ်လောင်းရဲ့ အမည်နဲ့ပါတီအမှတ်အသားတည့်တည့်မှာရှိတဲ့ လေးထောင့်ကွက်ထဲမှာ အမှန်အမှတ်အသားပါရှိတဲ့ တံဆိပ်တုံးလေးနှိပ်ပြီး မဲပေးရမယ်"

"ဟင်း-ဘောလ်ပင်နဲ့ မခြစ်ရတော့ဘူးပေ့ါ"

**မခြစ်ရ**

"ခြစ်စရာမလိုဘူး။ တံဆိပ်တုံးလေးနှိပ်ပြီး မဲပေးရမှာ။ မဲလက်မှတ်ကို ဖရောင်းသုတ်ထားပါတယ်ဆိုတာမျိုး ဘာဘာညာညာ လုပ်ကြံစွပ်စွဲလို့ မရတော့ဘူးကွာ"

"မဲပေးပြီးရင် မဲပုံးထဲထည့်ခဲ့ရမှာ၊ ဟုတ်လား"

"ဟုတ်တယ်။ သတ်မှတ်တဲ့ မဲပုံးထဲထည့်ခဲ့"

"အေး- ရွေးကောက်ပွဲမဲပေးရတာ ရှင်းလင်းလွယ်ကူပါတယ်။ ပြည်သူလူထုအကျိုးအတွက် အမှန်တကယ် ကိုယ်စားပြုလုပ်ဆောင်နိုင်မယ့် ကိုယ်စားလှယ်ကောင်းကို ရွေးနိုင်ဖို့ပဲ။ တိုင်းပြည်ရဲ့ မျက်နှာကို ထောက်သောအားဖြင့် အစိုးရ၊ ကော်မရှင်၊ ပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနဲ့ မီဒီယာများအားလုံးဟာ သမာသမတ်ကျစွာ ပါဝင်ကြမယ် ယုံကြည်ပါတယ်"

"ဒါဟာ ပြည်သူတစ်ဦးချင်းစီရဲ့ လွတ်လပ်တဲ့ဆန္ဒနဲ့ ရွေးကောက်ပွဲပါပဲ။ မဲဆန္ဒရှင်တစ်ဦးချင်းက နိုင်ငံနဲ့လူမျိုးရဲ့ အနာဂတ်ကောင်းကျိုးကို တကယ်လုပ်မယ့်လူကို ရွေးတတ်ကြဖို့ လိုပေလိမ့်မယ်။ တိုင်းပြည်ရဲ့ အနာဂတ်က ပြည်သူတွေရဲ့လက်ထဲမှာပဲ။ ဒါဟာ ဒီမိုကရေစီ။"

> **လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ အောင်မြင်ဖို့ဆိုတာ အစိုးရတစ်ခုတည်း မပြီးသေးဘူး သူငယ်ချင်းရ။ ပြည်သူတွေရဲ့ သူ့နေရာနဲ့သူ စနစ်တကျ ပူးပေါင်းပါဝင်မှုလည်းလိုတယ်**

## ဟိုပင်ဘူတာရှေ့ ကတ္တရာ ထပ်ပိုးလွှာခင်း

**မိုးညှင်း ဧပြီ ၂၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ ဘူတာရုံရှေ့အဝင်အထွက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဧပြီ ၂၁ရက်က ဆောင်ရွက်ပြီးစီးခဲ့သည်။

အဆိုပါလုပ်ငန်းကို ဟိုပင်မြို့မစည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ဝင်းဦးက တာဝန်ယူကြီးကြပ်ပြီး စည်ပင်၊ ပြည်သူပူးပေါင်း၍ ဆောင်ရွက်ခဲ့သောကြောင့် ဟိုပင်ဘူတာရှေ့လမ်းသည် ခရီးသည်များ အဝင်အထွက် အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။

အလားတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက ဟိုပင်ဘူတာရုံ၌ ခရီးသည်များ သက်သောင့်သက်သာနားနေနိုင်ရန် ငွေကျပ်နှစ်သိန်းရှိ ခုံတန်းရှည်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကေဆိုင်းနော်(ဖားကန့်)**

# တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးမည်

ရန်ကုန် ဧပြီ ၂၁

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များဆေးရုံ(ရန်ကုန်)အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ဒေါက်တာယဉ်ယဉ်ထွေးနှင့်ပြုပြင်တည်ဆောက်ရေးကော်မတီအတွင်းရေးမှူး ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာသန်းထွဋ်တို့က ဆေးရုံအဆင့်မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို တင်ပြရာ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးနှင့်တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်များဆေးရုံ(ရန်ကုန်)ကို ခုတင် ၁၀၀၊ စံကိုက်ဆေးရုံအဖြစ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရာတွင် တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများအား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်သည့် ကုသမှုဌာနများ ပါဝင်ဖွဲ့စည်းရေး၊ အထူးသဖြင့် မျက်စိအထူးကုဌာန၊ သွားရောဂါအထူးကုဌာနများ ပါဝင်ဖွဲ့စည်းရေး ဦးစားပေးဆောင်ရွက်ရန်၊ ရုံးပိုင်းဆိုင်ရာဖွဲ့စည်းမှု စနစ်တကျဖြစ်ရေး ဆောင်ရွက်ရန်၊ လူနာများအား စနစ်တကျ အချိန်မီညွှန်းပို့နိုင်ရေးအတွက် အရေးပေါ်လူနာတင်ယာဉ်စနစ်ကောင်းမွန်ရေး စီစဉ်ဆောင်ရွက်ထားရန်၊ ဆေးရုံ၏လုံခြုံရေးစနစ် ကောင်းမွန်ရေးဆောင်ရွက်ရန် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်များဆေးရုံ(ရန်ကုန်)တွင် အဆင့်မြှင့်ပြုပြင်မွမ်းမံပြီးသော ခွဲစိတ်ခန်း၊ Ultra Sound ခန်း၊ X-Ray Room ၊ အရေးပေါ်နှင့်ပြင်ပလူနာဌာန လူနာဆောင်များ၊ သွားရောဂါကုသခန်း၊ မျက်စိကုသခန်းတို့တွင် စက်ပစ္စည်းများ ဖြည့်ဆည်း ဆောင်ရွက်ထားရှိမှုများကို



ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များအား ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**

တက္ကသိုလ်များ ဆေးရုံ(ရန်ကုန်) အဆင့်မြှင့်တင် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို နိုင်ငံတော်မှ ကျပ်သိန်း ၂၆၀၀ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

တက္ကသိုလ်များ ဆေးရုံ(ရန်ကုန်) အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းကို ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် နှီးနွှယ်ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု (Out of Pocket Zero )ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင် ဖြစ်လိမ့်မယ်လို့ ယုံကြည်

**မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးနောက် ၂၀၁၀ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲများကို ကျင်းပခဲ့ပြီးဖြစ်သည်။ လက်ရှိ ဒီမိုကရေစီအစိုးရ၏ ငါးနှစ်တာကာလသက်တမ်းမှာ မကြာမီကုန်ဆုံးတော့မည်ဖြစ်ပြီး အစိုးရအဖွဲ့အသစ်ရွေးချယ်ရန် အထွေထွေရွေးကောက်ပွဲတစ်ရပ်ကို ယခု ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်၊ နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**


**တွေ့ဆုံမေးမြန်း**
**တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်လွင်**



ဦးတင်အောင်ကြည်



ဦးမျိုးမြင့်



မဇာဇာမြင့်ဆွေ

အထွေထွေ ရွေးကောက်ပွဲကာလ နီးကပ်လာသည်နှင့်အမျှ တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် မဲဆန္ဒရှင်ပြည်သူများကလည်း ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်နေကြပြီဖြစ်သည်။ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တွင်လည်း မြို့နယ်အလိုက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်တွင် ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့၏လုပ်ငန်းများကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းများနှင့် မဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများအား မေးမြန်းခဲ့မှုကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**ဦးတင်အောင်ကြည်(ဥက္ကဋ္ဌ)**
**နေပြည်တော်ကောင်စီနယ်မြေ**
**ပုဗ္ဗသီရိမြို့နယ်ကော်မရှင်အဖွဲ့ခွဲ**

ကျွန်တော်တို့ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကော်မရှင်အဖွဲ့ခွဲအနေနဲ့ ၂၀၁၅ ခုနှစ်မှာ ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲအတွက် ပြည့်စုံမှန်ကန်တဲ့ မဲစာရင်းရရှိဖို့ အခြေခံမဲဆန္ဒရှင်စာရင်းကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှာရှိတဲ့ ပုံစံ(၆၆/၆) အိမ်ထောင်စုလူဦးရေစာရင်းကို အခြေခံပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၈ ရက်က စတင်ဆောင်ရွက် စာရင်းပြုစုခဲ့တာ အခုဆိုရင် ပြည့်စုံမှန်ကန်တဲ့ မဲဆန္ဒရှင်စာရင်း ၄၈၀၉၃ ဦး ရှိလာပါပြီ။

ကျွန်တော်တို့ မြို့နယ်ရဲ့ မဲစာရင်းကို ကွန်ပျူတာထဲ စာရင်းသွင်းပြီးဖြစ်တဲ့အတွက် မဲစာရင်းကြေညာချိန်ကို ရပ်ကွက်၊ ကျေးရွာအလိုက် ကြေညာနိုင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။

ဒီလို ကြေညာတဲ့အချိန်မှာ ရပ်ကွက် ကျေးရွာအုပ်စုကော်မရှင်ရုံးအနေနှင့် အမည်စာရင်းကို ပွင့်လင်းမြင်သာမှုရှိအောင်နဲ့ အမည်စာရင်းမဲဆန္ဒရှင် ပါ မပါ၊ မပါသင့်တဲ့သူများပါဝင်နေမှု၊ ကွဲလွဲချက်စတဲ့အချက်တွေကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်က ပြည်သူနဲ့အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အဲလို ဆောင်ရွက်တဲ့အခါမှာ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ဝင်ခွဲအသီးသီးက မဲဆန္ဒရှင်အမည်စာရင်းမှာ မိမိအမည်စာရင်းပါဝင်မှု မရှိသေးဘူးဆိုရင် စာရင်းတွင် မိမိအမည်စာရင်း ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃) ဖြင့်လည်းကောင်း၊ အခြားဒေသသို့ အပြီးအပိုင် လဝက ဦးရေပုံစံ(၁၀)ဖြင့် ပြောင်းရွှေ့သူများနဲ့ သေဆုံးသူများကို ကန့်ကွက်လိုတယ်ဆိုရင် ပုံစံ(၄)ဖြင့်လည်းကောင်း၊ အချက်အလက်ကို ကွဲလွဲချက်များရှိပါက ပြင်ဆင်လွှာ(၄-က) ပြည့်စုံမှန်ကန်တဲ့မဲစာရင်းရှင်စာရင်း ရရှိအောင် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်က ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ကြေညာမှာကတော့ နေပြည်တော်မြို့နယ် ရှစ်မြို့နယ်လုံး တစ်ပြိုင်တည်းကြေညာဖို့ အခြေအနေရှိပါတယ်။ နောက်ပြီး ဝန်ထမ်းအဖွဲ့အစည်းတွေ၊ ရွှေ့လျားတွေ ပိုတိုးလာနိုင်ဖို့ရှိပါတယ်။ သူတို့တစ်တွေပါ ပါဝင်ကြမယ်ဆိုရင် မဲဆန္ဒရှင်ဦးရေဟာ ၆၅၀၀၀ဝန်းကျင်အထိ ရှိလာနိုင်ပါတယ်။ မဲရုံအနေအထားကတော့ ၇၅ ရုံလောက် လျာထားတယ်။ မဲဆန္ဒရှင် အရေအတွက်ပေါ် မူတည်ပြီး အပြောင်းအလဲတော့ ရှိလာနိုင်ပါတယ်။ ပယ်မဲမပါရှိရေးအတွက် မဲဆန္ဒရှင် ပညာပေးသင်တန်း၊ ဆွေးနွေးပွဲတွေ ပြုလုပ်ပေးဖို့တွေကို အစီအစဉ်တွေရှိပါတယ်။ အဓိကကတော့ လေ့လာစောင့်ကြည့်ရေးအဖွဲ့တွေ၊ CSO အဖွဲ့တွေနဲ့ သေချာစိစစ်ဆောင်ရွက်သွားမယ်။ မိမိပေးလိုတဲ့ ပါတီကိုယ်စားပြု ပုဂ္ဂိုလ်ရရှိရေးအတွက် ကော်မရှင်တွေ၊ သက်ဆိုင်ရာပါတီတွေနဲ့ ပြည်သူတွေ အတူပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် ဒီ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကြီးက အောင်အောင်မြင်မြင် ဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ကနဦးပြုစုထားတဲ့ မဲဆန္ဒရှင်စာရင်းကို ပြည်သူများသိရှိနိုင်အောင် လာရောက်ကြည့်ရှုဖို့ မဲရုံတွေမှာ ၁၄ ရက်ကြာ ကပ်ထားပေးမှာ ဖြစ်ပါတယ်။ နောက် ဒုတိယအကြိမ်မှာတော့ သက်ဆိုင်ရာမဲရုံတွေမှာ ၇ ရက်ကြာ ထပ်မံကပ်ထားပေးမှာဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကျန်တဲ့သူတွေ မဲပေးလို့ရသေးတယ်။အားလုံးပြီးတဲ့အချိန်မှာမှ ပြည်ထောင်စုရွေးကောက်ပွဲဆီကို တင်မှာဖြစ်ပါတယ်။

**ဦးမျိုးမြင့်(ဒေသခံ)**
**ကျည်တောင်ကန်(၅)ရပ်ကွက်**
**ပုဗ္ဗသီရိမြို့နယ်**

ဒီ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲဟာ တစ်နိုင်ငံလုံး တစ်မျိုးသားလုံးအတွက် အနာဂတ်ပုံဖော်ပေးဖို့ အရေးပါတဲ့ ဆုံးဖြတ်မှုတစ်ရပ် လုပ်ကြရမှာဖြစ်ပါတယ်။ ဘယ်ပါတီ၊ ဘယ်ပုဂ္ဂိုလ်ကို မဲပေးရမယ်လို့ မဆိုပါဘူး။ မိမိတို့အသိဉာဏ်၊ ပီပြင်တဲ့အတွေးအခေါ်နဲ့ ချင့်ချိန်ဆုံးဖြတ်ပြီး မဲပေးရမှာပါ။ ဒီမိုကရေစီလမ်းကြောင်းကို လိုလားတဲ့ကျွန်တော်တို့လို ပြည်သူတွေအနေနဲ့ အခြေခံအကျဆုံးတာဝန်က မဲပေးဖို့ပါပဲ။ ရွေးကောက်ပွဲ တာဝန်ရှိသူတွေကလည်း ရွေးကောက်ပွဲကို တရားမျှတပြီး ပွင့်လင်းမြင်သာစွာနဲ့ ဆောင်ရွက်ပေးမှာဖြစ်တဲ့အတွက် တကယ့်အကျိုးပြုမယ့် ကိုယ်ကြိုက်တဲ့ပါတီ၊ ပုဂ္ဂိုလ်ကို စိတ်ကြိုက်ရွေးချယ် မဲပေးခွင့်ရတော့မှာဖြစ်လို့ ဝမ်းသာဂုဏ်ယူပါတယ်။

ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ အဖွဲ့အစည်းတွေကလည်း ဘက်မလိုက်တဲ့ နိုင်ငံ့အကျိုးအတွက် တကယ်စေတနာထားပြီး ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ကျွန်တော့်အနေနဲ့ ဘယ်ပါတီကို ဘယ်လိုရွေးချယ်တယ်ဆိုတာ ရွေးချယ်ခွင့်တွေ အများကြီးရှိတော့ နောက်ဆုံးအခြေအနေအထိ စဉ်းစားသုံးသပ်ပြီး မဲပေးသွားမှာဖြစ်ပါတယ်။ လောလောဆယ်ကတော့ လွတ်လပ်ပြီးတရားမျှတမှု ဘယ်လောက်အထိရှိတယ်ဆိုတာကို အရင်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**မဇာဇာမြင့်ဆွေ**
**(ရွှေအိပ်မက်အအေးနှင့်ကဖေးဆိုင်)**
**ကျည်တောင်ကန်(၁)ရပ်ကွက်**
**ပုဗ္ဗသီရိမြို့နယ်**

ပြီးခဲ့တဲ့ ရွေးကောက်ပွဲတုန်းကတော့ ဇမ္ဗူသီရိမြို့ အထက ၅ မှာ မဲပေးခဲ့ရတယ်။ အဲဒီတုန်းကလည်း ကျွန်မတို့သွားပြီး မဲပေးတုန်းက စနစ်တကျတော့ရှိပါတယ်။ ဒီနှစ် ၂၀၁၅ ရွေးကောက်ပွဲမှာတော့ ပိုပြီး ပွင့်လင်းမြင်သာမှုရှိမယ်လို့ ထင်ပါတယ်။ ဒီနှစ်ကတော့ ပါတီတွေလည်း များမယ်ထင်တယ်။ အဲဒီအချိန်မှာ ကိုယ်ကြိုက်တာလည်း အများကြီး ရွေးလို့ရမယ်။ အခုဟာက စောင့်ကြည့် လေ့လာရေးအဖွဲ့တွေလည်း အများကြီး ရှိမယ်ဆိုတော့လည်း မရိုးမသားမှုတွေ မရှိဘူးလို့ ယုံကြည်ပါတယ်။ ပိုပြီးတော့လည်း ပွင့်လင်းမြင်သာမယ်။ ပြီးတော့ကိုယ်ပေးချင်တဲ့သူကို ရဲရဲတင်းတင်း ပေးလို့ရမယ်လို့ ထင်ပါတယ်။ အခုလို မဲပေးခွင့်ရတဲ့အချိန်မှာ ပြည်သူတွေအတွက် တကယ်ကောင်းကျိုး ဆောင်ရွက်ပေးနိုင်မယ့်ပုဂ္ဂိုလ်များကို သေချာရွေးချယ်ပြီး မဲပေးသွားဖို့ စဉ်းစားဆုံးဖြတ်ထားပါတယ်။ ပြည်သူတွေအနေနဲ့လည်း တကယ့်အကျိုးပြုမယ့်ပုဂ္ဂိုလ်မျိုးကို သေချာလေ့လာကာ ဆန်းစစ်ပြီးမှ ရွေးချယ်မဲပေးဖို့ တိုက်တွန်းပြောချင်ပါတယ်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ ရောက်ရှိ




**ဂျကာတာ ဧပြီ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ နှစ်(၆၀)ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံနှင့် (၁၀)နှစ်ပြည့် အာရှ-အာဖရိက မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ခြင်း အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်ရန် အပြည်ပြည်ဆိုင်ရာ မြန်မာ လေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှထွက်ခွာရာ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ Halim Perdana Kusuma အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ရောက်ရှိသည်။ **(အပေါ်ပုံ)**

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား အင်ဒိုနီးရှားနိုင်ငံ လူမှုရေးဝန်ကြီး၊ ဂျကာတာမြို့တော်ဝန်၊ အင်ဒိုနီးရှားနိုင်ငံမှ တပ်မတော်အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီးနှင့် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့က လေဆိပ်၌ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Halim Perdana Kusuma အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂျကာတာမြို့ရှိ ခေတ္တတည်းခိုမည့် Gran Melia ဟိုတယ်သို့ ရောက်ရှိကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံရုံးမိသားစုဝင်များနှင့် သွားရောက်တွေ့ဆုံခဲ့သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံရုံးမိသားစုဝင်များနှင့် တွေ့ဆုံစဉ်။** (သတင်းစဉ်)

## နွေရာသီ ကရင်စာပေသင်တန်း

**ဘောဂလိ ဧပြီ ၂၁**

ဘောဂလိမြို့ ဖူးထော့လေ့ခန်းမ၌ နွေရာသီ ကရင်စာပေသင်တန်းဖွင့်ပွဲကို ဧပြီ ၂၀ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါသင်တန်းကို ဆရာတော် ဦးစောထူးလာကကြီးကြပ်၍ သင်တန်းသားဆရာများအဖြစ် ဘောဂလိမှ ဓမ္မဆရာ ဆရာမငါးဦးက တာဝန်ယူ၍ ပို့ချ သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၈၆ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**အခွန်ဆောင်လို့ ဘဏ္ဍာတိုး တိုင်းပြည်စီးပွား ဖွံ့လို့ဖြိုး**



## ရင်းရင်းနှီးနှီး နှုတ်ဆက်ကြိုဆို

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ **Halim Perdana Kusuma** အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ ကြိုဆိုကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်း-၈) (သတင်းစဉ်)

# ပြည်ထောင်စုရှေ့နေချုပ် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့အစည်း၏ (၅၄)ကြိမ်မြောက် အစည်းအဝေးတက်ရောက်

**နေပြည်တော် ဧပြီ ၂၁**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့၌ ဧပြီ ၁၂ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့်"အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့အစည်း၏ (၅၄)ကြိမ်မြောက် အစည်းအဝေး"သို့ တက်ရောက်ရန် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားခဲ့သည်။

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁၂ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ Mr.Cao Jianming ဦးဆောင်သော တာဝန်ရှိ အဆင့်မြင့်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ဥပဒေရေးရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု ရှေ့နေချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁၃ ရက်က ကျင်းပသော အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့အစည်း၏ (၅၄)ကြိမ်မြောက် အစည်းအဝေး၌ ပြည်ထောင်စု ရှေ့နေချုပ်က မိန့်ခွန်းပြောကြားပြီး **(အောက်ပုံ)**အလွတ်သဘော ဥပဒေဆွေးနွေးမှုများ၌လည်း ပါဝင်ဆွေးနွေးခဲ့သည်။

အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့အစည်းသည် ၁၉၅၅ ခုနှစ် ဘန်ဒေါင်းညီလာခံမှ စတင်ပေါ်ပေါက်လာသော ဥပဒေအတိုင်ပင်ခံအဖွဲ့အစည်းဖြစ်ပြီး မြန်မာနိုင်ငံသည် ထိုစဉ်က ဤအဖွဲ့အစည်းကို တည်ထောင်ခဲ့သော နိုင်ငံအဖြစ် ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့အစည်း၏ အစည်းအဝေးသို့ နှစ်စဉ် ပါဝင်တက်ရောက်ခဲ့ပြီး အာရှတိုက်နှင့် အာဖရိကတိုက်မှ ဥပဒေပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းလည်းဖြစ်ပြီး အစည်းအဝေးများကို နှစ်စဉ်အာရှတိုက်နှင့် အာဖရိကတိုက်ရှိနိုင်ငံများတွင် အပြန်အလှန်အလှည့်ကျ အထွေထွေ ညီလာခံများဖြင့် ကျင်းပခဲ့ပြီး အစည်းအဝေးမရှိသော ကာလများတွင် ဥပဒေဘာသာရပ်အလိုက် ကော်မတီ အစည်းအဝေးများကို ကျင်းပခဲ့သည်။ အဆိုပါ အဖွဲ့အစည်းတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၄၇ နိုင်ငံ ပါဝင်ပြီး အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် အတွင်းရေးမှူးချုပ်ရုံး တည်ရှိသည်။




ပြည်ထောင်စုရှေ့နေချုပ်သည် ဧပြီ ၁၄ ရက်တွင် ကျင်းပသည့် ဘန်ဒေါင်းညီလာခံ ကျင်းပခဲ့ခြင်း နှစ်(၆၀)ပြည့် ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာ ကဏ္ဍတွင် ဘန်ဒေါင်းညီလာခံမှ ချမှတ်ခဲ့သည့် စီးပွားရေး၊ ယဉ်ကျေးမှု၊ လူ့အခွင့်အရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို တိုးတက်အောင်ဆောင်ရွက်သည့် ကိစ္စများတွင် ဤအဖွဲ့အစည်း၏ ကြိုးပမ်းမှုများကြောင့် အဆိုပါမူများသည် အပြည်ပြည်ဆိုင်ရာ ဥပဒေဘာသာရပ်တွင် စာတွေ့လက်တွေ့ အကျိုးဝင်လာပါကြောင်း၊ ဘန်ဒေါင်းညီလာခံက ပေါက်ဖွားလာသော ဥပဒေဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ဖြစ်၍ ပါဝင်တည်ထောင်ခဲ့သူများကို သတိရကျေးဇူးတင်ရှိပါကြောင်း၊ ထို့ကြောင့် ထိုစဉ်ကစတင်ခဲ့သော ခြေလှမ်းတစ်လှမ်းသည် ယခုအခါမိုင်ပေါင်းများစွာ ခရီးတွင်နေပြီဖြစ်ပါကြောင်း ပြောကြားသည်။

ဧပြီ ၁၆ ရက်က အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံ အဖွဲ့အစည်း၏ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင်သို့ တင်သွင်းမည့်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်က ဆွေးနွေးလျက်ရှိသည့် သဘာဝပတ်ဝန်းကျင် လေထုညစ်ညမ်းမှုကို ကာကွယ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေစသည့် ဥပဒေအကြောင်းအရာများ၊ အပြည်ပြည်ဆိုင်ရာ အာကာသဥပဒေ၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဥပဒေ၊ အပြည်ပြည်ဆိုင်ရာ တရားရုံးများ၏ အခြေခံဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းအစဉ်အလာများကို အကိုးအကားများဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံညီလာခံ၌ အဆိုပါ ဘာသာရပ်များကို အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင်အနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် တင်ပြချက်များအပေါ် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁၉ ရက်က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပုဇွန်တောင်မြို့နယ်လုံးဆိုင်ရာ သက်ကြီးပူဇော်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၂၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်လုံးဆိုင်ရာ ပထမအကြိမ် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၉ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီက ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်ပရိဝုဏ်ရှိ သာသနဇောတိကဓမ္မာရုံ၌ ကျင်းပသည်။

သက်ကြီးပူဇော်ပွဲ အခမ်းအနားတွင် ပုဇွန်တောင်မြို့နယ်အတွင်းရှိ အသက် ၈၀ နှစ်နှင့်အထက် အဘိုး ၄၃ ဦး၊ အဘွား ၉၄ ဦး စုစုပေါင်း သက်ကြီး ဘိုးဘွား ၁၃၇ ဦးတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ စေတနာရှင်အလှူရှင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်လူငယ်မောင်မယ်များက မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ စုပေါင်းကန်တော့ကြပြီး အဘိုးအဘွားတစ်ဦးချင်းစီအား ဂါရဝပြုလက်ဆောင်ပစ္စည်းများနှင့် အလှူငွေတို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

**ကိုချစ်**

# ဘောဂလေမြို့၌ အခမဲ့ကျန်းမာရေးစောင့်ရှောက်

**ဘောဂလေ ဧပြီ ၂၁**

ဘောဂလေမြို့ ဖူးထော့လေ့ခန်းမ၌ ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီက အခမဲ့ကျန်းမာရေးစောင့်ရှောက်ခြင်း အခမ်းအနား ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဘောဂလေမြို့အုပ်ချုပ်ရေးမှူး ဦးစောဘိုဘိုကျော်က အမှာစကားပြောကြားပြီး ဘောဂလေမြို့မှ ဒေါက်တာသန့်ဇင်လတ်က သွေးတိုးရောဂါနှင့် အခြားအထွေထွေရောဂါခံစားနေရသူများအား ကျန်းမာရေးပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသော လူနာ ၆၉ ဦးအား ကျန်းမာရေး အခမဲ့စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ယာဉ်မတော်တဆမှုဖြစ်ပွားလေ့ရှိသောနေရာများတွင် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်



**တာချီလိတ် ဧပြီ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသော တာချီလိတ်-ကျိုင်းတုံသွားကားလမ်းမပေါ်ရှိ ဝမ်ကျောက်လုံပြည်သူ့စစ်စခန်းရှေ့ လမ်းအကွေ့၊ ဟွေခိုက်ရွာလမ်းအကွေ့နှင့် တာချီလိတ်-ဝမ်ပုံသွားကားလမ်းမပေါ်တို့တွင် ပြည်သူများ ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် ဧပြီ ၂၀ ရက် ညနေ ၃ နာရီခွဲက အမှတ် (၆၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး အောင်လွင်၊ တပ်စိပ် (၂)တပ်စိပ်မှူး ရဲအုပ်ကျော်ဇေယျတို့က ဦးဆောင်ပြီး တပ်ဖွဲ့ဝင်များနှင့်အတူ သံဃာတော် ငါးပါးပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ခြင်း၊ ပရိတ်ရေ၊ သဲမန်း၊ ဆန်မန်းများအား ပက်ဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# သင်္ကြန်အပြီး ခရီးသွားပြည်သူများ ကားလက်မှတ် အခက်အခဲမရှိစေရန် သီးသန့်ကားများစီစဉ်ပေး

**မန္တလေး ဧပြီ ၂၁**

သင်္ကြန်ပွဲတော်အပြီး ရန်ကုန်နှင့် နေပြည်တော်သို့သွားလာကြမည့် ခရီးသည်များ ကားလက်မှတ်ဝယ်ယူရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ယာဉ်လုပ်ငန်းများကြီးကြပ်မှုကော်မတီ (အဝေးပြေး)တို့ပေါင်းစပ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ကားလက်မှတ် အဆင်ပြေအောင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းညွှန်မှုနဲ့ စီစဉ်ဆောင်ရွက်ပေးတာပါ။ သင်္ကြန်အပြီးခရီးသွားသူတွေများတော့ ကားလက်မှတ်အခက်အခဲဖြစ်ကြတယ်။ နေပြည်တော်၊ ရန်ကုန်ခရီးစဉ်အတွက် ကားလက်မှတ်ရဖို့ ကျွန်တော်တို့အဖွဲ့က ကားဂိတ်တွေမှာ ကိုယ်တိုင်သွားဝယ်ပေးတဲ့အပြင် သီးသန့်ယာဉ်တွေကိုပါ ထပ်မံစီစဉ်ပေးနေပါတယ်"ဟု ပို့/ဆက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ခရီးသည်များကားလက်မှတ်ရရှိရေးအပြင် သီးခြားယာဉ်များထပ်မံစီစဉ်ပေးကြောင်း ဧပြီ ၂၀ ရက်မှ ၂၁ ရက်အထိ စီစဉ်ပေးနေခြင်းဖြစ်၍ ကားလက်မှတ်ဝယ်ယူသည့်အခါ ခရီးသွားသူ၏ မှတ်ပုံတင်ပြသရန်လိုကြောင်း၊ ယင်းကဲ့သို့ ပြုလုပ်ခြင်းမှာ အမှန်တကယ်ခရီးသွားသူဖြစ်စေရန်အတွက် ကြပ်မတ်ခြင်းဖြစ်ကြောင်း သိရသည်။

"ကားလက်မှတ်တွေက ပုံမှန်ပြေးဆွဲတဲ့ခရီးစဉ်အရ ကြိုတင်ဖြတ်ထားကြလို့ လက်မှတ်အခက်အခဲရှိနေကြတယ်။ ဒါကြောင့် လွယ်ကူအောင်ဆိုပြီးကျွန်တော်တို့ စီစဉ်ဆောင်ရွက်တာပါ။ အမှန်တကယ်သွားမယ့်သူတွေအတွက် လက်မှတ်ရအောင်လုပ်တာဖြစ်လို့ မှတ်ပုံတင်ပြရမယ်။ လက်မှတ်နှုန်းထားက မူလနှုန်းထားအတိုင်းပဲ ရောင်းပေးပြီး လိုအပ်ရင် ရန်ကုန်ခရီးစဉ်အတွက် ကားသီးသန့်စီစဉ်ပေးတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

ကားလက်မှတ်ဝယ်ယူမှု အခက်အခဲရှိသည့် ခရီးသွားပြည်သူများအား ဧပြီ ၂၀ ရက်က မန္တလေး-ရန်ကုန် သီးသန့်ယာဉ်တစ်စီးဖြင့် ၄၅ ဦး၊ နေပြည်တော်သို့ ယာဉ်ငါးစီးဖြင့် ၁၇ ဦး၊ ရန်ကုန်သို့ ရှစ်စီးဖြင့် ၈၃ ဦး စုစုပေါင်းခရီးသည် ၁၄၅ ဦးအား စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ဧပြီ ၂၁ ရက်မွန်းလွဲ ၂ နာရီထိ ရန်ကုန်သို့ သီးသန့်ယာဉ်လေးစီးဖြင့် ၁၇၈ ဦး၊ နေပြည်တော်သို့ ယာဉ်တစ်စီးဖြင့် သုံးဦး၊ ရန်ကုန်သို့ ယာဉ်လေးစီးဖြင့် ကိုးဦး စုစုပေါင်း ၁၉၅ ဦးကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်း

**မန္တလေး ဧပြီ ၂၁**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်ပိုင်းရပ်ကွက် (၂၆၈)ဥယျာဉ်အုပ်ဝင်း၌ ဧပြီ ၂၀ ရက် မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာမှ မီးဘေးသင့်အိမ်ထောင်စုများမှ လူဦးရေ ၂၅၉ ဦးတို့အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက လှူဒါန်းသော တစ်တင်းခွဲ ဆန်အိတ် ၄၅ အိတ်ကို ယနေ့မွန်းလွဲပိုင်းက ယာယီကယ်ဆယ်ရေးစခန်း ရွှေဘုံသာကျောင်းဓမ္မာရုံသို့ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်အောင်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကိုကိုနိုင်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယမန်နေ့ညနေ ၆ နာရီကလည်း မီးဘေးသင့်အိမ်ထောင်စုများအတွက် ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက် သဇင်ပန်းလမ်းသွယ်နေ သဇင်ပန်းဟိုတယ်နှင့် သဇင်ပန်းရတနာဆိုင်ပိုင်ရှင် ဒေါ်ခင်လေးမြင့်မိသားစုက ယာယီကယ်ဆယ်ရေးစခန်းကိုလာရောက်၍ ငွေကျပ် သုံးသိန်းခွဲတန်ဖိုးရှိမျက်နှာသုတ်ပဝါ အထည် ၄၀၊ ရေသန့်ဘူး ၂၄၀၊ မုန့်မျိုးစုံအထုပ် ၈၀ တို့ကို အိမ်ထောင်စုတစ်စုချင်းစီသို့ လာရောက်ပေးအပ်လှူဒါန်းထောက်ပံ့ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)တင်မောင်(မန်းကိုယ်ပွား)**



**မိုးလေဝသအခြေအနေ**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့၊ မင်းဘူးမြို့၊ အောင်လံမြို့၊ ကြို့ပင်ကောက်မြို့နှင့်ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကလေးမြို့တွင် ၀ ဒသမ ၄၃ လက်မ၊ ကသာမြို့တွင် ၀ ဒသမ ၂၃ လက်မ၊ ဟုမ္မလင်းမြို့နှင့်ရေးမြို့တို့တွင် ၀ ဒသမ ၂၀ လက်မစီတို့ဖြစ်ကြသည်။

# အပူဒဏ်ကြောင့် ငါးသေဆုံးမှုနှိမ်နင်းဆောင်ရွက်ချက်

နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများထောင်လျက်ကူးခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ကန်အတွင်းသို့ ရေသွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ လှေလှော်ပေးခြင်းစသည့် နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်၊

ရေငွေ့ပျံခြင်းကြောင့် ကန်ထဲတွင်ရေလျော့နည်းကျဆင်းလာခြင်း၊ ကန်ထဲရှိငါးများ၏စွန့်ပစ်အညစ်အကြေးများနှင့် စားကြွင်းစားကျန်များကြောင့် အမိုးနီးယားပါဝင်မှုနှုန်း မြင့်တက်လာစေနိုင်သဖြင့် ရေလျော့နည်း ခြင်းကို ဂရုစိုက်ရမည်ဖြစ်ပြီး ရေလျော့နည်းခြင်းကြောင့် ကန်ထဲရှိငါးများ တွင် ရောဂါကျရောက်တတ်ပါသဖြင့် ဩဇာစာတ်ထည့်သွင်းခြင်းနှင့် ငါးထည့်သွင်းမွေးမြူနှုန်းကိုလည်း လျှော့ချထားရန်၊

ငါးမွေးမြူရေးကန်များ အပူချိန်ကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးရန်၊

ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်၊

အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုလုပ်ရန်၊

ကန်ရေအရောင်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅ -၄၀) စင်တီမီတာအတွင်းရှိနေစေရန်၊ (မိမိလက်ကို တံတောင် ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိမည်ဖြစ်ပါသည်။)

ကန်ရေမြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေမည့် ကဇော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကိုရှောင်ကြဉ်၍ ပုံမှန်အစာများ ကိုသာ ကျွေးမွေးရန်၊ အစာကျွေးပြီးပါက အစာကျန်များရှိ /မရှိ ပုံမှန်စစ်ဆေးရန်၊

မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်ရန်အတွက် ရေသိုလှောင်သည့် အရံကန်များထားရှိရန်၊

ရေလုံလောက်မှုမရှိပါက ငါးကန်များကို ငါးများပေါင်းထည့်ပြီး ရေများဖြည့်တင်းပေးရန်နှင့် အခြားကန်များကို အခြောက်ခံခြင်းများ ပြုလုပ်သွားရန်၊

ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေ အနေများကို နေ့စဉ်နံနက်ပိုင်း (၆နာရီ) တွင် ပုံမှန်စစ်ဆေးရန်၊

ငါးမွေးကန်၌ အပူဒဏ်ကြောင့် ပုံမှန်မဟုတ်သောအခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

# တံတားဦးမြို့နယ် ငါးဇင်ရိုင်းကျေးရွာ၌ ထမင်းချက်ရာမှ မီးလောင်မှုဖြစ်ပွား

**တံတားဦး ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ငါးဇင်ရိုင်းကျေးရွာအုပ်စု ငါးဇင်ရိုင်းကျေးရွာ ဦးထွန်းနေအိမ်၌ ယနေ့ညနေ ၄ နာရီ မိနစ် ၄၀ က ထမင်းချက်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် ဘေးပတ်ဝန်းကျင်ရှိ နေအိမ်ကိုးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်ရာသို့ တံထားဦးမြို့နယ် အရန်မီးသတ်ကားလေးစီး၊ စကားအင်းကျေးရွာမီးသတ်စခန်းမှ ကားတစ်စီး စုစုပေါင်း မီးသတ်ကားငါးစီးဖြင့် ငြိမ်းသတ်ရာ ညနေ ၅ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုခံရသော မီးဘေးသင့်အိမ်ထောင်စုများအား ရွာဦးဓမ္မာရုံတွင် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားကြောင်း၊ မီးလောင်မှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲတင့်**

**မီးဘေးရှောင် မလောင်ခင်တား**

# ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံဩဝါဒစကားပြောကြား



**မော်လမြိုင် ဧပြီ ၂၁**

၂၀၁၅ ခုနှစ်မွန်ပြည်နယ်ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံဩဝါဒခံယူပွဲအခမ်းအနားကို ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီက မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဩဝါဒအမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ဂုဏ်ပြုငွေအား ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ ထူးချွန်ကျောင်းသားများကိုယ်စား ကျောင်းသားတစ်ဦးက လက်ခံရယူသည်။

၂၀၁၅ ခုနှစ် ပြည်နယ်အတွင်း ထူးချွန်ကျောင်းသားများအနေဖြင့် အဋ္ဌမတန်းအဆင့် ခြောက်ဦး၊ နဝမတန်းအဆင့် ခြောက်ဦး၊ ဒသမတန်းအဆင့် ခြောက်ဦး စုစုပေါင်း ၁၈ ဦး ပေါ်ထွက်လာခဲ့ပြီး ထူးချွန်ကျောင်းသားကျောင်းသူများအား ရန်ကုန်စုရပ်မှတစ်ဆင့် ပုဂံ၊ အင်းလေး၊ ငွေဆောင်ဒေသများသို့ လေ့လာရေးခရီးစဉ်အဖြစ် ၁၅ ရက်သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



ဧပြီ ၂၁ ရက် နံနက်ပိုင်းက တာချီလိတ်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်နိုင် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ Regina Hotel ဝန်ထမ်း ၈၅ ဦးအား ဟိုတယ်မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြသနေစဉ်။ မောင်ယဉ်ကျေး

# မတ်ပဲဆေးပြားသောက်ပြီး လူတစ်ဦးသေဆုံး

**မင်းလှ ဧပြီ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် အမှတ်(၁)ဇီးကုန်းလေးရပ်ကွက် (၇)လမ်းတွင် ဧပြီ ၁၉ ရက် မွန်းလွဲပိုင်းက မတ်ပဲဆေးပြားသောက်၍ လူတစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့သည်။

မောင်အောင်ကို အသက်(၂၃ နှစ်)သည် အရက်ကြောင်ကြောင်ပြီး ပဲများသိုလှောင်ရာတွင် ပိုးမထိုးစေရန်အတွက်အသုံးပြုသော မတ်ပဲဆေးပြားသောက်သဖြင့် မိဘဆွေမျိုးများက မင်းလှပြည်သူဆေးရုံသို့တင်ပို့ကုသစဉ် သေဆုံးသွားခဲ့သည်။ မောင်အောင်ကိုသည် ကျပန်းအလုပ်လုပ်ကိုင်သူတစ်ဦးဖြစ်ပြီး လူငယ်တို့သဘာဝ အရက်အလွန်အကျွံသောက်သဖြင့် အရက်ကြောင်ကြောင်ပြီး မတ်ပဲဆေးပြားသောက်၍ သေဆုံးခြင်းဖြစ်ကြောင်း၊ အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍မင်းလှမြို့မရဲစခန်းက သေမှုသေခင်းအဖြစ် အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ပေါက်စ(iprd)**

# ကယားပြည်နယ်မှ နွေရာသီအပန်းဖြေစခန်းသို့သွားရောက်မည့် ဘက်စုံထူးချွန်ကျောင်းသားများ ဩဝါဒခံယူပွဲကျင်းပ

**လွိုင်ကော် ဧပြီ ၂၁**

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးခန်းတွင် ဧပြီ ၂၁ ရက် နံနက် ၉ နာရီက နွေရာသီအပန်းဖြေစခန်းများသို့ သွားရောက်မည့် ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူပွဲ အခမ်းအနားကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါဩဝါဒခံယူပွဲအခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ပညာရေးတာဝန်ခံ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ဦး၊ ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဒေါ်သစ်သစ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရအဖွဲ့ရုံးပညာရေးတာဝန်ခံ ဗမာတိုင်းရင်းသားရေးရာဝန်ကြီးက ဩဝါဒအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၃၆၀၀၀၀ နှင့် ကြီးကြပ်သူ ဆရာ ဆရာမများအတွက် ငွေကျပ် ၉၀၀၀၀ ကိုပေးအပ်ခဲ့ရာ ဘက်စုံထူးချွန်ဆု သုံးထပ်ကွမ်းရ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသား မောင်ဝေဖြိုးသူက လက်ခံယူခဲ့သည်။



အဆိုပါ ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများကို ပညာရေးဝန်ကြီးဌာနမှ နွေရာသီအပန်းဖြေစခန်းများသို့ ပို့ဆောင်ပေးလျက်ရှိရာ ကယားပြည်နယ်မှ လူရည်ချွန် ဒသမတန်းကျောင်းသားနှစ်ဦး၊ ကျောင်းသူနှစ်ဦး၊ နဝမတန်းမှ ကျောင်းသားနှစ်ဦး၊ ကျောင်းသူနှစ်ဦး၊ အဋ္ဌမတန်းမှ ကျောင်းသားနှစ်ဦး၊ ကျောင်းသူနှစ်ဦး စုစုပေါင်း ၁၂ ဦး သွားရောက်လေ့လာရမည်ဖြစ်ပြီး ဒသမတန်းထူးချွန်လေးဦးကို ငွေဆောင်အပန်းဖြေစခန်းသို့ ကြီးကြပ်သူ ဆရာ ဆရာမသုံးဦးဖြင့်လည်းကောင်း၊ နဝမတန်းထူးချွန်လေးဦးကို အင်းလေးအပန်းဖြေစခန်းသို့လည်းကောင်း၊ အဋ္ဌမတန်းထူးချွန်လေးဦးကို ပုဂံအပန်းဖြေစခန်းသို့လည်းကောင်း ပညာရေးဝန်ကြီး ဌာနအစီအစဉ်ဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**

**ကျန်းမာ၊ ပညာဘက်စုံကို ဖွံ့ဖြိုးစေလို၊ အခွန်ကို မှန်မှန်ကန်ကန်ဆောင်စေလို**


# "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

နိုင်ငံတကာအဆင့်မီကြယ်ငါးပွင့်အဆင့်ရှိ "NOVOTEL YANGON MAX HOTEL" အား

(၁.၄.၂၀၁၅) ရက်နေ့၌ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်

MAX MYANMAR HOLDING Co., Ltd. ဥက္ကဋ္ဌဦးဇော်ဇော်နှင့်ဇနီးဒေါ်ဌေးဌေးခိုင်တို့နှင့်ထပ်တူ

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းများ

ဆတက်တိုး၍အောင်မြင်ပါစေကြောင်း နှစ်သစ်မင်္ဂလာဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါက်တာ ခင်မောင်ဝင်း + ဒေါက်တာဝေဝေ
DIAMOND LAND
စိန်အရောင်းပြခန်း

# တပ်မတော်စစ်ကြောင်းနှင့်ထိတွေ့တိုက်ပွဲဖြစ်ပွားပြီးနောက် ထွက်ပြေးတိမ်းရှောင် လက်နက်ကိုင်ငါးဦးအား ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၁**

ပလက်ဝဒေသအတွင်း ပင်လုံကျေးရွာ၊ အောင်လံချောင်း ကျေးရွာများအနီး၌ ဧပြီ ၁၇ ရက်တွင် တပ်မတော်စစ်ကြောင်းများနှင့် လက်နက်ကိုင်အချို့ ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့သည်။


ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက နယ်မြေများအားရှင်းလင်းရာ တပ်မတော်စစ်ကြောင်းနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားရာတွင်ပါဝင်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသော လက်နက်ကိုင်အချို့ ခိုအောင်းနေကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးချက်အရ ဧပြီ ၁၉ ရက် မွန်းလွဲပိုင်းတွင် စပါးဆိပ်ရွာ အနောက်ဘက်တောစပ်၌ ခိုအောင်းနေသည့် ကျော်ဝင်း(ဘ) ဦးခိုင်စိုး (၃၂နှစ်)နှင့် စိန်ကျော်သန်း (ဘ)ဦးဘသန်း (၃၅နှစ်)တို့နှစ်ဦးကိုလည်းကောင်း၊ ညနေပိုင်းတွင် ညောင်ပင်လှရွာ အပြင်ဘက်တွင် ခိုအောင်းနေသော ထွန်းအောင်ဖြူ (ဘ)ဦးဖြူဒေါင်း (၃၀ နှစ်)နှင့် ဇင်မျိုးအောင် (ဘ)ဦးငလုံးချေ (၃၃နှစ်)၊ ဒဏ်ရာရရှိထားသော ညီလှိုင်(ဘ)ဦးသာတိုး (၃၀ နှစ်)တို့ သုံးဦးကိုလည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများသည် လက်နက်၊ ခဲယမ်းများကို အခြားနေရာများတွင် သိုဝှက်ထားခဲ့ရာ ပိန္နဲချောင်းရွာအရှေ့တောင်ဘက်ရှိ လျှိုအတွင်းမှ အမ် ၂၂ နှစ်လက်၊ ကျည်အိမ်လေးခု၊ ကျည် ၈၀၊ လက်ပစ်ဗုံးငါးလုံးနှင့် ချပ်ဝတ်တန်ဆာနှစ်စုံကိုလည်းကောင်း၊ အောင်လံချောင်းရွာအရှေ့မြောက်ဘက်ရှိ လျှိုအတွင်းမှ အမ် ၂၂ သုံးလက်၊ ကျည်အိမ်ရှစ်ခု၊ ကျည် ၁၆၇ တောင့်၊ လက်ပစ်ဗုံးလေးလုံးနှင့် ချပ်ဝတ်တန်ဆာသုံးစုံကိုလည်းကောင်း စုစုပေါင်း အမ် ၂၂ ငါးလက်၊ ကျည်အိမ် ၁၂ ခု၊ကျည် ၂၄၇ တောင့်၊ လက်ပစ်ဗုံးကိုးလုံးနှင့် ချပ်ဝတ်တန်ဆာငါးစုံတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူငါးဦးအား စစ်ဆေးမေးမြန်း၍ သတင်းဆက်ဖော်ထုတ်လျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်း လက်နက်ကိုင်အချို့ စိမ့်ဝင်ခိုအောင်းမှုမရှိစေရေး တပ်မတော်စစ်ကြောင်းများက ဆက်လက် နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**






**အထက်ပိုင်းဒေသများ နေရာကွက်ကျဲ မိုးထစ်ချုန်းရွာမည်**

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျဲ မိုးဆက်လက်ထစ်ချုန်းရွာမည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ **မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**


# ဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးနိုင်ထူးမြတ်(ခ)ဦးတေဇာမောင်၏ချစ်ဇနီး သားလေး Ethan ဗညားမြတ်၏ ချစ်မေမေ **ဒေါက်တာအေးသီတာထွန်း** သည် Masters in Health Promotion (Newcastle University) နှင့် Masters in Health Management (Newcastle University) တို့ကို လည်းကောင်း၊ ယခုနှစ်တွင် ထပ်မံရရှိသော M.B.B.S, Fellowship of Royal Australian and New Zealand College of Obstetricians and Gynaecologists ဘွဲ့ကို မြန်မာအမျိုးသမီး ဆရာဝန်တစ်ဦးအနေဖြင့် ပထမဆုံးရရှိခဲ့သည့်အတွက် မိသားစုနှင့်ထပ်တူအထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

ကိုမိုးကျော်လွင် + ညီမ မီမီခိုင်ထွန်း
တူလေး – မောင်ဘုန်းပြည့်၊ မောင်ကောင်းခန့်
ညီမ – မကြည်ဇင်သန့်
ဗိုလ်မှူးဟိန်းဆက်ဇော်+ညီမလေး Dr. နှင်းဝင့်ခင်
တူလေး – စိုင်ပြေ(ခ) Brang Mai

# ရန်ကုန်တိုင်းဒေသကြီးအတွင်း သင်္ကြန်ရက်များတွင် သင်္ကြန်နှင့်ပတ်သက်၍ ဖြစ်ပွားခဲ့သောမှုခင်းများ

**ရန်ကုန် ဧပြီ ၂၁**

မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်တွင် ပြည်သူများ စိတ်အေးချမ်းမြေ့စွာ ရေကစားနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သင်္ကြန်အကြိုကာလနှင့် သင်္ကြန်ပွဲတော်ရက်များတွင် ထိရောက်သော ကြိုတင်ကာကွယ် အရေးယူမှုများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ဧပြီ ၁၃ ရက်က(အကြိုနေ့)မှ ဧပြီ ၁၆ ရက် (အတက်နေ့)အထိ သင်္ကြန်ရက်များတွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ လှိုင်မြို့နယ်နှင့် လသာမြို့နယ်များရှိ ရေကစားမဏ္ဍပ်များအနီးမှ ခါးပိုက်နှိုက်ခြောက်ဦးကို ဖမ်းဆီးရမိပြီး အမှုလေးမှုဖြင့်လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လှိုင်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်များရှိ ရေကစားမဏ္ဍပ်များအနီးမှ ခါးပိုက်နှိုက်မှုကျူးလွန်ကြောင်း မသင်္ကာသူ ၅၇ ဦးကို ဖမ်းဆီးရမိပြီး အမှု ၃၇ မှုဖြင့်လည်းကောင်း၊ လှိုင်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ဓားကိုင်ဆောင်သူ နှစ်ဦးကို အမှုနှစ်မှုဖြင့်လည်းကောင်း၊ သာကေတမြို့နယ်ရှိ ရေကစားမဏ္ဍပ်များ၌ မူးယစ်ရမ်းကားသူ ခြောက်ဦးကို ဖမ်းဆီးရမိပြီး အမှုခြောက်မှုဖြင့်လည်းကောင်း အရေးယူဆောင်ရွက်ခဲ့သည်။

ထို့အပြင် မှုခင်းဖြစ်ပွားမှုအနေဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ဗဟန်းမြို့နယ်နှင့် ဒဂုံမြို့နယ်တို့တွင် ယာဉ်တိမ်းမှောက်မှု ခြောက်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူနှစ်ဦး၊ ဒဏ်ရာရသူ ၄၄ ဦး၊ မရမ်းကုန်းမြို့နယ်တွင် ယာဉ်တိုက်မှု တစ်မှုဖြစ်ပွားခဲ့ရာ ဒဏ်ရာရသူနှစ်ဦးနှင့် သာကေတမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါပုံမြို့နယ်၊ ကမာရွတ်မြို့နယ်၊ ဗဟန်းမြို့နယ်၊ လသာမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ဒလမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့တွင် ခိုက်ရန် ဖြစ်ပွားမှုတစ်မှုစီဖြင့်လည်းကောင်း၊ တိုက်ကြီးမြို့နယ်တွင် ကာယိန္ဒြေပျက်စီးမှုတစ်မှု၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့တွင် တာဝန်ဝတ္တရားနှောင့်ယှက်မှု တစ်မှုစီဖြင့်လည်းကောင်း၊ ဗဟန်းမြို့နယ်တွင် သေမှုသေခင်းတစ်မှုနှင့် အခြားအမှုတစ်မှုတို့ ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ထုတ်ပြန်ချက်အရ သိရသည်။

**တင်လှမောင်**

# မန္တလေး-မြစ်ကြီးနား အမှတ် ၉၃၄ အစုန်ကုန်ရထား ဘုံချောင်းနှင့်မဲဇာဘူတာအကြား ဘီးချော်မှုဖြစ်ပွား

**ဝန်းသို ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် ဘုံချောင်းဘူတာနှင့် မဲဇာဘူတာကြား ဧပြီ ၂၁ ရက် နံနက် ၁၁ နာရီက မန္တလေး-မြစ်ကြီးနား အမှတ် ၉၃၄ အစုန် ကုန်ရထား ဘီးချော်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရထားစက်ခေါင်းမောင်း ဦးတင်အောင်၊ ဂါတ်ဗိုလ် ဦးဇော်ဇော်လွင်တို့ မောင်းနှင်လာသော စက်ခေါင်းအမှတ် DF-၂၀၄၅ မန္တလေး-မြစ်ကြီးနား အမှတ် ၉၃၄ အစုန်ကုန်ရထားသည် ဘုံချောင်းဘူတာနှင့်မဲဇာဘူတာအကြား မိုင်တိုင်အမှတ် ၅၇၄/၃-၁ ကြားတွင် ဧပြီ ၂၁ ရက် နံနက် ၁၁ နာရီက တွဲအမှတ် GBHAX ၄၀၈၄၀ ၏ ဘီးအမှတ် ၂ သည် သံလမ်း၏ အတွင်းသို့ကျပြီး ဘီးအမှတ် ၇ သည် သံလမ်း၏ အပြင်သို့ တစ်ပေခန့်ကပ်ကျမှုဖြစ်ပွားခဲ့ရာ ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အခင်းဖြစ်နေရာသို့ နဘားနှင့် နမ့်ခမ်းတို့မှ တာဝန်ရှိသူများ သွားရောက် ပြုပြင်ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၁ ရက် ညနေ ၅ နာရီတွင် ရထားလမ်းပိုင်း ပြင်ဆင်ပြီးစီးသွားသဖြင့် ရထားများ ပုံမှန်အတိုင်း ပြန်လည် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**ကိုနိုင်(အင်းတော်)**

# တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်လာသူ အရေးယူ

**နေပြည်တော် ဧပြီ ၂၁**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ကန်ပိုက်တီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၂၀ ရက် ညနေ ၄ နာရီ မိနစ် ၅၀ က သတင်းအရ သက်သေများနှင့်အတူ ကန်ပိုက်တီမြို့အဝင် နယ်စပ်ကုန်သွယ်ရေးစခန်းအနီး၌ စောင့်ဆိုင်းနေစဉ် မြစ်ကြီးနားဘက်မှ ကန်ပိုက်တီဘက်သို့ ဖားကန့်မြို့ မရှိကထောင် စည်ပင်ကွက်သစ်ရပ်နေ အောင်ကျော်ဦး (၄၉ နှစ်) မောင်းနှင်လာသည့် YGN-7C/-----လင်ခရူဇာ အနက်ရောင်ယာဉ်ကို ရပ်တန့်ရှာဖွေခဲ့သည်။ ထိုသို့ ရှာဖွေရာ ယာဉ်၏ အလယ်ခန်းနှင့် နောက်ခန်းအတွင်းမှ တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများဟု ယူဆရသော အရွယ်စုံကျောက်တုံးများ ထည့်ထားသည့် ပီနံအိတ် ၁၉ အိတ်နှင့် အိတ်ဖြင့်ထည့်မထားသည့် ကျောက်တုံးနှစ်တုံး၊ စုစုပေါင်း အလေးချိန် ပိဿာ ၄၀၀ ခန့် တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ အောင်ကျော်ဦးကို ကန်ပိုက်တီနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစာစောင်များ ဖြန့်ဝေ

**မြိုင် ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး မြိုင်မြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးစာစောင်များကို ဧပြီ ၂ ရက်က မြို့နယ်စည်ပင်သာယာဈေး ပုသိမ်-မုံရွာ-ပခုက္ကူလမ်းဆုံတို့၌ အသိပညာပေး လက်ကမ်းစာစောင်များကို ယာဉ်မောင်းများအား ဖြန့်ဝေပေးကြောင်း သိရသည်။

ယာဉ်မတော်တဆမှု မဖြစ်ပွားစေရေးအတွက် မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားမောင်းနှင်သူများ လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်တိုက်မှုအန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့ တပ်ကြပ်ကြီးကျော်ဝင်း၊ ဒုတပ်ကြပ်အောင်မင်းသိန်း အဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က အသိပညာပေး လက်ကမ်းစာစောင်များကို ပုသိမ်-မုံရွာ-ပခုက္ကူ လမ်းဆုံနှင့် မြို့လယ်ဈေးအနီး ယာဉ်မောင်းသူများအား ဖြန့်ဝေပေးကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**


**အောင်ပြည့်စုံ**

ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။

09-5232770
09-5134770

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၄ယ/၇၃၁၄၀၊ Honda Dream ND-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင် ၆/သရခ(နိုင်)၀၅၉၃၅၇ မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းရုံး (ထားဝယ်)

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၂၃၄၇၁)၊ ဧရိယာ၀ဒသမ၁၁၀ ဧက ဦးရဲလွင် အမည်ပေါက် နှစ်၃၀အငှားဂရန် မြေကွက်အားနေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၂/၂၀၁၅)ဖြင့် ဝယ်ယူထားသော ဒေါ်ယဉ်ချိုသက် ၉/မနမ(နိုင်)၀၆၆၉၉၀ (ဘ)ဦးခင်သက်မှ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

**(၃၈)နှစ်မြောက်မင်္ဂလာဆုတောင်းလွှာ**

ပါမောက္ခ ဦးထူးဟန်(ရန်ကုန်ကလေးဆေးရုံကြီး)နှင့် ဒေါက်တာ ဒေါ်ခင်စုကြည် တို့၏ ၂၁-၄-၂၀၁၅ ရက်တွင် ကျရောက်သော (၃၈)နှစ်ပြည့်မင်္ဂလာနေ့မှသည် သက်ဆုံးတိုင် ကိုယ်စိတ်ကျန်းမာချမ်းသာစွာဖြင့် လောကီလောကုတ္တရာ ကောင်းကျိုးများသယ်ပိုးဆောင်ရွက်နိုင်ရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အထက(၁)ဒဂုံမှငယ်သူငယ်ချင်းများ**
**ကျော်မျိုးအောင်၊ ခင်ခင်ဆင့်၊ ခင်ခင်ဖြူ၊ အမာဝင်း၊ ညွန့်ညွန့်ဦး၊ ဖရီဒါလတ်၊ သီရိရှိန်၊ ကြည်ကြည်ညွန့်၊ ကြိုင်ကြိုင်စိန်၊ နုနု**

**GOLDEN STAR** Travels & Tours

Apr-30

☆ ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး
☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း
☆ တောင်ကြီး-အင်းလေး-ပင်းတယ

ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)

Ph: 209200, 703448, 430480, 544383, 705968, 09-5081580

**အမြန်ရောင်းမည်**

၁။ ရွှေအင်ကြင်း ကွန်ဒို(40' x 60') (6 လွှာ+Pent House) - 2800 သိန်း
၂။ တောင်ဥက္ကလာ (23' x 60')2 BN ဂရန်၊ အုတ်တံတိုင်းခတ် - 1530 သိန်း
၃။ တောင်ဥက္ကလာ (13' x 60')2 BN ဂရန်၊ အုတ်တံတိုင်းခတ် - 780 သိန်း
၄။ သဃ်န်းကျွန်း (10' x 90')2 PT ဂရန်၊ အုတ်တံတိုင်းခတ် - 780 သိန်း

ဖုန်း-၀၉-၈၆၃၄၃၄၂၊ ၀၉-၄၃၁၆၇၇၁၁၊ ၀၉-၉၇၀၅၂၅၀၈၈

**အမည်ပြောင်း**

ဦးတင်ကိုကို၏သား ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း Grade(5)မှ မောင်မင်းဘုန်းခန့်အား ယနေ့မှစ၍ မောင်အံ့သူရအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အံ့သူရအောင်**

**ပြည်သူချစ်အနုပညာရှင်များ၏ Life Size ပုံတူထားရှိရေး ဖိတ်ခေါ်ခြင်း**

အနုပညာကိုချစ်မြတ်နိုးသော ပရိသတ်ပြည်သူများက မိမိတို့ချစ်မြတ်နိုးသော အနုပညာရှင်များ၊ အဆိုတော်များ၊ အကယ်ဒမီဆုရှင် ထင်ရှားကျော်ကြားသော ရုပ်ရှင်သရုပ်ဆောင်များအား လာရောက်ကြည့်ရှုနိုင်ရေး၊ အမှတ်တရဓာတ်ပုံရိုက်ယူနိုင်ရေး ရည်ရွယ်ချက်ဖြင့် အနုပညာရှင်များ၏ Life Size ပုံတူများကို ယဉ်ကျေးမှုစင်တာ၊ ကမ္ဘောဇရိပ်သာ၊ အမှတ် ၁၃၁၊ ကမ္ဘာအေး ဘုရားလမ်း၊ ရန်ကုန်၌ ပြသထားရှိမည် ဖြစ်ပါသည်။

အနုပညာရှင်များသည် မိမိတို့ကြိုက်နှစ်သက်သော ပန်းပုဆရာများတွင် အပ်နှံ၍လည်းကောင်း (သို့မဟုတ်) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်/မန္တလေး)တွင် အပ်နှံ၍ လည်းကောင်း ထုလုပ်ပြသနိုင်ပါသည်။

ထုလုပ်ပြသထားရှိသည့်ပုံတူများကို ယဉ်ကျေးမှုစင်တာတွင် အများပြည်သူများ ကြည့်ရှုနိုင်ရန် တစ်နှစ်ခန့်ပြသထားရှိမည်ဖြစ်ပြီး ဆက်လက်ပြသထားရှိရေးအတွက် အနုပညာရှင်များ၏ သဘောဆန္ဒအတိုင်း ပြတိုက်သို့လှူဒါန်းခြင်း(သို့မဟုတ်) အနုပညာရှင်များသို့ ပြန်လည်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

စိတ်ပါဝင်စားသည့် အနုပညာရှင်များသည် လျှောက်လွှာပုံစံများကို ၁/၈၅၊ အောင်ဇေယျလမ်း၊ (၂၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တွင် လည်းကောင်း၊ Website. www. culture. gov. mm နှင့် www. facebook. com/ ministryofculture culturemyanmar တွင် download ရယူ၍ လည်းကောင်း လျှောက်ထားနိုင်ပါသည်။

**အသေးစိတ်အချက်အလက်များအား စုံစမ်းသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-**

**ဦးသစ်လွင်စိုး (ဌာနမှူး၊ သင်တန်းရေးရာဌာန) - ဖုန်း-၀၁-၅၉၀၂၅၂၊ ၀၉-၇၃၀၂၃၉၀၅**
**ဒေါ်မြင့်မြင့်စန်း (ပါမောက္ခ၊ ပန်းပုပညာဌာန) - ဖုန်း-၀၁-၅၉၀၂၆၁၊ ၀၉-၃၃၃၁၁၈၇၀**
**ဒေါ်ဝင်းသန်း (ပါမောက္ခ၊ ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာန)- ဖုန်း-၀၁-၅၉၀၂၆၂၊ ၀၉-၅၁၇၆၈၂၅**

# အကြိတ်အနယ်ယှဉ်ပြိုင်ရမည့် အစဉ်အလာပြိုင်ဘက် ရီးရဲနှင့်အက်သလက်တီကို




ယူအီးအက်ဖ်အေ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဧပြီ ၂၃ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ရီးရဲမက်ဒရစ်နှင့် အက်သလက်တီကို၊ မိုနာကိုနှင့် ဂျူဗင်တပ်စ်တို့ ဒုတိယအကျော့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

စပိန်နှစ်သင်းတွေ့ဆုံမှု ရီးရဲနှင့် အက်သလက်တီကိုအသင်းတို့ ပထမအကျော့တွင် ဂိုးမရှိသရေ ရလဒ်ဖြင့် ပြီးဆုံးထားသည်။ဒုတိယအကျော့ ရီးရဲအိမ်ကွင်းတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ၄င်းတို့နှစ်သင်းအားပြိုင်မှုက အစဉ်အဆက် ပြင်းထန်ခဲ့သည်။ ရီးရဲအနေဖြင့် လာလီဂါမှာ တွေ့ဆုံစဉ်က ရှုံးကြွေးကို ပြန်ဆပ်နိုင်မလား ဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်ပြီး အက်သလက်တီကို အနေနှင့်လည်း ယမန်နှစ်က ချန်ပီယံလိဂ်ဖလား ဗိုလ်လုပွဲမှာ ရီးရဲအား ရှုံးနိမ့်မှုကို ရှုံးကြွေး ပြန်ဆပ်နိုင်မလားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

အက်သလက်တီကို အနေနှင့် ရီးရဲအသင်းကို စပိန်လာလီဂါအမှတ်ပေးပွဲစဉ်မှာ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စလုံး အနိုင်ယူထားနိုင်သလို စပိန် ကိုပါဒယ်ရေးဖလားမှာလည်း နှစ်ကျော့ပေါင်း လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရယူထားသည်။

၂၀၁၄ စူပါဖလားမှာလည်း နှစ်ကျော့ပေါင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အက်သလက်တီကိုအသင်း အနိုင်ရထားသည်။

ယခုချန်ပီယံလိဂ် ဒုတိယကျော့ပွဲစဉ်မှာ အက်သလက်တီကို အနေဖြင့် အဝေးဂိုးရရှိရန် ရုန်းကန်ရမည်ဖြစ်ပြီး ရီးရဲအသင်းအနေဖြင့်လည်း ယခုနှစ် အက်သလက်တီကိုနှင့် တွေ့ဆုံသမျှ အနိုင်မရရှိမှုကို အိမ်ကွင်းမှာ အနိုင်ရရေး ကြိုးစားမည်ဖြစ်သည့်အတွက် အားပြိုင်မှုပြင်းထန်မည့်ပွဲတစ်ပွဲ ဖြစ်သည်။

သီဟ-ရေးသည်

# မိုနာကိုတို့ ဂျူဗင်တပ်စ်ကို အနိုင်ယူပြီး အကြိုဗိုလ်လုပွဲ တက်လှမ်းနိုင်မှာလား

ပြင်သစ်မြေတွင် အီတလီသားတို့ အောင်ပွဲခံနိုင်ဖို့ မလွယ်ကူသလို မိုနာကိုအသင်းသည် ယခုနှစ်ချန်ပီယံလိဂ်ပွဲစဉ်တစ်လျှောက် အိမ်ကွင်းမာကျောသည့် အသင်းဖြစ်ပြီး အာဆင်နယ်အသင်းကိုသာ ရှုံးနိမ့်ခဲ့သည်။

ဂျူဗင်တပ်စ်အသင်းက ပထမအကျော့ အိမ်ကွင်းမှာ မိုနာကိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားပြီး ဂျူဗင်တပ်စ်အသင်းတွင် ခြေစွမ်းပြနေသော ပေါ့ဘာ ဒဏ်ရာပြဿနာရှိနေခြင်းကြောင့် ပါဝင်နိုင်ရန် မသေချာပေ။ အိမ်ရှင်မိုနာကိုအသင်း ပြင်သစ်မြေမှာ တိုက်စစ်မှူး ဘာဘာတော့ဗ်ကို အားကိုးရမည်ဖြစ်ပြီး ဂိုးပြတ်အနိုင်ယူရေးရုန်းကန်ရမည်ဖြစ်သည့်အတွက် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲ ကြည့်ရမည်ဖြစ်သည်။




## မင်္ဂလာဆုတောင်း

ဒေါက်တာရဲလင်းကိုနှင့် ဒေါက်တာမြသက်နွယ်တို့၏ မင်္ဂလာရက်မြတ်မှသည် ချစ်သက်နှစ် (၁၂၀)တိုင် ရာသက်ပန် ကျန်းမာ၊ချမ်းသာစွာဖြင့် ဘဝခရီးလမ်းကို ပျော်ရွှင်သာယာအောင်မြင်စွာ အတူတကွ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်သောမောင်နှမများ** - **ဦးထင်အောင်ခိုင်-ဒေါ်မေဖြူသွယ်**
(LUCKY Bird Group of Companies)
**ဗိုလ်မှူးဖုန်းဇော်အောင်** - **ဒေါက်တာခိုင်မြနွယ်**
**ဒေါက်တာဖြိုးမောင်သော်** - **ဒေါက်တာသက်ခိုင်စံ**
**ချစ်သော တူ၊တူမများ** - **ခိုင်မြတ်နိုး၊ကောင်းခန့်စွမ်းရည်**
**သားပြည့်ပြည့်၊ သမီးပြည့်ပြည့်၊ ချစ်ဝိုင်းဝိုင်း၊ ဖူးပွင့်သော်**

## မင်္ဂလာညှော့ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်ရဲချစ်ဖေ(ငြိမ်း)-တွဲဖက်ပါမောက္ခဒေါက်တာခင်မာဦးတို့၏သား

**ဒေါက်တာရဲလင်းကို**

**M.B.,B.S(Ygn)**
**M.R.C.P(UK)**
**Core Medical Trainee,University Hospitals Coventry and Warwickshire,UK**

နှင့်

ရန်ကုန်မြို့နေ ဗိုလ်ချုပ်ကက်စိန်(ကျန်းမာရေးဝန်ကြီး-ငြိမ်း)-ဒေါ်ယဉ်ယဉ်မြင့်တို့၏သမီး

**ဒေါက်တာမြသက်နွယ်**

**M.B.,B.S(Ygn)**
**M.Med.Sc(Internal Medicine)**
**Final Year Dr.Med.Sc(Gastroenterology)**
**အထူးကုဆရာဝန်၊ အစာအိမ်နှင့် အူလမ်းကြောင်းဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

တို့၏ ၂၇-၃-၂၀၁၅ရက်(တပ်မတော်နေ့)တွင် Sedona Hotel(Dagon Hall)၌ ကျင်းပပြုလုပ်သော မင်္ဂလာလက်မှတ်ရေးထိုးပွဲ၌ လက်ထပ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ သတို့သားဘက်မှ အသိသက်သေလက်မှတ်ရေးထိုးပေးပါသော ဆီးနှင့်ကျောက်ကပ်ခွဲစိတ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာသန်းအေးနှင့်ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ခင်အုန်းချစ်၊ သတို့သမီးဘက်မှ အသိသက်သေလက်မှတ်ရေးထိုးပေးပါသော ဗိုလ်မှူးချုပ်စိန်ဝင်း၊ အားကစားဝန်ကြီး(ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေးတင့်တို့နှင့် ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်ဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၈-၄-၂၀၁၅ရက်တွင် မဟာစည်သာသနာ့ရိပ်သာ ဓမ္မသာလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေး၌ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၁-၄-၂၀၁၅ရက်တွင် Novotel Yangon Max Hotel၌ ကျင်းပသော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် မင်္ဂလာနာယကအဖြစ် ဆောင်ရွက်ပေး၍ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဝဏ္ဏကျော်ထင် ဦးဉာဏ်ထွန်းအောင်နှင့်ဇနီး ဒေါ်ဝေဝေ၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဆီးနှင့်ကျောက်ကပ်ခွဲစိတ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာသန်းအေးနှင့်ဇနီး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အုန်းချစ်၊ စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော အငြိမ်းစားတပ်မတော်အကြီးအကဲကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်တို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဇနီးများ၊ ပါမောက္ခဆရာဝန်ကြီးများ၊ ဆရာဝန်ကြီးများနှင့်ဇနီးများ၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်ရီရီသန့်နှင့်တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မခင်စိန်ဒိုင်၊ မမြဟေသာနှင့် မခိုင်မြတ်နိုး၊ မင်္ဂလာအောင်စံပယ်ပန်းကိုင်ဆောင်ပေးပါသော မမြတ်အိန္ဒြေအောင်၊ မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးပါသော မနှင်းဝင်းလွင်၊ မင်္ဂလာသတို့သားအရံ ကိုကံထွန်းနှင့်ကိုနေလင်းထွန်းကို၊ မင်္ဂလာသတို့သမီးအရံ မမြတ်သဥ္ဇာဝင်းနှင့် မခိုင်မျိုးသွင်၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မိတ်ကပ်ဆံပင် မေဦးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးပါသော One Three One Fashion မှ မသဥ္ဇာထွန်းနှင့်အဖွဲ့၊ မေတ္တာဖြင့် ရတနာများဆင်မြန်းပေးပါသော ဦးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်ရင်ရင်မြ (စိန်ဇေကရာဇ်စိန်တိုက်)၊ မင်္ဂလာအခမ်းအနား ပန်းအလှဆင်ပေးသော ကိုမျိုးချစ်(ရွှေနန်းမြင့်)၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော(DAGON)ပုံနှိပ်တိုက်၊ မင်္ဂလာကိစ္စများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော Lucky Bird Group of Companies မှ ဦးထင်အောင်ခိုင်ဇနီး ဒေါ်မေဖြူသွယ်နှင့်ဝန်ထမ်းများ၊ မင်္ဂလာအခမ်းအနားနှင့် အကျွေးအမွေး စီစဉ်ဆောင်ရွက်ပေးပါသော Novotel Yangon Max Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၂၁-၄-၂၀၁၅ရက်တွင် Kandawgyi Palace Hotel(Mingalar Hall)၌ ပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာကိစ္စအဝဝအား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအား အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**ဒေါက်တာရဲလင်းကို-ဒေါက်တာမြသက်နွယ်**

# ပထမဦးဆုံး မြန်မာ့ကမ္ပည်းကျောက်စာဝန် တွင်းသင်းတိုက်ဝန်မဟာစည်သူ ဦးထွန်းညို

မြို့စိုးအေး

တိုးတက်လာသော ခေတ်ပိုင်းရောက်မှ ရှေးဟောင်းသုတေသနပညာရပ်လုပ်ငန်းများသည် စူးစမ်းရှာဖွေခြင်းလုပ်ငန်း၊ တူးဖော်မှုသုတေသနလုပ်ငန်း၊ ကမ္ပည်းကျောက်စာလေ့လာမှတ်တမ်းတင်ခြင်းလုပ်ငန်း၊ ပြုပြင်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်း၊ ပြတိုက်များခင်းကျင်းပြသခြင်းလုပ်ငန်း၊ စာအုပ်များ ပြုစုရေးသားထုတ်ဝေခြင်းလုပ်ငန်းများဟူ၍ ကျယ်ပြန့်လာခဲ့သည်။ မူလက မြန်မာ့ရှေးဟောင်းသုတေသနပညာရပ်လုပ်ငန်းသည် ရှေးဟောင်းကမ္ပည်းကျောက်စာများ ရှာဖွေလေ့လာမှတ်တမ်းတင်စာအုပ်ထုတ်ဝေခြင်းနှင့် သမိုင်းဝင်နေရာများ ရှာဖွေလေ့လာခြင်း၊ ထင်ရှားသော ရှေးဟောင်းအဆောက်အအုံများ စာရင်းပြုစုခြင်းကိုသာ တတ်နိုင်သရွေ့ အဓိကထားလုပ်ဆောင်ခဲ့ကြသည်။ ဌာန၏ အမည်ကိုလည်း ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း နှစ်အနည်းငယ်အထိ ကမ္ပည်းကျောက်စာဌာနဟူ၍သာ သုံးစွဲခဲ့ကြသည်။ ဌာနအကြီးအကဲကိုလည်း "ကျောက်စာဝန်" ဟုသာ ခေါ်ခဲ့ကြသည်။

သမိုင်းတင်ခေတ်ဦး အစောပိုင်းကာလ စာရေးစာဖတ်တတ်သောအခါတွင်မှ မှတ်တမ်းကို စာဖြင့် ရေးလာကြသည်ဖြစ်ရာ မြန်မာနိုင်ငံတွင် ခေတ်ဦးပိုင်းနှင့်ဆိုင်သော ရှေးဟောင်းပျူမြို့ပြနိုင်ငံများ ထွန်းကားခဲ့သောဒေသများတွင် ပျူကျောက်စာ အနည်းငယ်ကို တွေ့ရှိခဲ့ကြသည်။ ခရစ်နှစ်နှစ်ရာစုနှင့် ခုနစ်ရာစုအတွင်းက ဖြစ်မည်ဟု ထင်ပါသည်။ မြန်မာတို့ထူထောင်သည့် ပုဂံခေတ်ရောက်မှသာ အစောပိုင်းတွင် မွန်ဘာသာဖြင့်ရေးထိုးသော ကျောက်စာများကို တွေ့ရှိလာရပြီး တစ်ဆယ့်နှစ်ရာစု အစောပိုင်းကာလတွင်မှ မြန်မာဘာသာဖြင့်ရေးထိုးသော ကျောက်စာများကို စတင်တွေ့ရှိလာရသည်။ မြန်မာစာအရေးအသား တဖြည်းဖြည်းတိုးတက်ထွန်းကားလာသည်နှင့်အမျှ ပုဂံခေတ်နှင့် ပုဂံခေတ်လွန်နောက်ပိုင်းခေတ်များတွင်လည်း မြန်မာဘာသာဖြင့် ကျောက်စာမှတ်တမ်းများကို ရေးထိုးလာခဲ့ကြပါသည်။ ပုဂံခေတ်နှင့်ဆိုင်သော ကျောက်စာအရေအတွက်မှာ ခြောက်ရာကျော်မျှရှိပြီး ပုဂံခေတ်နောက်ပိုင်းကာလဆိုင်ရာ ကျောက်စာအရေအတွက်မှာ တစ်ထောင်ဝန်းကျင်မျှသာဖြစ်၍ ယနေ့ထိတွေ့ရှိရသော မြန်မာကျောက်စာအရေအတွက်မှာ နှစ်ထောင်နီးပါးမျှသာရှိပါသည်။ ကျောက်စာများကို အများဆုံးတွေ့ရသော ဒေသမှာလည်း မြန်မာနိုင်ငံအလယ်ပိုင်း ဧရာဝတီမြစ်ဝှမ်းနှင့် ကျောက်ဆည်၊ စစ်ကိုင်းနှင့် ချောင်းဦးဒေသများ၌သာဖြစ်ပါသည်။ ဤသို့ မြန်မာ့သမိုင်းဝင်ဒေသအသီးသီးတွင် ပျံ့နှံ့လျက်ရှိသော ရှေးမှတ်တမ်းကမ္ပည်း ကျောက်စာများကို ကုန်းဘောင်ခေတ်ဘိုးတော်ဗဒုံမင်းလက်ထက်တွင် ရှာဖွေစုဆောင်းစိစစ်ခြင်းလုပ်ငန်းကြီးတစ်ခုကို လုပ်ဆောင်ခဲ့ပါသည်။ ဤသို့ ရှေးဟောင်းကျောက်စာများကို ရှာဖွေ စုဆောင်းစိစစ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရှေးဟောင်း ကျောက်စာများကို လေ့လာစိစစ်၍ တိမ်မြုပ်နေပြီဖြစ်သော အရပ်ရပ်ဝတ်မိုးဝတ်မြေ၊ သာသနာ့မြေကိုလည်းကောင်း၊ ကျောင်းဘုရားမြေကိုလည်းကောင်း ပြုစုသာသနာစင်စေပြီး ရနိုင်သမျှ သာသနာ့မြေနှင့် အရာတော်မြေ (ဘုရင်ပိုင်ဆိုင်သောမြေကို) ခွဲခြားသာသနာစင်မှု ပြုလုပ်လိုသောကြောင့် ဖြစ်ပါသည်။

ဤလုပ်ငန်းကြီးကို တာဝန်ယူကြီးကြပ်ဆောင်ရွက်နိုင်ရန် ဘိုးတော်မင်းတရားကြီးသည် တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညိုအား တာဝန်ပေးခဲ့လေသည်။ တစ်နည်းအားဖြင့် ရှေးဟောင်းသုတေသနဆိုင်ရာ ကျောက်စာဖတ်ရှုတည်းဖြတ်ခြင်း လုပ်ငန်းကို လုပ်ကိုင်နိုင်ရန်အတွက် ကျောက်စာဝန်အဖြစ် တာဝန်ပေးခြင်းပင်ဖြစ်ပါသည်။ မင်းမြေနှင့် သာသနာမြေ အရောအထွေး အယှက်အတင် မရှိစေရန်အတွက် ကျောက်စာများ ရှာဖွေဖတ်ရှုစိစစ်ခြင်းအလုပ်ကို ဘိုးတော်ဗဒုံမင်းလက်ထက်ရောက်မှ လုပ်ခြင်းမျိုးမဟုတ်ဘဲ သာလွန်မင်းကြီးလက်ထက်ကလည်း ဤသို့ လုပ်ဆောင်ခဲ့ကြောင်းကိုလည်း တွေ့ရှိရပါသည်။ ဤသို့ဖြင့် အမရပူရမြို့ ပထမနန်းတည်ဘိုးတော်ဗဒုံမင်းလက်ထက်တွင် တွင်းသင်းတိုက်ဝန်မဟာစည်သူ ဦးထွန်းညို တာဝန်ယူကြီးကြပ်၍ မြန်မာနိုင်ငံအရပ်ရပ်ရှိ ရှေးကျောက်စာများကို ရှာဖွေစုစည်းပြီး အမရပူရမြို့သို့အရောက် ပို့စေကာ ဖတ်ရှုစိစစ်မှတ်တမ်းပြုစု အသစ်ထပ်မံရေးထိုးစိုက်ထူခဲ့သည်။ အသစ်ထပ်မံရေးထိုးသော ကျောက်စာများကို မဟာမုနိဘုရားကြီးတံတိုင်းအတွင်းထားရှိစေပြီး ရှာဖွေစုဆောင်းရရှိသော ရှေးကျောက်စာများကို အမရပူရ ဆင်ကြို့ရွှေဂူဘုရားအနီးတွင် ထားရှိခဲ့သည်။ ထိုမှ တစ်ဆင့် ၁၉၀၆ ခုနှစ်တွင် မဟာဝိဇယရံသီပုထိုးတော်ကြီးဘုရား တံတိုင်းနှင့်ကပ်လျက် ကျောက်စာရုံတစ်ခုတည်ဆောက်ကာ ထိန်းသိမ်းထားရှိခဲ့သည်။ ဒုတိယကမ္ဘာစစ် မဖြစ်မီကလေးမှာပင် မန္တလေးနန်းတွင်းသို့ ရွှေ့ပြောင်း၍ ကျောက်စာရုံအသစ် တည်ဆောက်ကာ စနစ်တကျထိန်းသိမ်းထားရှိခဲ့သည်။

ကျောက်စာဟုဆိုရာ၌လည်း မူလထိုး၊ ဆင့်ထိုး၊စပ်ထိုးဟူ၍ သုံးမျိုးရှိနေသည်။ မူလထိုးစဉ်ကအတိုင်း ရှိနေသည်ကို မူလထိုး ဟုခေါ်ပါသည်။ ဆိုင်ရာကျောင်းဘုရားနှင့် မကွေမကွင်း မရွှေ့လျားရှိနေလျှင် အကောင်းဆုံးပင်ဖြစ်ပါသည်။ မူလထိုး ဖြစ်လင့်ကစား မူလအရပ်တွင် မရှိသောကြောင့် ကျောက်စာပါအချက်တို့ကား မည်သည့်ဒေသနှင့်သက်ဆိုင်သည်ဟု အတိအကျပြောဆိုရန် ခဲယဉ်းပြန်သဖြင့် မူလနေရာမှ မရွှေ့သော မူလထိုးကျောက်စာလောက် တန်ဖိုးမရှိနိုင်ပါချေ။ ကျောက်စာတိုင်တို့ ပျက်စီးနေပါလျှင် ရေးကူး၍ ကျောက်တုံးအသစ်တွင် ပြန်လည်ရေးထိုးရမည်ဟု အမိန့်တော်ရှိသောအခါတွင် ဆင့်ထိုးဟု ပေါ်လာခဲ့ပြန်သည်။ ကျောင်းအရံတစ်ခုသို့မဟုတ် ဘုရားတစ်ဆူနှင့်ဆိုင်သော ကျောက်စာရှိသရွေ့မှ အကြောင်းအရာအားလုံးပေါင်းစပ်၍ ကျောက်စာအသစ်တစ်တိုင်ရေးထိုးခြင်းကို စပ်ထိုးဟုခေါ်ပါသည်။ သို့သော်လည်း ဆင့်ထိုး စပ်ထိုးကျောက်စာများကို မူလထိုးကျောက်စာနှင့် အတန်းအစားတစ်တန်းတည်းထားအသုံးပြု၍ မရကြောင်း သတိပြုရမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါက ရည်ရွယ်ချက်သာမက ဘိုးတော်ဗဒုံမင်းက ရှေးကရှိပြီးသော ရာဇဝင်တို့၌ပါသော အဖြစ်အပျက် ရက်စွဲတို့ကို ကျောက်စာနှင့် ညှိနှိုင်း၍ အချွတ်အယွင်းရှိလျှင် ပြင်စေဟု အမိန့်တော်ရှိလာပြန်သဖြင့် အေဒီ ၁၇၉၀ တွင် မဟာစည်သူဘွဲ့ခံတွင်းသင်းတိုက်ဝန် ဦးထွန်းညိုသည် အမိန့်တော်အတိုင်း ကျောက်စာနှင့် ရာဇဝင်ကို ညှိနှိုင်းတိုက်ဆိုင်ပြင်ဆင်ပြီးလျှင် ရာဇဝင်သစ်ကို ရေးသားခဲ့သည်။ ရာဇဝင်သစ်၏ ကျမ်းဦးနိဒါန်းတွင်လည်း " XXX ရှေးပညာရှိတို့စီရင်ခဲ့သော ရာဇဝင်တို့၌ ကျောက်စာသံပိုင်း စသည်တို့နှင့်မညီပျက်စီးယိုယွင်းမသန့်မရှင်းရှိသည်ကို ငါတို့ရွှေနန်းရှင် ဆင်ဖြူများရှင်မင်းတရားသည် မြင်တော်မူ၍ ကျောက်စာသံပိုင်းစသည်နှင့် ညီညွတ်အောင် မဟာစည်သူရာဇဝင်သစ်ထိုးဘိ" ဟု အမိန့်တော်ရှိ၍ ကျောက်စာသံပိုင်းတို့နှင့် ညှိနှိုင်းဆင်ခြင်၍ ယခုအခါ "ရာဇဝင်သစ်ထိုးပေအံ့" ဟု ဖော်ပြထားသည့်အတိုင်း ကျောက်စာပေါင်း တစ်ထောင်ကျော်ကို အကိုးအကားပြု၍ "တွင်းသင်းရာဇဝင်သစ်" ကို ရေးသားပြုစုခဲ့သည်။

ရှေးကျောက်စာများ စုဆောင်းစိစစ်ရခြင်း၏ မူလရည်ရွယ်ချက်မှာ သာသနာမြေနှင့် မင်းမြေအရောရော အထွေးထွေးရှိသည်ကို ခွဲခြားမှတ်တမ်းတင်ရန်ဖြစ်သော်လည်း ကျောက်စာများကို လေ့လာဖတ်ရှုကြသောအခါ ကျောက်စာဖော်ပြချက်များနှင့် မညီမညွတ်ဖြစ်သော ရှေးရာဇဝင်ကျမ်းများ၏ အဆိုအမိန့်များကို တွေ့ရှိလာခဲ့ရသည်။ ထို့ကြောင့် ကျောက်စာဖော်ပြချက်များနှင့် ညီညွတ်သော ရာဇဝင်သစ်ကို ရေးသားရန် ဘိုးတော်ဘုရားကိုယ်တော်တိုင် ဦးထွန်းညိုကို တိုက်တွန်းခဲ့၍လည်း ကျောက်စာပေါင်းတစ်ထောင်ကျော်ကို ကိုးကား၍ ရာဇဝင်သစ်ကို ရေးသားပြုစုနိုင်ခဲ့သည်။ ရာဇဝင်ကြီးကို ရေးသား ပြုစုရာတွင်လည်း အစဉ်အလာရေးသားလာသော မှတ်တမ်းများကို နှိုင်းယှဉ်လျက် ခေတ်ပြိုင်ကျောက်စာမှတ်တမ်းအထောက်အထားနှင့်ညှိနှိုင်းပြီး ကျောက်စာမှတ်တမ်းဖော်ပြချက်ကိုသာ အသုံးပြုအလေးထားခဲ့သည်။ ကျောက်စာသည် ခေတ်ပြိုင်မှတ်တမ်းတစ်ခုဖြစ်ရုံသာမက ခေတ်အလိုက် ရာဇဝင်များ စာတမ်းများ ပြုစုရေးသားရာတွင် ပထမတန်းစားကိုးကားနိုင်သော မူလအထောက်အထား (Primary Source) တစ်ခုဖြစ်ပါသည်။ ဤသည်ကို ဦးထွန်းညိုကိုယ်တိုင် ကျောက်စာများကို လေ့လာစိစစ်ရင်းမှ တွေ့ရှိလာခဲ့ခြင်းဖြစ်ပါသည်။ ဤသို့ကြီးမားသော တာဝန်ကြီးတစ်ခုကို ပေးနိုင်လောက်အောင်လည်း စိတ်ချရသည့် ဦးထွန်းညို၏ အရည်အချင်းကို ဘိုးတော်မင်းတရားကြီးကိုယ်တိုင် သိမြင်နေ၍ပင်ဖြစ်ပါသည်။ အဘက်ဘက်မှ အရည်အချင်းပြည့်ဝသူဖြစ်ကြောင်းကိုလည်း ရေးသားပြုစုခဲ့သော စာပေကျမ်းဂန်များအရ သိရှိရပါသည်။

တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညိုမှာ အလုံမြို့အထက် ဗဒုံတိုက်အပါအဝင် မောင်းထောင်ရွာ၌ မြန်မာသက္ကရာဇ် ၁၀၈၈(အေဒီ ၁၇၂၆) ခုနှစ်ဖွားဖြစ်သည်။ ငယ်နာမည် မောင်ထွန်းညိုဖြစ်ပြီး မိဘနှစ်ပါးအမည် ရှာဖွေစုံစမ်း၍မရချေ။ ဦးထွန်းညိုသည် စိန္တကျော်သူဦးဩ၏ ဦးရီးတော်သူဖြစ်သည်။ ဦးဩ၏ မိခင်မှာဦးထွန်းညို၏အစ်မပင်ဖြစ်သည်။ ငယ်စဉ်ကပင် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး စာပေပရိယတ္တိများကို ကြိုးစားသင်ယူခဲ့သည်။ ရဟန်းဘွဲ့မှာ ရှင်လင်္ကာသာရဖြစ်ပါသည်။ ပျို့၊လင်္ကာ၊ ကဗျာ၊ ဓမ္မသတ်အစရှိသည်တို့ကို ဝါသနာအထူးပါသည့်အတွက် ရဟန်းဘဝနှင့်ပင် "မနုဓမ္မသတ်ရွှေမျဉ်းလင်္ကာ" "မနုဝဏ္ဏနာဓမ္မသတ်လင်္ကာ" "တကျိပ်လျော်သူတမ်း"ကို စပ်ဆိုသော ဓမ္မသတ်လင်္ကာနှင့် ငါးရံ့မင်းပျို့၊ မုဒုလက္ခဏပျို့၊ မဟော်ကျေးသားခန်း၊ ဝိဘင်္ဂဥပိတခွဲထားသတ်ပုံကျမ်းတို့ကို ရေးသားနိုင်ခဲ့သည်။ ၂၅ နှစ်မျှသာရှိသေးသော အရှင်လင်္ကာရသာရ ဘွဲ့ခံ ဦးထွန်းညိုသည် သတ်ပုံဘက်အထူးလေ့လာကျွမ်းကျင်ကြောင်းကို ဝိဘင်္ဂဥပိတခွဲထားသတ်ပုံကျမ်းကိုကြည့်ခြင်းအားဖြင့် သိနိုင်ကြောင်းကို နှောင်းခေတ်ပညာရှင်တို့ဆိုပါသည်။ ဦးထွန်းညိုသည် ရဟန်းဘဝမှာပင် ပရိယတ္တိကိုလည်း အားထုတ်ရင်းမှ ဓမ္မသတ်လင်္ကာများကိုလည်းကောင်း၊ သတ်ပုံလင်္ကာများကိုလည်း ရေးသားပြုစုခဲ့သည်။ ရဟန်းသိက္ခာအတော်ရလာမှပင် အလောင်းမင်းတရားကြီး ရတနာသိင်္ဃကုန်းဘောင်မြို့တော်ကြီးတွင် ကြငှန်းဖွင့်တော်မူသောအခါမှ လူဝတ်လဲပြီး ထီးနန်းရိပ်ကို ခိုလှုံခဲ့သည်။ အလောင်းမင်းတရားကြီး၏ ပဥ္စမြောက်သားတော် ဗဒုံမင်းသားထံတွင် ဆရာအဖြစ် အမှုတော်ထမ်းရာမှ ဆရာကြီး ဦးထွန်းညိုဟုတွင်သည်။ ဗဒုံမြို့စားမင်းသား ဘိုးတော်မင်းတရားကြီး အထွတ်အထိပ်သို့ရောက်တော်မူသောအခါတွင် ဦးထွန်းညိုအား ရှေးဦးစွာ "မဟာသင်္ခယာ"ဘွဲ့ကိုပေးအပ်၍ ကျီဝန်ခန့်ထားပြီး သူကောင်းပြုခဲ့သည်။ ဘိုးတော်မင်းကြီး လေ့လာနိုင်ရန်လည်း "မဟာပရမ၊ သမ္မာရဖြင့်" အစရှိသည့် မနုရင်းဓမ္မသတ်လင်္ကာကို ရေးသားခဲ့သည်။ ပျို့၊ မော်ကွန်း၊ လူးတား၊ ရတုများကိုလည်း ရေးသားခဲ့သည်။ ဤသို့ဖြင့် မကြာမီကာလမှာပင် "မဟာစည်သူ" ဘွဲ့နှင့် တွင်းသင်းတိုက်ဝန် ခန့်အပ်တော်မူသည်။ ထိုအခါတွင်ပင်"တွင်းသင်းမင်းကြီး" "တွင်းသင်းတိုက်ဝန်မဟာစည်သူဦးထွန်းညို" ဟု ကျော်စောထင်ရှားလာခဲ့သည်။ ဤသို့ မြန်မာစာပေဆိုင်ရာစာပေများကို ရေးသားပြုစုနိုင်သည်သာမက ရှေးကျောက်စာများနှင့် ညှိနှိုင်းကိုးကား၍ ဆန်းသစ်သော အတွေးအခေါ်နှင့် မြန်မာရာဇဝင်ကြမ်းကြီးတစ်ခုဖြစ်သော "တွင်းသင်းရာဇဝင်သစ်"ကို ရေးသားပြုစု ရေးသားနိုင်ခဲ့သည်။ ထို့ကြောင့် တွင်းသင်း တိုက်ဝန်မဟာစည်သူဦးထွန်းညိုအား ဆန်းသစ်သော အတွေးအခေါ်ရှိသည့် ပထမဦးဆုံး "မြန်မာ့ကမ္ပည်းကျောက်စာဝန်" "ရှေးဟောင်းသုတေသနပညာရှင်" "သမိုင်းပညာရှင်"ဟု ခေါ်ဆိုသတ်မှတ်ထိုက်ပါသည်။

**ရှေးဟောင်း ကျောက်စာများကို လေ့လာစိစစ်၍ တိမ်မြုပ်နေပြီဖြစ်သော အရပ်ရပ်ဝတ်မိုးဝတ်မြေ၊ သာသနာ့မြေကိုလည်းကောင်း၊ ကျောင်းဘုရားမြေကိုလည်းကောင်း ပြုစုသာသနာစင်စေပြီး ရနိုင်သမျှ သာသနာ့မြေနှင့် အရာတော်မြေ (ဘုရင်ပိုင်ဆိုင်သောမြေကို) ခွဲခြားသာသနာစင်မှု ပြုလုပ်လိုသောကြောင့် ...**

## တောင်သူများထံမှ နှမ်းမျိုးစျေးကောင်းပေး၍ ဝယ်ယူ

မကွေး ဧပြီ ၂၁

မြန်မာနိုင်ငံမှာ ဆီထွက်သီးနှံအများဆုံးစိုက်ပျိုးသော ဒေသတစ်ခုဖြစ်သည့် မကွေးတိုင်းတွင် မိုးဦးကျနှမ်းကို မေလနှင့် ဇွန်လတွင် စိုက်ပျိုးနိုင်ရန်အတွက် နှမ်းမျိုးဝယ်ရာတွင် ပွဲရုံများထက် တောင်သူများထံမှ နှမ်းမျိုးစျေးတစ်တင်းကို ငွေကျပ် ၁၀၀၀၀ ပို၍စျေးကြီးသော်လည်း ဝယ်ယူကြကြောင်း သိရသည်။

တချို့ယာတစ်ဧက နှစ်ဧကရှိသော တောင်သူများကနှမ်းမျိုးကို ချန်မထားဘဲ ပွဲရုံမှ စျေးကောင်းသည့် အသံကြားလျှင်အကုန်ရောင်းကြ၍ ယခုလို မိုးဦးကျချိန် တောင်သူကြီးတွေဆီကနေဝယ်ယူကြသည်။ ယခုလို အချိန်ဆိုရင် ပွဲရုံကစျေးနှင့် တောင်သူကြီးများ ဆီမှာရှိသည့် နှမ်းမျိုးစျေး သည် ငွေကျပ် ၅၀၀၀ မှ ၁၀၀၀၀ အထိ အမြဲလိုလို နှစ်တိုင်းကွာတတ်ကြောင်း၊ သို့ရာတွင် တောင်သူများ ထံမှ နှမ်းမျိုးစေ့သည် ကိုယ်လိုချင် သည့် နှမ်းမျိုးကိုရရှိပြီး မျိုးကောင်း မျိုးသန့်ကိုရနိုင်သဖြင့် ပွဲရုံထက် ၅၀၀၀ ကျပ်၊ ၁၀၀၀၀ ကျပ်ပို၍ များသော်လည်း တောင်သူများထံမှ နှမ်းမျိုးကို အဝယ်များကြသည်ဟု တောင်သူတစ်ဦးက ပြောပြ၍ သိရသည်။

နှမ်းအမျိုးအမည်များမှာ ဘပန်၊ စက်လှည့်၊ ရွှေတဆုပ်၊ ဂွလေနီ၊ စမ့ုနက်၊ ရွှေမိုး၊ စိန်ပတ်လည် စသော နှမ်းမျိုးပေါင်း များစွာရှိသည့်အနက် မကွေးမြို့အရှေ့ဘက် မကြီးကန်ကျေးရွာ နွားကူး၊ သန်တောကုန်း၊ ဆာတိုင်ကန်၊ သပြေစမ်း၊ ပုထိုးစမ်းကျေးရွာများတွင် မြေ၊ ရာသီဥတုအရ စက်လှည့်၊ ရွှေတဆုပ်၊ ဂွလေနီ၊ ဘပန်၊ စမ့ုနက်တို့ကိုသာ အကြဲများသည်ဟု မကြီးကန်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။ နှမ်းစျေးမှာ အဖြူတစ်တင်းကို ငွေကျပ် ၃၅၀၀၀ ပေးဝယ်ရပြီး နှမ်းအနက် စမ့ုနက် တစ်တင်းကို ငွေ ကျပ် ၆၀၀၀၀၊ နှမ်းအနီ ငွေ ကျပ် ၃၀၀၀၀ ခန့် ပွဲရုံများမှာ စျေးရှိကြောင်းသိရပြီး တောင်သူများထံတွင် ပွဲရုံများထက် တစ်တင်းကို ငွေကျပ် ၅၀၀၀ မှ ငွေကျပ် ၁၀၀၀၀ စျေးပိုမြင့်ကြောင်း၊ မျိုးကောင်းမျိုးသန့် ရရှိနိုင်သည့် တောင်သူများထံမှ နှမ်းမျိုးများကို စတင်သိုလှောင်သိမ်းဆည်းစဉ်အခါက သေချာသန့်စင်၍ ခြောက်သွေ့အောင် နေလှန်းခြင်း နှစ်လုံးပေါက်သိုလှောင်နိုင်ရန်အတွက် ခြောက်သွေ့သန့်ရှင်းသော ဂုန်နီအိတ်များထဲတွင် သေချာသိမ်းဆည်းထား၍ စိတ်ချရသည်ဟု တောင်သူတစ်ဦးက ပြောသည်။

ဓာဓာ(မကွေး)

# ဇနုပြည်တော်မြို့နယ်တွင် ၁၁ ကေဗွီဓာတ်အားလိုင်း တိုးချဲ့တည်ဆောက်

**ဇနုပြည် ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဇနုပြည်တော်မြို့နယ်တွင် ဓာတ်အားပေးစနစ် ပိုမိုကောင်းမွန်စေရေးနှင့် ဗို့အားပြည့်ဝစွာ ရရှိရေးတို့အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ၁၁ ကေဗွီ(၁)ဖီဒါတိုးချဲ့နှင့် ၁၁ ကေဗွီ လိုင်း(၁ ဒသမ ၆)မိုင် တိုးချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ အောင်မြင်စွာ ပြီးမြောက်ခဲ့သဖြင့် တစ်မြို့လုံး ဓာတ်အား ပြတ်တောက်မှုမရှိခြင်း၊ ဓာတ်အားလိုင်းတိုးချဲ့သဖြင့် ဗို့အား ပြည့်ဝစွာရရှိခြင်းတို့ကြောင့် မြို့နေပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ခင်သန္တာထွေး(iprd)**

အခွန်သယ်ပိုး
တို့ပြည်အကျိုး
တည်ဆောက်ခေတ်မီ
တို့မြန်ပြည်



# အမျိုးသားကန်တော်ကြီးဥယျာဉ် နံနက်ပိုင်းလမ်းလျှောက်သူများအတွက် အခမဲ့ဖွင့်

**ပြင်ဦးလွင် ဧပြီ ၂၁**

ပြင်ဦးလွင်မြို့ အမျိုးသား ကန်တော်ကြီးဥယျာဉ်သည် ကျယ်ဝန်းပြီး မြို့အစွန်တွင် တည်ရှိကာ ဘေးပတ်ဝန်းကျင်ရှိ အုပ်အုပ်ဆိုင်းဆိုင်း သဘာဝသစ်တောကြီးများနှင့် ကြီးမားကျယ်ပြန့်သော ကန်ရေပြင်တို့ ရှိနေခြင်းကြောင့် လည်းကောင်း၊ ဥယျာဉ်အတွင်း၌ အရောင်အသွေးစုံလင်လှသော ပန်းပေါင်းစုံတို့ရှိနေခြင်းကြောင့် လည်းကောင်း၊ ကန်ရေပြင်အတွင်း၌ ရေဘဲ၊ ဘဲငန်း၊ (အဖြူ အနက်)နှင့် ဟင်္သာမောင်နှံတို့ ဘာသာဘာဝပျော်မြူးဟန်ကြည်နူးစဖွယ်မြင်ကွင်းများကြောင့် လည်းကောင်း၊ အဓိကအားဖြင့် သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်တို့ကို ရှူရှိုက်ခွင့် ရရှိနိုင်သော အခွင့်အရေးများကြောင့် လည်းကောင်း၊ ကျန်းမာရေးလိုက်စားသူများအနေဖြင့် နံနက်စောစောထ၍ လမ်းလျှောက်ကာ အမျိုးသားကန်တော်ကြီး အနီးတစ်ဝိုက်တွင် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို ပြုလုပ်ကြသည်။

ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်း၊ လေ့ကျင့်ခန်းပြုလုပ်သူတို့ တစ်စတစ်စ များပြားလျက်ရှိလာသောကြောင့် ကန်တော်ကြီး ကန်ပေါင်တစ်လျှောက်တွင် နံနက်ပိုင်း၌ အလွန်လူစည်ကားလျက် ကျန်းမာရေး လေ့ကျင့်ခန်း ပြုလုပ်နေသူများအတွက် နေရာ အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်။ ထိုသို့သော အခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း နံနက် ၆ နာရီမှ ၈ နာရီအထိ ကျန်းမာရေးပြုလုပ်လိုသူများအတွက် အခမဲ့ ဝင်ခွင့်ပြုထားကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ပုံမှန်အားဖြင့် ပြင်ဦးလွင် အမျိုးသား ကန်တော်ကြီးဥယျာဉ်သည် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ နေ့စဉ်ဖွင့်လှစ်ပေးထားပြီး လူကြီးတစ်ဦးဝင်ခနှုန်း ငွေကျပ် ၁၀၀၀၊ ကလေးတစ်ဦး ဝင်ခနှုန်း ငွေကျပ် ၅၀၀ သတ်မှတ်ထားရှိရာ ယခုကဲ့သို့ နံနက်စောစော ကျန်းမာရေးလေ့ကျင့်ခန်း ပြုလုပ်လိုသူများအတွက် နံနက်ပိုင်းတွင် အခမဲ့ ဝင်ခွင့်ပြုထားသောကြောင့် အဆင်ပြေချောမွေ့စွာဖြင့် လေ့ကျင့်ခန်းများ ပြုလုပ်နိုင်ပြီဖြစ်ကြောင်း လမ်းလျှောက်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

## (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

## အတီးပြိုင်ပွဲများအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

ယမန်နေ့မှအဆက်

### စောင်း

**၁။ ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)**

- (က) တောတောင်စွယ် (ယိုးဒယား)
- (ခ) ယမုံနာ (ပတ်ပျိုး)
- (ဂ) စုံသာမြိုင်လယ် (သီချင်းခံ)
- (ဃ) စိန်ခြယ်ခြူးသန်း (ပတ်ပျိုး)
- (င) ရွှေတညာ (ယိုးဒယား)
- (စ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (ဆ) သောင်းကျေးဒိပါဗွေ (မွန်)
- (ဇ) ဘုန်းများများမင်း (ပတ်ပျိုး)

**၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)**

- (က) ခါနွေဆန်း (ယိုးဒယား)
- (ခ) ညှင်းလေကသွေး (ပတ်ပျိုး)
- (ဂ) ဥကင်ဘုံမြင့် (ဘွဲ့)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

- (က) နန်းသီဟိုဠ် (ယိုးဒယား)
- (ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
- (ဂ) ဇေယျာအောင်ချာ (ကြိုး)

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့် (အမျိုးသား၊ အမျိုးသမီး)**

- (က) သီတာသီတာဧရာကြီး (ကြိုး)
- (ခ) ဝိဇ္ဇာတောလား (ယိုးဒယား)
- (ဂ) ရန်တကာအောင် (ဘွဲ့)

**၅။ အခြေခံပညာ(၁၀-၁၅)အဆင့် (အမျိုးသား၊ အမျိုးသမီး)**

- (က) မြမန်းဂီရိ (ယိုးဒယား)
- (ခ) မင်္ဂလာသီရိ (ဘွဲ့)
- (ဂ) မှိုင်းရိပ်ကယ်တည့် (ကြိုး)

### စန္ဒရား

**၁။ ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)**

- (က) တောတောင်စွယ် (ယိုးဒယား)
- (ခ) တောမြိုင်စွန်း (ယိုးဒယား)
- (ဂ) သေနင်္ဂမည် (ပတ်ပျိုး)
- (ဃ) ဒီပါအေးမြ (ပတ်ပျိုး)
- (င) မန်းတောင်လက်ယာ (ယိုးဒယား)
- (စ) စိန်ကြယ်ညီးလင်း (မွန်)
- (ဆ) ကောင်းချီးသင်္ဂြိုဟ် (မွန်)
- (ဇ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)

**၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)**

- (က) မြိုင်ဂန္ဓမာ (ယိုးဒယား)
- (ခ) ပိတောက်လမ်း (ကာလပေါ်)(မာမာအေး) **(Original Key:D)**
- (ဂ) ယမုန်နာ (ပတ်ပျိုး)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

- (က) ရွှေပြည်တော်သည် (ပတ်ပျိုး)
- (ခ) တစ်ဆောင်းသစ်ပြန်ပြီ (ကိုသန်းလှိုင်) **(Key-G)**
- (ဂ) အတိုင်းမသိ (ဘွဲ့)

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့် (အမျိုးသား၊ အမျိုးသမီး)**

- (က) ညဥ့်သုံးယံ (ပတ်ပျိုး)
- (ခ) တမာလမ်း (ကာလပေါ်)(ချိုပြုံး) **(Key-E♭) Original**
- (ဂ) ဆန်းဆန်းသဥ္စာကြာညောင် (ယိုးဒယား)

**၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)**

- (က) မင်္ဂလာသီရိ (ဘွဲ့)
- (ခ) သောင်းသောင်းညံ (ယိုးဒယား)
- (ဂ) တောသူအချစ် (ကာလပေါ်) (ပန်တျာတင်တင်မြင့်)

### ပတ္တလား

**၁။ ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)**

- (က) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ခ) ဖြူပြာမှုရာ (ပတ်ပျိုး)
- (ဂ) ပုံပမာ (ကြိုး)
- (ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (င) တောမြိုင်ခြေလှမ်း (ယိုးဒယား)
- (စ) ထောင်ရောင်နေကသာ (သီချင်းခံ)
- (ဆ) ပန်းမြိုင်လယ် (ယိုးဒယား)
- (ဇ) ညင်းညင်း (မွန်)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

- (က) မြိုင်ပေမာ (ယိုးဒယား)
- (ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
- (ဂ) မဲဇာတောင်ခြေ (ပတ်ပျိုး)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

- (က) မှန်ရဝေ (ပတ်ပျိုး)
- (ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
- (ဂ) သီလာမြေယံ (ကြိုး)

**၄။ အခြေခံပညာ(၁၅-၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

- (က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
- (ခ) မိုးမင်းလွန်ကဲ (ကြိုး)
- (ဂ) သောင်းသောင်းညံ (ယိုးဒယား)

**၅။ အခြေခံပညာ (၁၀-၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

- (က) မင်းလွင်မင်းလွင်မှိုင်းအုံ့ (ကြိုး)
- (ခ) ဂန္ဓမာတောင် (ဘွဲ့)
- (ဂ) ဟေမန်ပွေဟန် (ပတ်ပျိုး)

### နှဲ

**၁။ ဝါသနာရှင်(ပထမတန်း) အဆင့် (အမျိုးသား)**

- (က) အောင်မြေသာစံ (ပတ်ပျိုး)
- (ခ) နှင်းယွန်းဂိမ္ဘာန် (မွန်)
- (ဂ) ညင်းညင်း (မွန်)
- (ဃ) ကြံ့ကြံ့ဖန်ဖန် (ယိုးဒယား)
- (င) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (စ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (ဆ) မြိုင်ဂန္ဓမာ (ယိုးဒယား)
- (ဇ) ညို့ညို့ဆိုင်းဆိုင်း (ပတ်ပျိုး)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)**

- (က) ယမုန်နာ (ပတ်ပျိုး)
- (ခ) မှော်ရုံဟေဝန် (ယိုးဒယား)
- (ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)**

- (က) ဇေယျာအောင်ချာ (ကြိုး)
- (ခ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
- (ဂ) ဂန္ဓမာတောင် (ဘွဲ့)

**၄။ အခြေခံပညာ(၁၅-၂၀) အဆင့် (အမျိုးသား)**

- (က) မြန်ခန်းကျွန်းတွင်း (ကြိုး)
- (ခ) မင်္ဂလာသီရိ (ဘွဲ့)
- (ဂ) မှန်ရဝေ (ပတ်ပျိုး)

**၅။ အခြေခံပညာ(၁၀-၁၅) အဆင့် (အမျိုးသား)**

- (က) ဘုံဆောင်မြင့် (ကြိုး)
- (ခ) လာချေပြီ (ကြိုး)
- (ဂ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

*(ဆက်လက်ဖော်ပြပါမည်)*



ကချင်ပြည်နယ် မိုးညှင်းမြို့ သာသနာဟိတကာရီသီလရှင်ကျောင်းတိုက်၌ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းဆင့် ကျောင်းသူ ၄၅ ဦးသည် သင်္ကြန်ကာလအတွင်း သာသနာ့နွယ်ဝင် သီလရှင်ဝတ်ခြင်းဖြင့် ကောင်းမှုကုသိုလ်တရားပွားကြရာ သာသနာ့ဘောင်အတွင်းဝင်မည့် ကျောင်းသူလေးများ မေ ၁၂ ရက်က မြို့ပေါ်လှည့်လည်စဉ်။ (ဝ၆၃)

# မူးယစ်ဆေးဝါး ဖမ်းဆီးရာမှ ကွင်းဆက်တရားခံပါ ဖမ်းမိ

**အင်းတော် မေ ၂၁**

ကသာခရိုင် အင်းတော်မြို့နယ် မော်လူး ရဲစခန်းပိုင်နယ်မြေ ငွေ့ကြီး ရွာအနောက် လယ်ကွင်းထဲတွင် သတင်းအရ မူးယစ်ဆေးဝါးရှာဖွေ ဖမ်းဆီးရာမှ မူးယစ်သားကောင် နှစ်ဦးနှင့်အတူ ကွင်းဆက်တရားခံပါ ဆက်တိုက်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၀ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်က မော်လူး ရဲစခန်းပိုင် နယ်မြေတွင် စခန်းမှူး ရဲအုပ်အေးမင်းသိန်းသည် တာဝန် ဆောင်ရွက်နေစဉ် နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ်ဝေမိုးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ သက်သေ ဦးဖိုးဇော်၊ ဦးစိုင်းဝဏ္ဏတို့နှင့်အတူ ငွေ့ကြီး ရွာအနောက်ဘက် လယ်ကွင်းထဲ တွင် စောင့်ဆိုင်းနေစဉ် နိုင်စိုး (၃၅ နှစ်) ငွေ့ကြီးကျေးရွာ အင်းတော် မြို့နယ်နေသူနှင့် ဇင်မင်းထွန်း (၂၁ နှစ်) ငွေ့ကြီးကျေးရွာ အင်းတော် မြို့နယ် နေသူတို့အား တွေ့ရပြီး မသင်္ကာသဖြင့် ရှာဖွေရာ နိုင်စိုး၏ ဝဲဘက်လက်အတွင်းမှ မူးယစ် ဆေးဝါးဘိန်းဖြူဟု ယူဆရသော အဖြူမှုန့်အလေးချိန် ၀ ဒသမ ၁၂၇ ဂရမ်ခန့်ပါ ပင်နီဆီလင်တစ်လုံးကို ရှာဖွေတွေ့ရှိသဖြင့် သက်သေ များရှေ့မှောက်တွင် ရှာဖွေပုံစံရေး သွင်းကာ ဖမ်းဆီးအရေးယူခဲ့ပြီး ဆက်လက်စစ်ဆေးရာ ၄င်း မူးယစ် ဆေးဝါးများကို မော်လူးရဲစခန်း ပိုင်နယ်မြေနှင့် ကိုးမိုင်ခန့်အကွာ ညောင်ပင်ဆိပ်ကျေးရွာ နေသူ ချစ်စံဆိုသူဖြစ်ကြောင်း သိရသဖြင့် မော်လူးရဲစခန်းမှ နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ်ဝေမိုးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကသာခရိုင် မှူး နှိမ်မှ ဒုရဲအုပ်ဝေဖြိုးနှင့်အဖွဲ့တို့သည် သက်သေများနှင့်အတူ ညောင်ပင် ဆိပ်ကျေးရွာနေ ချစ်စံ၏နေအိမ်အား မြို့နယ်ရဲတပ်ဖွဲ့မှူး၏ မူးယစ် ဆေးဝါး ရှာဖွေဖမ်းဆီးခွင့်ဖြင့် ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူဟု ယူဆရသော အဖြူရောင်အမှုန့် အလေးချိန် ၂ ဂရမ်ခန့်ပါ ဆပ်ပြာ ခွက်တစ်ခွက်၊ ပလတ်စတစ်ဖြင့် ထုပ်လျက် ၁၄ ဂရမ်ခန့်ပါ ဆပ်ပြာ ခွက်တစ်ခွက်၊ ပလတ်စတစ်ဘူးဖြင့် ထည့်လျက် ၁ ဂရမ်ခန့် တစ်ဘူး၊ ၀ ဒသမ ၃၈ ဂရမ်ခန့်ပါ ပင်နီဆီလင် နှစ်လုံး စုစုပေါင်း ၁၇ ဒသမ ၇၆ ဂရမ်ခန့်၊ ကာလတန်ဖိုး ငွေကျပ် ၁၇၇၆၀၀၀ တို့ကို တွေ့ရှိရသဖြင့် သက်သေများရှေ့မှောက်တွင် ရှာဖွေ ပုံစံရေးသွင်းကာ အရေးယူနိုင်ခဲ့ သည်။

အမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး မော်လူးရဲစခန်းက ချစ်စံ (၅၆နှစ်) ကို ဆက်လက်စစ်ဆေးလျက်ရှိ ကြောင်း သိရသည်။

**နီတိုး**

# နွေစပါးစိုက်ပျိုးခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို မြှင့်တင်လျက်ရှိ

ဧရာဝတီ တိုင်းဒေသကြီးအတွင်း ရှိ ဖျာပုံခရိုင်သည် မိုးစပါးဖြစ်သည့် ပေါ်ဆန်းမွှေး (ဘေးကျားလေး) အဓိကစိုက်ပျိုးခြင်းနှင့် နွေစပါး သီးထပ်ရင် (ရက်-၁၀၀)သုံးလခွဲ မျိုးစပါးများ အဓိကစိုက်ပျိုးဖြစ်ထွန်း သော ဒေသဖြစ်သည်။ ယခုနှစ်များ အတွင်း နွေစပါးစိုက်ပျိုးမှုပမာဏ မှာ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၃၆၇၂၈၇ ဧက၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၃၇၁၀၂၂ ဧကနှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဇန်နဝါရီလ နောက်ဆုံးပတ် (ထွန်တုံးမပိတ်မီ) အထိ ၃၄၂၅၀၀ ဧက အသီးသီး ရှိခဲ့ရာ အဆိုပါနှစ်များ၏ နွေစပါး စိုက်ပျိုးမှုပမာဏမှာ တစ်နှစ်ထက် တစ်နှစ် ကွာခြားမြင့်တက်လာသည် ကို တွေ့ရှိရသည်။ ထိုကဲ့သို့ နွေစပါး စိုက်ဧကများ မြင့်မားတိုးတက်လာ ခြင်း၏ အခြေခံအကြောင်းရင်း များသိလို၍ မေးမြန်းကြည့်ရာ

“အဓိကကတော့ စိုက်ပျိုးရေ ပဲဗျ။ ရေမရှိရင် စပါးစိုက်လို့မရ ဘူး။ ရေရှိရင် စိုက်လို့ရနိုင်တယ်။ ကျွန်တော်ကိုယ်တိုင်က စပါးဧက ၁၀၀ ကျော် စိုက်ပါတယ်။ ဧကများ လာတာနဲ့အမျှ အဓိကကြုံတွေ့ရတဲ့ အခက်အခဲက စိုက်ပျိုးရေရရှိ မှု ခက်ခဲတာနဲ့ လုပ်သားရှားပါးမှု ပြဿနာပါ။ နောက်တစ်ချက်က ရိတ်သိမ်းချိန်မှာ ရိတ်သိမ်း၊ ခြွေလှေ့၊ အခြောက်လှန်းစက်စတဲ့ ဆက်စပ်ကိရိယာ အင်အားလည်း လိုတယ်ပေါ့။ ပြီးတော့ ဓာတ်မြေ ဩဇာလည်းလိုတယ်။ ဓာတ်မြေ ဩဇာကိုလည်း ကုမ္ပဏီတွေကပဲ ဖြစ်ဖြစ်၊ သက်ဆိုင်ရာ ဌာနကပဲ ဖြစ်ဖြစ် ခေါက်ပြန်ကြေးသဘောမျိုး ဒါမှမဟုတ်လည်း စပါးပေါ်ပေး သဘောမျိုးသတ်မှတ်ပြီး ရောင်းချ ပေးမယ်ဆိုရင်တော့ ဓာတ်မြေဩဇာ အတွက် စိတ်အေးရတာပေါ့။ ဒီနှစ်တွေမှာ ထိုင်ဝမ်ခရုလို့ခေါ်တဲ့ ရွှေခရုကျားတွေကလည်း အရမ်း ကိုက်တယ်။ နှိမ်နင်းလို့လည်း မလွယ်ဘူး။ အချို့ဆို ခရုကိုက်လို့ လယ်လေးငါးဧက မရိတ်လိုက်ရဘူး။ အကုန်လုံးငုတ်တုတ်ပဲ။ အဓိကက တော့ ရေရရှိရေးပါပဲဗျာ။ ကျွန်တော် တို့ ဒေးဒရဲမြို့နယ်မှာ ကျွန်တော် သိရသလောက်တော့ မဂ္ဂမ်းပုံရေ တံခါးတစ်ခုပဲ ရှိတယ်လို့၊ ဒါကလည်း သက်ဆိုင်ရာဌာနက ဟိုတုန်းက စိုက်ဧကနဲ့ အခြေအနေအရ လုံလောက်မှုရှိလို့ ဒီရေတံခါး တစ်လုံးပဲ ဆောက်ခဲ့တာနေမှာပေါ့။ ဒီဘက်နှစ်တွေမှာ တကယ်တမ်း နွေစပါးတွေ သူတင်ကိုယ်တင် စိုက် လာကြတဲ့အခါ သူ့လယ်၊ ကိုယ့် လယ်ထဲရေရောက်ဖို့ တော်တော် ကြိုးစားရတာဗျ။ လက်ရှိအခြေ အနေကတော့ ဒီကျုံးဘုတ်ချောင်း က ရေနဲ့ပဲ အဆင်ပြေသလောက် သုံးနေကျတာပါပဲ။ အရင်နှစ်က ဆည်မြောင်းမှ စက်ကြီးတွေနဲ့ ကျွန်တော်တို့ လယ်သမားတွေ ချည်းစုပြီး တူးထားခဲ့တဲ့ မြောင်း ဟောင်းကိုပြန်တူး ဖော်ပေးလို့ ရေစီးရေလာတော်တော်လေး အဆင် ပြေသွားတယ်။ ကျွန်တော်တို့ ကွင်းက မိုးစပါးနွေစပါး ကွင်းပြည့်စိုက်တဲ့ ဒေသပါ။ တညင်ကုန်း တစ်အုပ်စု တည်းတောင် နွေစပါးစိုက် ဧက ၁၈၄၀ လောက် ရှိတယ်ဆိုတော့ ဘယ်နည်းမဆို လယ်တိုင်း ရေရရှိ ဖို့ လိုတာပေါ့ဗျာ။ အခုအတိုင်းရော စိုက်ပျိုးလို့ မရဘူးလားလို့ မေး ရတယ်လို့ပဲဖြေရမယ်။ ဒါပေမယ့် ရှိရင်းဆွဲသဘာဝ ကျုံးဘုတ်ချောင်း နဲ့ လယ်သမားမြောင်းတွေကို ပြင်ဆင်တူးဖော်ပေးပြီး မြောင်း သစ်တွေ ထပ်မံတူးဖော်ပေးဦးမယ် ဆိုရင်တော့ အလှမှာ အယဉ်ဆင့် ဆိုသလို လက်ရှိထပ်ပိုပြီး စိုက်ဧက တိုးလို့ အကျိုးဖြစ်ထွန်းလာနိုင်ပါ တယ်။ ရေတော်မိုးတော်ဖြစ်ပြီး အထွက်နှုန်းလည်း ပိုတိုးလာမယ်။ လယ်သမားတွေရဲ့ ရေကြောင့်စိတ် ဆင်းရဲရတဲ့ ဒုက္ခတွေလည်း သက်သာ လာမယ်လို့ ပြောချင်ပါတယ်” ဟု ဒေးဒရဲမြို့နယ် တညင်ကုန်းကျေးရွာမှ လယ်သမားကြီး ဦးကျော်ညွန့်က ပြောသည်။



အောင်မြင်ဖြစ်ထွန်းလျက်ရှိသော နွေစပါးစိုက်ခင်းအားတွေ့ရစဉ်။

ဆန်စပါးသည် နိုင်ငံသား အားလုံးတို့၏ အသက်သွေးကြော၊ နိုင်ငံ၏ စီးပွားရေးတစ်ရပ်ဖြစ်သည်နှင့် အညီ ဆန်စပါးသီးနှံဖွံ့ဖြိုးတိုးတက် ရေးအတွက် အထူးအလေးပေး ဆောင်ရွက်လျက်ရှိရာ လက်မှုလယ် ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာ ကူးပြောင်းနိုင်ရေး သည်လည်း အဓိကဖြစ်ကြောင်း သိရ သည်။

“အရင်တုန်းက ဘိုးစဉ် ဘောင်ဆက် စိုက်ပျိုးလာခဲ့တာ ကတော့ ပေါ်ဆန်းမွှေး (ဘေးကျား လေး)စပါးပေါ့။ အခုနွေစပါး စမ်းသပ် စိုက်ပျိုးပြီး အောင်မြင်လာလို့ စီးပွား ဖြစ် စိုက်ပျိုးလာကြတာကတော့ နှစ် ၂၀ လောက် ရှိပါပြီ။ ကျွဲတွေ၊ နွားတွေနဲ့ပဲ လက်မှုလယ်ယာ လုပ်လာကြတာပါ။ ဒီချောင်းရေနဲ့ မြောင်းဟောင်း ပြန်ဖော်ပေးတဲ့ ရေလောက်နဲ့ပဲ လည်ပတ်အောင် သုံးစွဲနေကျရတာဆိုတော့ ကျွန်တော့် အမြင်ပြောရရင် လေးပေအကျယ်၊ သုံးပေ အနက်လောက်ရှိတဲ့ ကျွန်တော် လယ်သမားမြောင်း၌ ဆည်ရေသောက်စနစ်မှာ အသုံးပြု လေ့ရှိတဲ့ မြောင်းထိပ် အဆောက် အအုံနဲ့ ဂိတ်တံခါးလေးတွေ လုပ်ပေး စေချင်တာရယ်၊ ခြောက်ပေ၊ ကိုးပေ၊ ၁၂ပေ အစားစားရှိတဲ့ ရေပေးပြွန် လေးတွေ သင့်လျော်သလို ဆောက် ပေးစေချင်တာရယ်၊ အဲ့ဒီနှစ်ချက် ကို ဆောင်ရွက်ပေးမယ်ဆိုရင်တော့ စိုက်ဧကတွေ တစ်ဧက ၁၀ တင်း ပိုထွက်တယ်ပဲ ထားဦး ဧက ၅၀၀၀၀ ဆို တင်းငါးသိန်း ပိုထွက်လာ နိုင်တယ်။ နွေစပါး တစ်ဧကကို စပါးတင်း ၉၀၊ ၁၀၀နဲ့ ၁၀၀ ကျော် အထိ ထွက်ပါတယ်။ ဈေးကတော့ စပါးတင်း ၁၀၀ ကို လေးသိန်း ဝန်းကျင်နဲ့ ရောင်းရပါတယ်။ ဈေးကွက်ပေါ်မူတည်ပြီး ဈေးနှုန်း အပြောင်းအလဲတော့ရှိ တာပေါ့။ ဓာတ်မြေဩဇာ သုံးစွဲမှုအနေနဲ့ ကတော့ ပုလဲဓာတ်မြေဩဇာ၊ တီစူပါဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေး ပါဝင်တဲ့ ပေါ်တက်ဓာတ်မြေဩဇာ တွေကို အချိုးကျသုံးပါတယ်” ဟု တောင်သူ ဦးညိုဝင်းက ပြောသည်။

ယခုနှစ်နွေစပါးထွန်တုံးမပိတ် သေးမီ ဇန်နဝါရီလ နောက်ဆုံးပတ် အထိ ဖျာပုံခရိုင်အတွင်း နွေစပါး စိုက်ပျိုး ပြီးစီးမှုပမာဏမှာ ဖျာပုံ မြို့နယ်တွင် ၆၁၈၂၄ ဧက၊ ကျိုက် လတ်မြို့နယ်တွင် ၁၂၅၃၀၈ ဧက၊ ဘိုကလေးမြို့နယ်တွင် ၈၀၄၆၉ ဧကနှင့် ဒေးဒရဲမြို့နယ်တွင် ၇၄၈၉၉ ဧက စုစုပေါင်းဧက ၃၄၂၅၀၀ စိုက် ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် ခရိုင် တွင်းနှစ်စဉ်ထွန်တုံးပိတ် (ကွင်းပိတ်) ကာလမှာ ဖေဖော်ဝါရီလ ၁၅ ရက် ဝန်းကျင်ဖြစ်ကြောင်း သိရသည်။

**သတင်းဆောင်းပါး-သပြေထွန်း**



ဒေးဒရဲမြို့နယ် သဲကုန်းကလေးကျေးရွာတွင် နွေစပါးထွန်ယက်နေမှုကို တွေ့ရစဉ်။

# အိမ်ခြံမြေဈေးနှုန်းများကျဆင်းချိန် အိမ်ရာအရစ်ကျဝယ်ယူနိုင်မည့်ကာလတိုးမြှင့်ခြင်းကြောင့် စိတ်ဝင်စားသူမြင့်တက်

**ရန်ကုန် မေ ၂၁**

အိမ်ခြံမြေဈေးနှုန်းများ ကျဆင်းကာ အရောင်းအဝယ်များ ရပ်တန့်နေသော်လည်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ အိမ်ရာများ ဝယ်ယူနိုင်ရေး ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက် ငွေပေးချေမှုတွင် အရစ်ကျပေးဆပ်ရမည့်ကာလ တိုးမြှင့်ခြင်းကြောင့် အိမ်ရာဝယ်ယူခွင့်ရရှိရန် စိတ်ဝင်စားသူ မြင့်တက်လာကြောင်း သိရသည်။


မန္တလေးမြို့တွင် တည်ဆောက်သည့် မြရည်နန္ဒာအိမ်ရာ စီမံကိန်း။

မူလက အိမ်ရာများဝယ်ယူရာတွင် ငွေချေးယူရာ ပြန်လည်ပေးဆပ်ချိန် လေးနှစ်သတ်မှတ်ထားခဲ့ပြီး ယခုအခါ ခြောက်နှစ်မှ ရှစ်နှစ်အထိ အရစ်ကျပေးဆပ်ရန် နှစ်တိုးဆောင်ရွက်ခြင်းကို ယခုလမှစတင်ကာ တိုးမြှင့်သတ်မှတ်ထားကြောင်း ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းဇော်က ပြောကြားသည်။

"အခုကကတော့ ရန်ကုန်က ရွှေလင်ပန်းအိမ်ရာနဲ့ မန္တလေးက မြရည်နန္ဒာအိမ်ရာတွေက ဝယ်ယူကြတဲ့သူတွေအတွက် အများဆုံးချေးငွေ ထုတ်ချေးပေးပါတယ်။ ပုံမှန်အားဖြင့် တိုက်ခန်းပမာဏရဲ့ ၃၀ ရာခိုင်နှုန်း ရှိမယ်ဆိုရင် ၇၀ ရာခိုင်နှုန်းကို ထုတ်ချေးပေးတာဖြစ်ပါတယ်။ လေးနှစ်အတွင်း ယင်းပမာဏကိုအရစ်ကျ ပြန်ဆပ်ရမှာဖြစ်ပေမယ့် အခုကစပြီး ခြောက်နှစ်ကနေ ရှစ်နှစ်အတွင်း အရစ်ကျခွဲပြီး ဆပ်နိုင်ပါပြီ"ဟု ဦးဝင်းဇော်က ပြောကြားသည်။

အိမ်ရာစီမံကိန်းများနှင့် အခြားအိမ်ရာ အဆောက်အအုံဆိုင်ရာ ငွေကြေးလိုအပ်ချက်များအတွက် အများဆုံး ကူညီဆောင်ရွက်ပေးရန် ရည်ရွယ်ကာ ဖွင့်လှစ်ထားသည့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်သို့ အိမ်ရာတည်ဆောက်လိုသူများနှင့် အိမ်ပိုင်လိုအပ်သူများ အများဆုံးစိတ်ဝင်စားလာကြပြီး ပုံမှန်ငွေစုဆောင်းသူများလည်း များပြားလျက်ရှိကြောင်းသိရသည်။

အိမ်ရာဝယ်ယူခွင့်ရရှိသူများကို ငွေချေးပေးသည့် စနစ်တွင် မူလက လေးနှစ်သတ်မှတ်ထားခဲ့သော်လည်း ပြန်လည်ပေးဆပ်ရမည့် သူများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် နှစ်တိုးရခြင်းဖြစ်ပြီး အများစု အဆင်ပြေစေသည့်အတွက် လာရောက်ချေးယူလိုသူ များပြားကြောင်း ချေးငွေရယူထားသူများထံမှ သိရသည်။

"ဝယ်ယူခွင့်ရရှိသူတွေအတွက် အိုးပိုင်အိမ်ပိုင်ရဖို့အခွင့်အလမ်းပါပဲ။ အရင်က အိမ်ဝယ်ခွင့်ရသူတွေ ငွေမသွင်းနိုင်ကြလို့ ဝယ်ယူခွင့်တွေ ပြန်ရောင်းကြရတယ်။ အမှန်တကယ် နေထိုင်လိုသူတွေအတွက် ဘဏ်တွေရဲ့အကူအညီက အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့တွေ ဘဏ်ကလည်း ဘဏ်တွေနဲ့ ဆက်ဆံတတ်တဲ့ ပုံစံတွေ ဖြစ်လာဖို့ လိုအပ်တယ်။ အများစုက ဘဏ်တွေမှာ ငွေချေးယူလို့ရတာကို မသိကြဘူး"ဟု ချေးငွေရယူကာ အိမ်ရာအတွက် အရစ်ကျဝယ်ယူထားသူ ကုမ္ပဏီဝန်ထမ်းကိုမျိုးသူကပြောသည်။

အိမ်ရာတွင် ဝယ်ယူနိုင်ရန်အတွက် ဘဏ်တွင် ငွေကြေးပမာဏ၏ ၃၀ ရာခိုင်နှုန်းရှိထားရမည်ဖြစ်ကာ ကျန်ငွေများကို ချေးယူခွင့်ရရှိမည်ဖြစ်ပြီး အဆိုပါ ၁၀၀ ရာခိုင်နှုန်း၏ ငွေကြေးပမာဏကို ထုတ်ယူကာ အိမ်ခန်းဝယ်ယူနိုင်ခြင်းဖြစ်သည်။

လစဉ် အရစ်ကျ ပြန်လည်ပေးသွင်းနိုင်ခြင်း ရှိ မရှိနှင့် အခြားလိုအပ်သည့် အာမခံချက်များ၊ အလုပ်အကိုင်အထောက်အထားများ သို့မဟုတ် ပုံမှန်ဝင်ငွေရရှိမည့် နည်းလမ်းများကို တင်ပြနိုင်ပါက ချေးငွေရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဆောင်းနွေမိုး၊ ဓာတ်ပုံ-မေဦးမိုး**

# ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်တွင် သင်္ကြန်ပြီးကာလတိုင်အောင် ဘုရားဖူးပြည်သူများ ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိ

**ကျောက်ပန်းတောင်း မေ ၂၁**

မြန်မာပြည်အလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး၏ အထင်ကရနေရာတစ်ခုဖြစ်သော ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်တွင် မဟာသင်္ကြန် ပြီးဆုံး၍ မြန်မာနှစ်ဆန်းသုံးရက်သို့ ရောက်ရှိခဲ့သည့် မေ ၁၉ ရက်အထိ ပြည်တွင်းပြည်ပဘုရားဖူးပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိနေပြီး ဒေသခံဈေးသည်များနှင့် အလုပ်သမားများလည်း လုပ်ငန်းများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဘုရားဖူးပြည်သူကတော့ ဒီနှစ်ပိုများသလိုပဲဗျ။ ဒီလကတော့ သင်္ကြန်မတိုင်မီရက်ကနေ ဒီနေ့အထိ ပြည်တွင်းက ဘုရားဖူးပြည်သူ နေ့စဉ်လေးသောင်း၊ ငါးသောင်း ဝန်းကျင်လောက် လာရောက်ကြပါတယ်။ ပြည်ပဘုရားဖူးအနေနဲ့ကတော့ သိပ်များများကြီးမလာဘူးဗျ။ တစ်ရက် တစ်ရက်ကို ၁၅ ဦး၊ ဦး ၂၀ လောက်ပဲလာတယ်။ ဒီနေ့တော့ ထူးထူးခြားခြား ၃၀ လောက်လာတာ တွေ့ရတယ်"ဟု တောင်ကလပ်ဂေါပကအဖွဲ့ဝင်တစ်ဦးက မေ ၁၉ ရက်တွင် ပြောသည်။ ပြည်တွင်းဘုရားဖူးများတွင်လည်း ကျေးလက်တောရွာများမှ အစုအဖွဲ့လိုက် ကားကြီးများဖြင့် လာရောက်ကြသည်။

ဘုရားဖူးလာရောက်သူများသဖြင့် စောင်းတန်းတစ်လျှောက် ရောင်းဝယ်လျက်ရှိကြသည့် သဘာဝဆေးမြစ်အရောင်းသည်များ၊ မုန့်ဟင်းခါး၊ ကြာဇံဟင်းခါးနှင့် အသုပ်စုံဈေးသည်များ၊ မျှောက်စာရောင်းချသူများ စသည့်ဒေသခံဈေးသည်များ အရောင်းအဝယ်ကောင်း၍ အလုပ်ဖြစ်လျက်ရှိကြသည်။

"ဒီရက်တွေကတော့ ရောင်းရပါတယ်။ တစ်နေ့တစ်နေ့ကို ငါးသောင်းဖိုးလောက်ရောင်းရပါတယ်။ ပြီးခဲ့တဲ့ သင်္ကြန်ရက်တွေနဲ့ နှစ်ဆန်းတစ်ရက်နေ့တွေတုန်းကဆို တစ်ရက်ကို ခုနှစ်သောင်း၊ ရှစ်သောင်းဖိုး ရောင်းရပါတယ်။ ကျောင်းတွေမဖွင့်ခင်အထိတော့ ဘုရားဖူးကကျနေအုံးမှာပါ။နှစ်တိုင်းလည်း ဒီလိုပါပဲ။ ဒီနှစ်တော့ ဘုရားဖူးပိုများသလိုပဲ။ နိုင်ငံခြားသားတွေကလည်း တချို့ကကြိုက်ကြပါတယ်။ စားကြပါတယ်"ဟု မုန့်ဟင်းခါးနှင့်ကြာဆံဟင်းခါးရောင်းချသည့် စောင်းတန်းဈေးသည်တစ်ဦးကပြောသည်။ ၎င်းရောင်းချနေသည့်ဆိုင်တွင် နိုင်ငံခြားခရီးသွားဧည့်သည်သုံးဦးလည်း မြိန်ရှက်စွာဝင်ရောက်စားသောက်နေသည်ကိုတွေ့ရှိရသည်။


မြန်မာအစားအစာများကို နှစ်မြိုက်စွာ စားနေသော နိုင်ငံခြားသားများ။

ပြည်တွင်းပြည်ပခရီးသွားများပြားသဖြင့် ဘုရားဖူးကားများ ဝင်ထွက်သွားလာမှုအခက်အခဲများ တွေ့ရပြီး စည်းကမ်းမဲ့ လမ်းဘေးဈေးသည်များနှင့် စည်းကမ်းမဲ့ရပ်နားထားသည့် မော်တော်ယာဉ်အချို့ကြောင့် မကြာခဏလမ်းပိတ်ဆို့မှုဖြစ်ပွားနေသည်ကိုလည်း တွေ့ရသည်။

**နေအောင်(iprd)**

# ရေပို့လွှတ်ချိန်မမှန်၍ ပြည်သူများအခက်အခဲဖြစ်နေ

**ဖျာပုံ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင်းရှိ ပြည်သူများအတွက် သောက်သုံးရေဖြန့်ဝေပေးရာတွင် ရေပေးဝေသည့်ရက်နှင့် အချိန်နာရီ မှန်ကန်မှုမရှိခြင်းကြောင့် ဒေသခံပြည်သူများအနေဖြင့် အဆင်မပြေမှုများ ကြုံတွေ့နေရပြီး အချိန်မှန်ရေပေးဝေနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးရန် လိုလားနေကြကြောင်း သိရသည်။


ဖျာပုံမြို့ တောင်ပိုင်းနှင့် မြို့နယ်ရပ်ကွက်များသို့ ရေဖြန့်ဝေပေးနေသော ကန်တော်ကြီး။

ဖျာပုံမြို့တွင် သောက်သုံးရေအတွက် မြေသားမိုးရေလှောင်ကန်များနှင့် တောင်ပိုင်းကန်တော်ကြီးမှ ရေကို မြို့တောင်ပိုင်းရပ်ကွက်များ၊ မြို့လယ်ရပ်ကွက်များသို့လည်းကောင်း၊ မြောက်ပိုင်းချောင်းတွင်းကျေးရွာ တိုးချဲ့မြေသားမိုးရေလှောင်ကန်များမှ ရေကို မြို့မြောက်ပိုင်းရပ်ကွက်များသို့လည်းကောင်း ရေတွန်းစက်များဖြင့် ဖြန့်ဝေပေးလျက်ရှိကာ ရေမီတာများဖြင့် ရယူသုံးစွဲကြပြီး မြို့နယ်စည်ပင်သာယာရေးက တည်ဆောက်ပေးထားသည့် အများသုံး အုတ်ရေလှောင်ကန်များမှလည်း ရေရယူ သုံးစွဲကြသည်။

ထိုသို့ ရေဖြန့်ဝေပေးရာတွင် တောင်ပိုင်းကန်တော်ကြီးမှ ရေပေးဝေနိုင်သည့်အတိုင်းအတာအရ တစ်ရက်ခြားစီ အလှည့်ကျရေပေးချိန်များ သတ်မှတ်၍ ရေတွန်းစက်များဖြင့် ပို့လွှတ်ပေးရာ၌ ရေပေးဝေချိန် မမှန်ခြင်းကြောင့် ကန်တော်ကြီးရေကို သုံးစွဲနေရသည့် ရပ်ကွက်များမှ ပြည်သူများ အခက်အခဲဖြစ်နေကြောင်း၊ သတ်မှတ် ရေပေးရက်နှင့် ရေပေးချိန်အတိုင်း မှန်ကန်စွာရေပေးဝေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးမှသာ နွေရာသီကာလ သောက်သုံးရေလုံလောက်စွာ ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။ **ချမ်းသာ(ဖျာပုံ)**

## အလုံမြို့နယ်လုံးဆိုင်ရာ သက်ကြီးပူဇော်ပွဲကျင်းပ

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ်မြောက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို အလုံမြို့နယ် ဌာနာရပ်ကွက် နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမ၌ မေ ၂၀ ရက်က ကျင်းပခဲ့သည်။

သက်ကြီးပူဇော်ပွဲ အလှူငွေစာရင်းရှင်းတမ်းကို အလုံမြို့နယ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ရုံး အထောက်အကူပြုအဖွဲ့ဝင် ဦးဝေမိုးက ဖတ်ကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်တို့က ဘိုးဘွားများအား ဂါရဝပြုအမှာစကားပြောကြားကာ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လှူဖွယ်ပစ္စည်းများနှင့် လှူဒါန်းငွေများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကန်တော့ခံဘိုးဘွားများထဲမှ အသက်အကြီးဆုံး အဘွားဒေါ်မြကြည်အတွက် အလှူငွေများကို အခမ်းအနားတက်ရောက်သူများက စုပေါင်းလှူဒါန်းခဲ့ကြသည်။ ဘိုးဘွားများအတွက် စုစုပေါင်းလှူဒါန်းငွေမှာ ၅၉၉၅၀၀၀ ကျပ်ဖြစ်ကြောင်းသိရသည်။ **ရွှေတိုင်လွင်**

## ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

**နတ်တလင်း မေ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကုန်းသာကျေးရွာ ကျောင်းသစ်ကျောင်း၌ မေ ၁၃ ရက်က ကျင်းပသည့် စုပေါင်းရှင်သာမဏေနှင့် သီလရှင်ဝတ်ပွဲမှ ရှင်သာမဏေ၂၅ပါးနှင့် သီလရှင်၅၅ပါးအား သင်ကြားပေးခဲ့သော ပဉ္စမအကြိမ်ဗုဒ္ဓဓမ္မအလင်းယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို မေ ၂၀ ရက်က ကျင်းပခဲ့ပြီး သင်တန်းတွင် ထူးချွန်သူသာမဏေများနှင့်သီလရှင်လေးများအား မန္တလေးတောင် ဆင်တဲကျောင်းတိုက်မှ ရှင်နန္ဒိယ(ဓမ္မအလင်း) ဆရာတော်က ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။ **တင်မြင့်(နတ်တလင်း)**

# အလှူတွင်ကျွေးပြီးကျန်သည့် ရက်လွန်အစားအသောက်များ စားသောက်မိသူ ၂၂ ဦး ဝမ်းပျက်ဝမ်းလျှောဖြစ်

**နတ်မောက် ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့နယ် ကျောက်တန်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာ တောရဘုန်းကြီးကျောင်း၌ ဧပြီ ၁၇ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော စုပေါင်းအလှူပွဲ၌ ဧည့်ခံကျွေးမွေးပြီး ကျန်ရှိသည့် မုန့်ဟင်းခါး၊ ထမင်းနှင့် ဝက်သားဟင်းများကို အပူလွန်ကဲသောရာသီ၌ နေ့ကျော်ရက်လွန်ကာ ဆက်လက်စားသုံးခဲ့သည့် ရွာသစ်ကျေးရွာနေ ဒေသခံပြည်သူ ၂၂ ဦးမှာ ဝမ်းပျက် ဝမ်းလျှောရောဂါများ ခံစားနေရပြီး ကျန်းမာရေးဝန်ထမ်းများ၏ ဆေးကုသမှုများ ခံယူနေရကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"အလှူလုပ်တဲ့နေရာက တောကျောင်းဆိုတော့ နှစ်ဆန်းခရက်နေ့မှာ အလှူလုပ်တဲ့သူတွေကလည်းများတယ်၊ ရွာထဲမှာ ပြောနေတာကတော့ မနက်ပိုင်းမုန့်ဟင်းခါးကျွေးတော့လာတဲ့ သူတွေများပြီး မလောက်မှာစိုးလို့ ရေစိမ်းတွေရောတယ်ပြောတယ်၊ မုန့်လက်ဆောင်းတိုက်တဲ့သူတွေလည်း ရှိတယ်၊ ဝက်သားကြောင့်ဖြစ်တယ်လို့လည်း သေချာပြောလို့မရဘူး၊ မနက်ခင်းချက်ပြီး နေ့ခင်းကျွေးကြတာ၊ အစားစုံတာနဲ့ ရက်လွန်စားမိတာတွေရောကုန်တာပေါ့"ဟု ကျောက်တန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးလှမိုးဇော်က ပြောသည်။

ဧပြီ ၁၈ရက်တွင် ရက်လွန်အစားအစာကို စားသုံးခဲ့သူများ ဝမ်းပျက်ဝမ်းလျှောခြင်းများ ဖြစ်ပွားခဲ့ပြီး ဧပြီ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ အကူအညီဖြင့် ညောင်ကုန်းတိုက်နယ်ဆေးရုံသို့ လူနာများ စတင်ပို့ဆောင်ခဲ့ရကြောင်း၊ ယင်းနေ့ နံနက် ၈ နာရီခွဲခန့်မှစ၍ စိုင်ခေါင်းကျေးလက်ကျန်းမာရေးမှူးဦးအောင်မြင့်နှင့် စိုင်ခေါင်းနယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ကြောင်း၊ ညနေ ၆ နာရီခန့်တွင် နတ်မောက်မြို့နယ်မှ ဆရာဝန်ကြီး ဒေါက်တာမျိုးမင်းနှင့် ကျန်းမာရေးဝန်ထမ်းများ ထပ်မံရောက်ရှိလာပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများကို ဆေးရုံတက်ရောက်ကုသနိုင်ရန် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

အဆိုပါဝမ်းပျက်ဝမ်းလျှောဖြစ်ပွားနေသူ ၂၂ ဦးအနက် မိတ္ထီလာပြည်သူ့ဆေးရုံကြီးတွင် အမျိုးသား တစ်ဦး၊ ပျော်ဘွယ်မြို့နယ် ညောင်ကုန်းတိုက်နယ်ဆေးရုံတွင်အမျိုးသား ငါးဦး၊ အမျိုးသမီး ရှစ်ဦး၊ ရွာသစ်ကျေးရွာတွင် အမျိုးသား ငါးဦး၊ အမျိုးသမီး သုံးဦးတို့ဖြစ်ပြီး ဆေးဝါးကုသမှုများခံယူနေရဆဲဖြစ်သည်။ ယခုအခါကျေးရွာတွင်း ဝမ်းပျက်ဝမ်းလျှောမှုအခြေအနေကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်းနှင့် ရေသန့်ဘူး၊ ဓာတ်ဆားနှင့် ဆေးဝါးများကို တာဝန်ရှိအဖွဲ့အစည်းများက ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## ခရမ်းလွန်ရောင်ခြည် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလော ထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ ပူပြင်းသော နေရောင်ခြည် ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း အလုပ်လုပ်ကိုင်သူများ၊ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သင်္ကြန်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ရန် နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသောနေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါကမိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန် လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသော ဦးထုပ်၊ ထီးစသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့် နေရောင်ခံ လိမ်းဆေးတစ်ခါလိမ်းပြီး ၂နာရီကြာပြီးတိုင်း နောက်တစ်ခါ ထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။

၅။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကိုပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေနှင့်
- အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးများကို အရိပ်ထဲတွင်သာ ကစားပါစေ။
- အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ(သို့) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့် ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည် မဖောက်နိုင်သော အဝတ်ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

**ကျန်းမာရေးဝန်ကြီးဌာန**



# ဗန္ဓုလလျှပ်စစ်မြစ်ရေတင်မှ လယ်မြေဧက ၁၀၀၀ ကျော်အတွက် စိုက်ပျိုးရေပေးဝေလျက်ရှိသဖြင့် တောင်သူများအဆင်ပြေ

**ချောင်းဦး ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်နှင့် ၁၀ ခန့်ကွာဝေးသည့် ချင်းတွင်းမြစ်ကမ်းဘေးတွင်တည်ရှိသော ရွှေလှေကျေးရွာသည် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းသော ကျေးရွာဖြစ်ပြီး မိုးရေကိုအဓိကထားကာ မြေအောက်ရေအချို့ဖြင့် စိုက်ပျိုးခဲ့သည်။

စိုက်ပျိုးရေလုံလောက်မှုမရှိသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် နိုင်ငံတော်နှင့် ဒေသခံတောင်သူများပူးပေါင်းလျက် ဗန္ဓုလလျှပ်စစ်မြစ်ရေတင်လုပ်ငန်းကိုဆောင်ရွက်ခဲ့ရာ ယခုအခါတွင်တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပြီး ရေလွှတ်မြောင်းမကြီးမှတစ်ဆင့် လက်တံမြောင်းများဖြင့် နွေသီးနှံများစိုက်ပျိုးနိုင်ရေးအတွက် စိုက်ကွင်းများအရောက် စိုက်ပျိုးရေအလုံအလောက် ပေးဝေနေပြီဖြစ်ကြောင်း သိရသည်။

မြစ်ရေတင်လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ရွှေလှေကျေးရွာမှ လျှပ်စစ်မြစ်ရေတင်ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ကျေးရွာက ချင်းတွင်းမြစ်ကမ်းဘေးမှာရှိပြီး စိုက်ပျိုးရေးအတွက်လိုအပ်တဲ့ရေကိုတော့ မြေအောက်ရေနဲ့ပဲ စိုက်ကြရတယ်၊ မြေအောက်ရေနဲ့အစိုက်များတော့ နှစ်ကြာလာတာနဲ့အမျှ မြေတွေကပျက်စီးလာပြီး အထွက်နှုန်းတွေက တစ်နှစ်ထက်တစ်နှစ် ကျလာတယ်၊ နောက်ပြီး မိုးကိုမျှော်ရတယ်။ အဲဒါကြောင့် ရေရှည်အကျိုးရှိမယ့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို လုပ်ဆောင်တာပါ။ ဒီလျှပ်စစ်မြစ်ရေတင်လုပ်ငန်းက နိုင်ငံတော်အစိုးရနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့လုပ်ငန်းပါ။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း လိုအပ်တဲ့လုပ်ငန်းတွေကို အကူအညီပေးပါတယ်၊ ဒီလျှပ်စစ်မြစ်ရေတင်လုပ်ငန်းက စိုက်ပျိုးရေနဲ့ ကျွန်တော်တို့ ရွှေလှေကျေးရွာ၊ ရွှေကျင်ကျေးရွာနဲ့ ဝါယာကျေးရွာတို့မှာရှိတဲ့ စိုက်ပျိုးဧက ၁၀၀၀ ကျော်ကို စိုက်ပျိုးရေလုံလောက်အောင်ပေးနေပါပြီ" ဟု ပြောသည်။

ယခုကဲ့သို့ စိုက်ပျိုးရေ အပြည့်အဝရရှိလာသည့်အတွက် ရွှေလှေ၊ ရွှေကျင်နှင့် ဝါယာကျေးရွာများမှ နောက်ထပ်ယာမြေ ၄၀၀ ဧက ကိုလည်း လယ်မြေအဖြစ်ပြောင်းလဲစိုက်ပျိုးရန် ပြင်ဆင်နေကြပြီဖြစ်ကြောင်း၊ ရွှေလှေကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသသည် မိုးရာသီတွင် စပါး၊ မိုးနှမ်းနှင့် ပဲမျိုးစုံစိုက်ပျိုးကြပြီး နွေရာသီတွင် စိုက်ပျိုးရေအတွက် မြေအောက်ရေကိုသာ အားထားရကြောင်း၊ မြေအောက်ရေမှာ အငန်ဓာတ်ပါသဖြင့် သီးနှံဖြစ်ထွန်းမှု လျော့ကျကြောင်း၊ ယခုအခါ လျှပ်စစ်မြစ်ရေတင်မှရသည့်ရေဖြင့် စိုက်ဧက ၁၀၀၀ ကျော်ကို စိုက်ပျိုးရေလုံလောက်စွာသုံးစွဲစိုက်ပျိုးနိုင်ပြီဖြစ်ရာ တောင်သူများအနေဖြင့် ကြိုးစားစိုက်ပျိုးရန်သာလိုကြောင်း အဆိုပါတာဝန်ရှိသူက ဆက်ပြောသည်။

ဗန္ဓုလမြစ်ရေတင်လုပ်ငန်းမှ လယ်မြေများသို့ ရေပေးဝေရာတွင် အောက်ခြေအကျယ် ၄ ပေ၊ အမြင့် ၄ ပေ၊ အရှည်ပေ ၄၃၀၀ ရှိ ပင်မရေလွှတ်မြောင်းကြီးတစ်ခုမှ အရှည်ပေ ၅၉၅၀ ရှိ ခနပဒေသာမြောင်း၊ အရှည် ၁၃၀၀ ပေရှိ ခနသုခမြောင်းများသို့ တစ်ဆင့် မြောင်းလက်တံ ၅၃ ခုဖြင့်ဖြန့်ခွဲပြီး စိုက်ဧက ၁၀၀၀ ကျော်ကို စိုက်ခင်းအရောက် ရေအလုံအလောက် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# နွေရောက်ပေမယ့် ရေပျောက်မှာမကြောက်ရတော့တဲ့ အညာဒေသက ကျေးရွာ

ရေဝေကျေးရွာသည် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမဘေး မိတ္ထီလာမြို့၏အနောက်ဘက် ၁၀ မိုင်ခန့်အကွာတွင်ရှိသည့် အညာဒေသ ကျေးရွာတစ်ရွာဖြစ်သည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၆၀ ကျော်က ထိုရွာတွင် ရေတွင်းများ အများအပြားတည်ရှိခဲ့ပြီး ရေများကို အနီးဝန်းကျင်ရှိကျေးရွာများမှ လာရောက်သယ်ယူနိုင်အောင် ဝေမျှသုံးစွဲနိုင်သည်အထိ ပေါများခဲ့သည်။ ထိုသို့ ရေဝေကျေးရွာဟူသည့် အမည်နှင့်လိုက်အောင် ရေများပေါများသဖြင့် ကျေးရွာနေဒေသခံများအဖို့ သောက်ရေသုံးရေအတွက် နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီစလုံး မပူပင် မကြောင့်ကျရဘဲ နေထိုင်နိုင်ခဲ့ကြသည်။

သို့သော် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ခန့်မှစ၍ ရေဝေကျေးရွာရှိ ရေတွင်းများမှာ ရေကောင်းစွာမထွက်ရှိကြတော့ဘဲ အချို့ရေတွင်းများသည်လည်း ရေများခန်းခြောက်၍ ပျောက်ကွယ်ပျက်စီးသွားသည်အထိ ရှိလာခဲ့သည်။ ရေအထွက်လျော့နည်းသွားသဖြင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ရေများမျှဝေနိုင်ခြင်း မရှိတော့သလို ရေဝေကျေးရွာဒေသခံများအတွက်ပင် သောက်ရေသုံးရေရှားပါးခက်ခဲလာသည့် အခြေအနေနှင့် ကြုံတွေ့ခဲ့ရသည်ဟု ရေဝေကျေးရွာဒေသခံ အသက် ၆၈ နှစ်အရွယ်ရှိ အဘဦးဉာဏ်ခိုင်က ပြောသည်။

အဘတို့ရွာမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ ကျော်လောက်က ရေတွင်းတွေပေါများပြီး ရေတွေပေါလွန်းလို့ အနီးပတ်ဝန်းကျင်ကျေးရွာတွေက လာရောက်ပြီးခပ်ယူတာတောင် ဝေမျှနိုင်ခဲ့တယ်။ ဒါပေမယ့် ပြီးခဲ့တဲ့နှစ်ပေါင်း ၃၀ ခန့်က စတင်ပြီးတော့ ရေဝေကျေးရွာမှာရှိတဲ့ ရေတွင်းတွေက ရေကောင်းကောင်း မထွက်တော့ဘူး။ တချို့ရေတွင်းတွေဆို ရေလုံးဝ မထွက်တော့လို့ ပျောက်ကွယ်ကုန်တယ်။ ရာသီဥတုပြောင်းလဲလာပြီးတော့ သစ်တောသစ်ပင်တွေလည်း ပြုန်းတီးကုန်တာကြောင့်ဖြစ်မယ်။ လူဦးရေများလာတော့ သစ်တောသစ်ပင်ခုတ်ပြီး ယာမြေချဲ့ထွင်လုပ်ကိုင်ကြတယ်။ တချို့ကလည်း စားဝတ်နေရေးမပြေလည်တော့ သစ်ပင်ခုတ်မီးသွေးဖုတ်တာမျိုးတွေရှိတော့ ရာသီဥတုဖောက်ပြန်ပြီး မိုးလည်းကောင်းကောင်း မရွာတော့ဘူး။ အပူချိန်ကလည်း တဖြေးဖြေး ပြောင်းလဲတယ်။ ဒါကြောင့်ရေတွင်းတွေ ရေကောင်းကောင်း မထွက်နိုင်တော့ဘဲ ရေဝေကျေးရွာမှာ သောက်သုံးရေရှားပါးမှုကို ကြုံတွေ့လာခဲ့ကြတယ်ဟု ၎င်းက ပြောသည်။


ရေဝေကျေးရွာတွင် ကြုံတွေ့နေရသည့် သောက်ရေသုံးရေရှားပါးမှုများကို အဆုံးသတ်စေမည့်အကြောင်းများ မကြာမီက ပေါ်ပေါက်ခဲ့သည်။ ရေဝေကျေးရွာနှင့် လေးဖာလုံခန့်ကွာဝေးသည့်ရေဝေချောင်းမှ ချောင်းရေကို နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ၏ အကူအညီဖြင့် သွယ်ယူရေတင်၍ ကျေးရွာအတွင်းပိုင်းထိ ချောင်းရေများရရှိအောင် အလှူရှင်တစ်စုက ဆောင်ရွက်ပေးသည့်အစီအစဉ်တစ်ခု ပေါ်လာခဲ့သည်။ ရေဝေကျေးရွာ ဒေသခံများအားလုံး ပျော်ရွှင်ဝမ်းသာရသည့် အခြေအနေကောင်းတစ်ခုနှင့် ကြုံတွေ့ရခြင်းဖြစ်သည်။

အိမ်ခြေပေါင်း ၂၅၀ ရှိပြီး လူဦးရေ ၈၀၀ ကျော်နေထိုင်သည့် ရေဝေကျေးရွာတွင် သောက်ရေသုံးရေရှားပါးမှုဖြင့် ကြုံတွေ့နေရကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းထိန်ကတစ်ဆင့် ကြားသိရသဖြင့် နေရောင်ခြည်စွမ်းအင် အကူအညီဖြင့် ကျေးရွာသို့ ချောင်းရေသွယ်ယူခြင်းအစီအစဉ်ကို တရုတ်-မြန်မာချစ်ကြည်ရေးအသင်းမှ လှူဒါန်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း ကျေးရွာ ရေဖြန့်ဖြူးရေးကော်မတီဥက္ကဋ္ဌ ဦးမောင်အေးနှင့် ကော်မတီဒုတိယဥက္ကဋ္ဌ ဦးခင်ရွှေတို့က ပြောသည်။

"ရေဝေကျေးရွာမှာ သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရကြောင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးကတစ်ဆင့် သိရှိရလို့ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းက ကုန်ကျစရိတ်တွေလှူဒါန်းပြီးတော့ ဆိုလာပြားတွေနဲ့ ချောင်းရေတင်လုပ်ငန်းကို Golden Key ကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေးခဲ့တာပါ။ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှာ စတင်ပြီးတော့ ချောင်းရေကို ကျေးရွာအရောက် သွယ်တန်းပေးခဲ့ပါတယ်"ဟု ၎င်းတို့ကပြောသည်။

ရေဝေကျေးရွာသည် မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမ၏ လက်ဝဲဘက်တွင် တည်ရှိပြီး ရေဝေချောင်းသည် ယင်းကားလမ်းမ၏ လက်ယာဘက် ကျေးရွာနှင့် လေးဖာလုံခန့်ကွာဝေးသည့်နေရာတွင် တည်ရှိသည်။ ရှမ်းမငယ်ဆည်မှတစ်ဆင့် မုန်တိုင်ဆည်သို့ပို့လွှတ်သည့် ဆည်ရေသည် ရေဝေချောင်းမှတစ်ဆင့်ပေးပို့ပြီး ရေဝေချောင်းသည် တစ်နှစ်ပတ်လုံး ရေစီးဆင်းသည့် သဘာဝချောင်းဖြစ်ရာ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားဖြင့် ချောင်းရေသွယ်ယူခြင်းလုပ်ငန်း အကောင်အထည်ဖော်ရန် အကောင်းဆုံးအနေအထားတွင် ရှိခဲ့သည်။

ရေဝေချောင်းထဲတွင် ရေစုပ်တင်မည့် ပိုက်ခေါင်းအားအမှိုက်စစ်ဆန်ခါများဖြင့် ဖုံးအုပ်၍ ချထားသည်။ ထိုရေစုပ်ပိုက်၏ အထက်တွင် ဆိုလာပြားမှတစ်ဆင့်ရရှိသည့် နေရောင်ခြည်စွမ်းအင်သိုလှောင်ပေးပို့ရာ စက်ရုံငယ် တစ်ခုရှိသည်။ စက်ရုံငယ်၏အထက်ပိုင်း ချောင်းအထက်တွင် ဆိုလာပြား ၁၈ ပြားကို တစ်စပ်တည်းဖြစ်အောင် အစီအရီဆက်စပ်၍ နေရောင်ခြည်ကို ရယူသည်။ ဆိုလာပြား ၁၈ ပြားမှ ရရှိသည့်နေရောင်ခြည်စွမ်းအင်များကို စွမ်းအင်သိုလှောင်ရာ စက်ရုံငယ်သို့ပေးပို့သည်။ ဆိုလာပြားတစ်ပြားမှာ အလျား ၄ ပေ၊ အနံ ၃ ပေခန့်ရှိကာ ဆိုလာပြားတစ်ပြားမှ လျှပ်စစ်ဗို့အား ၁၃၅ ဗို့ထွက်ရှိကာ စုစုပေါင်း ဆိုလာပြားကြီး ၁၈ ပြားမှ ၂၄၃၀ ဗို့အား အထိထွက်ရှိသည်ဟု သိရသည်။



တပ်ဆင်ထားသော ဆိုလာပြားများ။

ရေစုပ်ပိုက်သည် ထိုစက်ရုံငယ်မှ ပို့လွှတ်သော နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားဖြင့် ချောင်းရေကိုစုပ်ယူကာ ကျေးရွာအရောက်သွယ်တန်းထားသည့် သုံးလက်မပိုက်များမှတစ်ဆင့် ချောင်းရေများကို ပို့ဆောင်ပေးသည်။

ရေဝေချောင်းမှ သွယ်ယူရရှိသည့် ချောင်းရေများကို ဂါလန် ၁၀၀၀ ဆံ့ ရေလှောင်အုတ်ကန်တစ်ကန်၊ ဂါလန် ၂၀၀၀ ဆံ့ကန်တစ်ကန် ဂါလန် ၃၀၀၀ ဆံ့ကန်တစ်ကန်နှင့် ဂါလန် ၅၀၀၀ ဆံ့ကန်တစ်ကန် စုစုပေါင်း အုတ်ရေလှောင်ကန် လေးကန်သို့ ပို့ဆောင်ပြီး ကျေးရွာဒေသခံများသို့ ရေများဖြန့်ဖြူးပေးသည်။ အုတ်ရေလှောင်ကန်ကြီးများသို့ လာရောက်ခပ်ယူသုံးစွဲခြင်းကို ခွင့်ပြုထားသလို မိမိတို့အစီအစဉ်ဖြင့် ပိုက်များသွယ်တန်း၍ နေအိမ်အရောက် ရေသွယ်ယူခြင်းကိုလည်း လွတ်လပ်စွာခွင့်ပြုထားသည်။

ကျေးရွာဒေသခံများထံမှ တစ်လလျှင် ရေဖိုး ၁၀၀၀ ကျပ်မှ ၂၀၀၀ ကျပ်အထိသာ ကောက်ခံပြီး ရေဖြန့်ဖြူးရေးတွင် စက်ရုံငယ် နေ့ညအစောင့်လုပ်သားတစ်ဦးနှင့် ကျေးရွာအတွင်းရေဖြန့်ဖြူးရေလုပ်သားနှစ်ဦးအတွက် လစဉ်ပေးရသည့်လုပ်အားခနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ရေဖိုးငွေများကို ပြန်လည်အသုံးပြုရသည်ဟု ကျေးရွာရေဖြန့်ဖြူးရေးကော်မတီဥက္ကဋ္ဌထံမှ သိရသည်။

ရေဝေချောင်းမှတစ်ဆင့် ချောင်းရေရယူကာ ကျေးရွာအတွင်း သောက်သုံးရေဖြန့်ဖြူးရေးလုပ်ငန်းသည် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ အကူအညီဖြင့် ဆောင်ရွက်ရခြင်းဖြစ်၍ နေရောင်ခြည် ကောင်းစွာရရှိသည့် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိသာ ရေဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးထားကြောင်းသိရသည်။

ရေဝေကျေးရွာနည်းတူ ဆိုလာပြားဖြင့်ချောင်းရေသွယ်ယူခြင်းလုပ်ငန်းများကို သံဘိုကျေးရွာနှင့် ဖလံကျင်းကျေးရွာတို့တွင်လည်း တရုတ်-မြန်မာချစ်ကြည်ရေးအသင်းက လှူဒါန်းဆောင်ရွက်ပေးထားပြီးဖြစ်သည်။ ရေဝေကျေးရွာတွင် အကောင်အထည်ဖော်ထားသည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားဖြင့် ချောင်းရေသွယ်ခြင်းလုပ်ငန်းသည် အအောင်မြင်ဆုံးဖြစ်သည်ဟု ရေဝေကျေးရွာ ရေဖြန့်ဖြူးရေးကော်မတီဝင်တစ်ဦးက ပြောသည်။

အညာဒေသမှ ရေဝေကျေးရွာတွင် ယခင်က ကြုံတွေ့ခဲ့ရသည့် သောက်သုံးရေရှားပါးမှုအခက်အခဲများမှာ ပျောက်ကွယ်သွားပြီဖြစ်ကာ ကျေးရွာနေပြည်သူများအားလုံး သောက်သုံးရေ ပေါများစွာ သုံးစွဲနိုင်နေကြပြီ ဖြစ်သည်။ နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားဖြင့် ချောင်းရေသွယ်ယူရရှိ မည်ဟု တစ်သက်တာလုံး ကျေးရွာဒေသခံ မည်သူတစ်ဦးတစ်ယောက်မျှ စိတ်ကူးအိပ်မက် မရှိခဲ့ကြသော်လည်း ယခုကဲ့သို့လုပ်ငန်းအကောင်အထည် ပေါ်လာချိန်တွင်မူ ကျေးရွာနှင့် လေးဖာလုံကွာဝေးသည့် ရေဝေချောင်းကြီးအား ကျေးရွာအတွင်းသို့ ရွှေ့ပြောင်းလာသကဲ့သို့ အကျိုးခံစားနေရပြီဟု ကျေးရွာဒေသခံအားလုံးက မှတ်ယူလျက်ရှိကြသည်။

ရေဝေကျေးရွာနည်းတူ နိုင်ငံတစ်ဝန်း၌ သောက်သုံးရေရှားပါးမှုအခက်အခဲများ ကြုံတွေ့နေရသည့် ကျေးရွာများတွင်လည်း နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများအကူအညီဖြင့် သောက်သုံးရေအတွက် လွယ်ကူစွာရရှိအသုံးချနိုင်ပါစေကြောင်း တင်ပြလိုက်ပါသည်။

**သတင်းဆောင်းပါး–ချမ်းသာ(မိတ္ထီလာ)**



အုတ်ရေလှောင်ကန်များသို့ လာရောက်၍ ရေသယ်ယူနေကြသော ကျေးရွာနေပြည်သူများ။

## မန္တလေး-မြစ်ကြီးနား လူစီးအမြန်ရထား တွဲချော်

**မန္တလေး မေ ၂၁**

မန္တလေးမှ မြစ်ကြီးနားသို့ စက်ခေါင်းမောင်းဦးရဲထွန်း မောင်းနှင်ပြီး ဂတ်ဗိုလ်ဦးထွန်းထွန်းဝင်းတို့လိုက်ပါလာသည့် အမှတ်(၃၇) မန္တလာ(မြစ်ဆုံ) လူစီးအမြန်ရထားသည် ဘုံချောင်းနှင့်မဲဇာအကြား မိုင်တိုင်အမှတ် (၅၆၇/၂-၄) ကြားတွင် မေ ၁၉ ရက် ည ၈ နာရီခန့်က တွဲချော်မှုဖြစ်ပွားခဲ့ပြီး ရထားပေါ်ပါ ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

စက်ခေါင်းအမှတ် GE-၁၃၅၀ အမှတ်(၃၇) မန္တလာ(မြစ်ဆုံ) လူစီးအမြန်ရထား၏ တွဲအမှတ် BBEZ-၁၀၅၇၅ သည် သံလမ်းနှင့်တစ်ပေခန့်အကွာသို့ တွဲချော်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ တွဲချော်မှုဖြစ်ပွားသည့်နေရာသို့ နမ်းခမ်းမှ တွဲပြင်အင်ဂျင်နီယာ ဦးဇာနည်ဦးနှင့် အဖွဲ့က ည ၁၁ နာရီခန့်တွင် ရောက်ရှိခဲ့ပြီး ပြုပြင်ဆောင်ရွက်လျက်ရှိကာ နမ်းခမ်းရဲကင်းစခန်းမှူး ဒုရဲအုပ်သန်းဝေဦးနှင့်အဖွဲ့၊ နမ်းခမ်းမီးရထားရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်သန်းစိုးအောင်နှင့်အဖွဲ့တို့က လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## မူးယစ်ဆေးဝါး ကျပ် ၁၇ သိန်းကျော်ဖိုး ဖမ်းဆီးရမိ

**အင်းတော် မေ ၂၁**

ကသာခရိုင် အင်းတော်မြို့နယ် ညောင်ပင်ဆိပ်ကျေးရွာ၌ မူးယစ်ဆေးဝါးများ မေ ၂၀ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၀ ရက် နံနက် ၇ နာရီခန့်က ကသာမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးတို့၏ကြီးကြပ်မှုဖြင့် မော်လူးနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝေမိုးနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်မူခင်းနှိမ်နင်းရေးဌာနမှ ဒုရဲအုပ်ဝေဖြိုးနှင့်တပ်ဖွဲ့ဝင်များပူးပေါင်းပြီး ညောင်ပင်ဆိပ်ကျေးရွာနေ ချစ်စံ၏နေအိမ်သို့ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူဟုယူဆရသောအဖြူမှုန့် အလေးချိန် ၂ ဂရမ်ခန့်ပါ ဆပ်ပြာခွက်တစ်ခွက်၊ ပလတ်စတစ်ဖြင့်ထုပ်လျက် ဘိန်းဖြူဟုယူဆရသောအဖြူမှုန့် အလေးချိန် ၁၄ ဂရမ်ခန့်ပါ ဆပ်ပြာခွက်တစ်ခွက်၊ ပလတ်စတစ်ဘူးဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် ၁ ဂရမ်ခန့်ပါတစ်ဘူး၊ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် ၀ ဒသမ ၃၈ ဂရမ်ခန့်စီပါ ပင်နီဆီလင်ပုလင်းနှစ်လုံး စုစုပေါင်းအလေးချိန် ၁၇ ဒသမ ၇၆ ဂရမ်ခန့်၊ ကာလတန်ဖိုးငွေကျပ် ၁၇၇၆၀၀၀ ခန့်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ချစ်စံ၏ ထွက်ဆိုချက်အရ မိုးညှင်းမြို့နေ အမည်မသိအမျိုးသားတစ်ဦးမှ ဘိန်းဖြူဆပ်ပြာခွက်တစ်ခွက်လျှင် ၅၇၀၀၀ ကျပ်နှုန်းဖြင့် မေ ၁၅ ရက်က လာပို့သဖြင့် ဝယ်ယူထားခဲ့သောပစ္စည်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရှိသူ ချစ်စံအား မော်လူးနယ်မြေရဲစခန်း၌ အမှုဖွင့်ထားပြီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## သတင်းတို

### ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပ

ကလေးမြို့နယ် တောင်ဦးကျေးရွာအုပ်စု ပြင်သာကျေးရွာ၌ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာန၏ဦးဆောင်မှုဖြင့် ဇီဝိတဒါနငါးလွှတ်ပွဲကို မေ ၁၇ ရက်ကကျင်းပခဲ့ရာ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်လူမှုရေးအသင်းအဖွဲ့များက ရွှေဝါငါးကြင်းကောင်ရေ ၃၀၀၀၀ ကို မြစ်သာမြစ်အတွင်း လွှတ်ပေးခဲ့ကြောင်း သိရသည်။ **ဂျူနိုင်း**

# နာပိုလီနောက်တစ်ဆင့်တက်မယ့် ယူရိုပါလိဂ်

မိုးမြင့်လင်းလက်

**ယူရိုပါလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွေကို ဧပြီ ၂၄ ရက်မှာ ယှဉ်ပြိုင်ကစားတဲ့အခါ နာပိုလီနဲ့ ဝုဖ်ဘတ်၊ ဖီအိုရင်တီးနားနဲ့ ဒိုင်နမိုကိဗ် တို့ပွဲတွေက စိတ်ဝင်စားစရာ ကောင်းနေပါတယ်။ ဒီပွဲစဉ်တွေမှာ နာမည်ကြီးအသင်းတွေရဲ့ ကျဆုံးခန်းကို မြင်တွေ့ရဖို့ရှိနေသလို မထင်မှတ်ဘဲ တိုက်စစ်ထက်မြက်နေတဲ့အသင်းတွေကြောင့် ပွဲကောင်းတွေအဖြစ် တွေ့မြင်ရပါဦးမယ်။**



### နာပိုလီနှင့် ဝုဖ်ဘတ်

ပထမအကျော့ ဝုဖ်ဘတ်ကွင်းမှာ မမျှော်လင့်ဘဲ ခြေစွမ်းပြ ဂိုးပြတ်သွင်းပြီး နိုင်ပွဲယူခဲ့တဲ့ နာပိုလီကို အခုပွဲမှာ အိမ်ကွင်းဖြစ်နေတာကြောင့် ဝုဖ်ဘတ်တို့ ပိုမိုရုန်းကန်ရတော့မှာ ဖြစ်ပါတယ်။ ဝုဖ်ဘတ်ရဲ့ကြိုးစားမှုက ကောင်းမွန်ပေမယ့် ခံစစ်ကြောင်းအားနည်းမှုတွေ ရှိနေတာမို့ အခုပွဲမှာ နာပိုလီကိုကျော်ဖြတ်ပြီး နောက်တစ်ဆင့်တက်ဖို့ မလွယ်ပါဘူး။ နာပိုလီမှာ ခြေစွမ်းပြပြီး ဂိုးသွင်းနေတဲ့ ဟီဂူအင်၊ တိုက်စစ်ကိုအကောင်းဆုံးပံ့ဖော်ပေးနေတဲ့ ရိုလန်နဲ့ ဟမ်ဆစ်တို့ကြောင့် နာပိုလီတို့ အခုအချိန်အထိ အခြေအနေကောင်းကို ပိုင်ဆိုင်နေတာ ဖြစ်ပါတယ်။ နာပိုလီရဲ့ပထမအကျော့နိုင်ပွဲရလဒ်ကြောင့် ဂျာမန်ကလပ်ဝုဖ်ဘတ်အတွက်တော့ ဖိအားတွေဝင်ပြီး စိုးရိမ်စိတ်ကြီးမားစွာနဲ့ ကစားရတော့မှာဖြစ်ပါတယ်။ ဝုဖ်ဘတ်ရဲ့ အားထားစရာ တိုက်စစ်မှူး ဒီဘရူနီကလည်း ကိုယ်တိုင်ဂိုးသွင်းနိုင်သလို ကစားဖော်တွေဂိုးရအောင်လည်း ဖန်တီးပေးနိုင်ပေမယ့် တိုက်စစ်မှူးတွေရဲ့ အဆုံးသတ်ပိုင်းအားနည်းမှု၊ ဂိုးပေါက်လွဲချော်မှုတွေကြောင့် နာပိုလီကို ပထမအကျော့မှာ အရှုံးပေးခဲ့ရတာမျိုးကို ပြန်လည်ချေဖျက်နိုင်ဖို့ဆိုတာ မလွယ်ကူပါဘူး။

နာပိုလီအသင်းမှာ ဟီဂူအင်၊ ဟမ်ဆစ်နဲ့ ရိုလန်တို့က အကောင်းဆုံးတိုက်စစ်အတွဲအဖြစ် နိုင်ပွဲတွေထုဆစ်နေတာမို့ အခုပွဲမှာ ဝုဖ်ဘတ်တို့အတွက် အနိုင်ရရင်တောင် ယူရိုပါလိဂ်ကို လက်ပြနှုတ်ဆက်ရမယ့် ရလဒ်မျိုးကလွဲပြီး ထူးခြားမှုမရှိနိုင်တော့ပါဘူး။

### ဖီအိုရင်တီးနားနှင့် ဒိုင်နမိုကိဗ်

ပထမအကျော့ ဒိုင်နမိုကိဗ်ကွင်းမှာ ကစားတဲ့ပွဲစဉ်မှာတော့ တစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ အခုပွဲကတော့ အကြိတ်အနယ်ရှိမယ့် ပွဲပါပဲ။ ဒီနှစ်ယူရိုပါလိဂ်မှာ တိုက်စစ်အကောင်းဆုံးအသင်းတွေထဲမှာ တတိယနေရာမှာရှိနေတဲ့ ဒိုင်နမိုကိဗ်ဟာ ဟက်စ်လိဗ်နဲ့ ယာမိုလန်တို့ အားကိုးနဲ့ ဒီအဆင့်အထိတက်ရောက်လာခဲ့တာဖြစ်ပါတယ်။ နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်ပြင်းထန်နေတဲ့ ဒိုင်နမိုကိဗ်ဟာ အဝေးကွင်းမှာ တိုက်စစ်ဖွင့်ကစားပါလိမ့်မယ်။ ဖီအိုရင်တီးနားတို့ကတော့ အကောင်းဆုံးတိုက်စစ်စွမ်းဆောင်မှုမျိုး မရှိပေမယ့် အသင်းလိုက်ကစားအားကောင်းတဲ့ စုဖွဲ့မှုရှိနေပြီး အိမ်ရှင်ဆိုတဲ့အားသာချက်ကို အပြည့်အဝ အသုံးချသွားဖို့ ရှိနေပါတယ်။ ဖီအိုရင်တီးနားမှာ ဘာဆန်ကာ၊ အိုင်လီဆစ်၊ ဗားဂတ်စ်တို့ ဂိုးသွင်းနိုင်သူတွေဖြစ်ပြီး အကွီလာနို၊ အိုင်လီဆစ်နဲ့ ဟာတစ်တို့က တိုက်စစ်လမ်းကြောင်းပေါ် တိကျတဲ့ပေးပို့မှုတွေ ပြုလုပ်နိုင်သူတွေ ဖြစ်ပါတယ်။ ယူရိုပါလိဂ်မှာ ဗိုလ်စွဲနိုင်ခြေအဆင့် တတိယနေရာမှာရှိနေတဲ့ ဖီအိုရင်တီးနားတို့က အခုပွဲမှာ နိုင်ပွဲကိုရအောင် ရှာဖွေဖော်ထုတ်မှာဖြစ်ပြီး နောက်တစ်ဆင့်တက်ဖို့ ခြေလှမ်းပြင်ပါလိမ့်မယ်။ ။



# ယူရိုပါလိဂ်နေရာအတွက် အခွင့်အလမ်းများ ရှင်သန်လာတဲ့စပါး

စပါးအသင်းအနေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်နေရာရဖို့ အခွင့်အလမ်းမမျှော်မှန်းနိုင်သေးသော်လည်း လာမယ့်ရာသီမှာ ယူရိုပါလိဂ်ဝင်ခွင့်နေရာရဖို့တော့ မျှော်မှန်းနိုင်ပြီလို့ဆိုရမှာဖြစ်ပါတယ်။ နယူးကာဆယ်အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်တဲ့ ပြိုင်ပွဲအပြီး စပါးအသင်းမှာ ယူရိုပါလိဂ်ဝင်ခွင့်နေရာရဖို့ အခွင့်အလမ်းများ ရှင်သန်လာတာဖြစ်ပါတယ်။ စပါးအသင်းဟာ ဒီပြိုင်ပွဲအပြီးမှာ နံပါတ်-၆ နေရာကို တက်လာခဲ့တာပါ။ အိမ်ရှင်နယူးကာဆယ်ကတော့ ခြောက်ပွဲဆက်တိုက်ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ နယူးကာဆယ်အသင်းဟာ တန်းဆင်းဇုန်အထက် ခုနစ်မှတ်သာ အသာရှိတဲ့အတွက် ဆိုးရွားတဲ့ရလဒ်တွေနဲ့ ရင်ဆိုင်နေရပါတယ်။ နယူးကာဆယ်တို့ လွန်ခဲ့တဲ့ ၁၀ ပွဲမှာ တစ်ပွဲသာ အနိုင်ရခဲ့ပါတယ်။ ဒီပွဲမှာ ထူးထူးခြားခြား ဂိုးသွင်းပေးတဲ့သူကတော့ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းပဲ ဖြစ်ပါတယ်။ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ဒီနှစ်ထဲမှာ စပါးအတွက် ဂိုးပေါင်း ၃၀ မြောက်ဂိုးကို သွင်းယူပေးလိုက်တာပါ။ သူဟာ ၁၉၉၂ ခုနှစ် နောက်ပိုင်းမှာတော့ စပါးအသင်းအတွက် ဂိုးပေါင်း ၃၀ အထိ သွင်းပေးနိုင်တဲ့ ပထမဆုံး ကစားသမားဖြစ်လာပါတယ်။ ဟယ်ရီကိန်းဟာ ယခုနှစ် ပရီမီယာလိဂ်ရဲ့ ပီအက်ဖ်အေ အကောင်းဆုံး ဘောလုံးသမားဆုနဲ့ လူငယ်အကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးနိုင်ဖို့ ဆန်ခါတင်လေးဦးထဲမှာပါဝင်တဲ့ တိုက်စစ်မှူးပဲဖြစ်ပါတယ်။ သူဟာ ရှိုင်းဟော့ဆင်ရဲ့ အင်္ဂလန်အသင်းမှာလည်း ဂိုးတွေသွင်းပေးလာနိုင်တဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်

# ရာသီအဖွင့် မာစတာပြိုင်ပွဲ သုံးခုစလုံး ဖလားတွေသိမ်းပိုက်သွားတဲ့ ဂျိုကိုဗစ်

ဆားဘီးယား တင်းနစ်ကြယ်တစ်ပွင့် နိုဗက်ဂျိုကိုဗစ်ဟာ သောမတ်ဘတ်ဒစ်ကို နိုင်ပြီး ဒုတိယမြောက် မွန်တီကာလိုဖလား ဆွတ်ခူးသွားတဲ့အပြင် ရာသီအဖွင့် မာစတာပြိုင်ပွဲ သုံးပွဲစလုံးမှာ ဖလားဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံးသော တင်းနစ်ကစားသမား ဖြစ်လာခဲ့ပါတယ်။ ကမ္ဘာ့နံပတ်တစ် တင်းနစ်ကစားသမား ဂျိုကိုဗစ်ဟာ သောမတ်ဘတ်ဒစ်ကို ၇-၅၊ ၄-၆၊ ၆-၃ နဲ့ အနိုင်ရလိုက်တဲ့အတွက် ၂၀၁၅ ခုနှစ်ထဲမှာ ၁၇ ပွဲမြောက် မြေကြီးကွင်း အနိုင်ရမှုကို တိုးချဲ့နိုင်ခဲ့ပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိတဲ့ ဂျိုကိုဗစ်ဟာ ပြီးခဲ့တဲ့လက အင်ဒီးယန်းဝဲလ်နှင့် မီယာမီဖလားများ ဆွတ်ခူးနိုင်ခဲ့တဲ့အပြင် မွန်တီကာလိုဖလားကိုပါ ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။ မြေကြီးကွင်းဘုရင်လို့လူသိများတဲ့ ရာဖေးလ်နာဒယ်ကတော့ အကြိုဗိုလ်လုပွဲမှာ ဂျိုကိုဗစ်ကို ရှုံးပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရပါတယ်။ ဂျိုကိုဗစ်ဟာ ဒီပွဲအနိုင်ရလိုက်တဲ့အတွက် လာမယ့်လမှာ စတင်ကစားမယ့် ပြင်သစ်အိုးပင်းဖလားပြိုင်ပွဲမှာလည်း ပထမဆုံးသော ပြင်သစ်ဖလားကို ဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားတယ်လို့ဆိုပါတယ်။ ဒီနှစ်ထဲမှာ အရေးအကြီးဆုံးကတော့ ပြင်သစ်ဖလားဆွတ်ခူးဖို့ပါပဲလို့ ဂျိုကိုဗစ်က ဆိုပါတယ်။ သူ့ရဲ့ ဂရင်းဆလမ်ဖလားပြိုင်ပွဲတစ်လျှောက်မှာ ပထမဆုံးအနေနဲ့ ဖလားဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။



# ဒေါ့မွန်နည်းပြသစ် ဖြစ်လာမယ့် သောမတ်တူကဲ

သောမတ်တူကဲကို ဒေါ့မွန်နည်းပြအဖြစ်မှ ထွက်ခွာသွားတော့မယ့် ဂျာဂျမ်ကလော့နေရာမှာ ဇူလိုင် ၁ ရက်က စပြီး အစားထိုးမယ်လို့ဆိုပါတယ်။ အသက် ၄၇ နှစ်အရွယ်ရှိတဲ့ ဂျာဂျမ်ကလော့ဟာ ရာသီအကုန်မှာ ဒေါ့မွန်အသင်းမှ ထွက်ခွာဖို့ ကြေညာလိုက်ပြီဖြစ်ပါတယ်။ သူဟာ ပရီမီယာလိဂ် ထိပ်တန်းကလပ်တစ်ခုသို့ ပြောင်းရွှေ့ဖွယ်ရှိနေပါတယ်။ မိန့်ဇ်နည်းပြဟောင်းတူကဲကို ဂျာမန်ဘွန်ဒက်စ်လီဂါဖလား ရှစ်ကြိမ်တိုင်ဆွတ်ခူးခဲ့ဖူးတဲ့ ဒေါ့မွန်က သုံးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်တာဖြစ်ပါတယ်။ အသက် ၄၁ နှစ်အရွယ်ရှိတဲ့ တူကဲဟာ ဂျာမန်ဘွန်ဒက်စ်လီဂါမှာ အောင်မြင်တဲ့ နည်းပြဖြစ်ခဲ့ပြီးတဲ့နောက် မိန့်ဇ်အသင်းမှ ထွက်ခဲ့တာဖြစ်ပါတယ်။ သူဟာ ဂျာမန်ထိပ်တန်း နည်းပြတွေထဲက တစ်ဦးဖြစ်ပါတယ်။ သူ့ကို ဒေါ့မွန်က စာမချုပ်မီ ဟမ်းဘတ်အသင်းကလည်း ခေါ်ယူဖို့ ကမ်းလှမ်းခြင်းခံရတဲ့ နည်းပြဖြစ်ပါတယ်။ တူကဲဟာ ၂၀၁၀-၂၀၁၁ ရာသီက မိန့်ဇ်အသင်းရဲ့ ပထမဆုံး ခုနစ်ပွဲမှာ အနိုင်ရအောင် ကြိုးစားပေးနိုင်ခဲ့တဲ့ နည်းပြဖြစ်ပါတယ်။ ယခုလည်း ဒေါ့မွန်အသင်းကို အောင်မြင်မှုတွေရဖို့ ကြိုးစားပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ ဒေါ့မွန်နဲ့အတူ ဖလားတွေ မြောက်မြားစွာ ဆွတ်ခူးပေးနိုင်မယ်လို့လည်း မျှော်လင့်ထားပါတယ်လို့ သူက ဆိုပါတယ်။





*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့ သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလ ထုတ်မှစတင်၍ လစဉ်မပြတ်ရေးသား ခဲ့သည်ဟုမှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေး စာအုပ်တိုက်အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ 'မန္တလေးမျဉ်းဖြောင့်များ' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာ ရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော 'မန္တလေးမျဉ်းဖြောင့်များ'ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလောနှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော မူလ'မန္တလေး မျဉ်းဖြောင့်များ'ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# အိမ်ပြန်နောက်ကျတဲ့လမ်းမ

**ဆူးငှက်**



**"ပက်စီတစ်လုံး"**

အသံကြားလို့ ဖျက်ခနဲမော့ကြည့်လိုက်တော့ မျက်နှာချင်းဆိုင်မှာ သူမဝင်ထိုင်သည်။ လောလော လတ်လတ်လိမ်းထားသော သနပ်ခါးက ခပ်ကြမ်းကြမ်း စုတ်ချက်မျက်နှာများနှင့်တူ၏။ သူမသည် တီရှပ်ဟောင်း တစ်ထည်ပေါ်မှ ယောကျ်ားဝတ်ရှပ်အင်္ကျီတစ်ထည်ကို လျှိုဝတ်ထားသည်။ လွယ်အိတ်တစ်လုံးကို စလွယ်သိုင်းလွယ်ထား၏။ ကျွန်တော်က ထမင်းကြော်တစ်ဇွန်းကို ကော်စားလိုက်သည်။ အခွံများဖြင့် ပွစာကြနေသော စားပွဲပေါ်မှ ကြက်သွန်ဖြူဥ တစ်စိတ်တလေ ရှိလေမလားဟု လက်ဖြင့်လျှောက်စမ်းမိ၏။ ဟင်းချိုမှုန့်ကို စေတနာဗရပွဖြင့် ထည့်ကြော်ထားသဖြင့် ထမင်းကြော်၏ ချိုရဲရဲအရသာက ပါးစပ်ထဲမှာ စွဲနေသည်။

ကျွန်တော်သည်သတိတရရှိစွာဖြင့် လက်ဖက်ရည် ဖန်စိမ့်တစ်ခွက်ကို မှာလိုက်သည်။ ပက်စီသောက်နေသော သူမသည် စုပ်တံကျူရိုးမှတစ်ဆင့် ပက်စီရည်ညိုများကို အငမ်းမရ။

တစ်ဖက်စားပွဲဝိုင်းတွင် ဖဲဝိုင်းတစ်ဝိုင်းမှ ထလာပုံရသောလူငယ်တစ်စုသည် အချဉ်တစ်ကောင်၊ သို့မဟုတ် နှစ်ကောင်၊ သို့မဟုတ် တစ်ဝိုင်းလုံးမိလာပုံရသည်။ တဝါးဝါးပွဲကျပြီး စားစရာသောက်စရာများ အလုအယက် အပြိုင်အဆိုင်မှာနေကြ၏။ ဆိုက်ကားတစ်စီးဆိုက်လာသည်။ လူတစ်ယောက်ဆင်းလာသည်။ လက်ဖက်ရည်တစ်ခွက်မှာ၏။ ကျွန်တော့်ရှေ့မှ သူမကို လှမ်းကြည့်သည်။ "ကိုစိုးရ-မလာသေးဘူးလား" ဟု သူမကို လှမ်းမေးသည်။ သူမခေါင်းရမ်းသည်။ ခဏနေတော့ ဈေးကားတစ်စီး(၂၈ )လမ်းထဲ ချိုးဝင်လာ၏။ ခွေးတစ်ကောင် တကိန်ကိန် ညည်းတွားနေသည်။ ကွမ်းယာသည်က ခေါင်းတငြိမ့်ငြိမ့် ဒူးတနန့်နန့်လှုပ်ရင်း သီချင်းတစ်ပုဒ်ညည်းတွားလျက်။ လက်ဖက်ရည်ဖျော်ခုံမှ "တီးဆရာ" က အခန်းကျဉ်းလေးထဲဝင်သွားပြီး အိုးမည်းဗရပွနှင့် အိုးကြီး မလာကာ မီးဖိုပေါ်က ဒယ်အိုးကြီးထဲ ထမင်းတွေလောင်းထည့်သည်။ သံယောက်မကြီးနှင့် အထက်၊ အောက်မွှေ၏။ လှန်၏။ ထိုးဆွ၏။ သူလုပ်နေပုံက ထမင်းကြော်နေသည်နှင့်မတူ။ အနာဟောင်းတစ်ခုအား ထိုးဆွနေသည်နှင့်တူ၏။ သို့သော် ကျွန်တော်သည် ထိုထမင်းကြော် ချိုရဲရဲကိုပင် ညစဉ် စားရသည်။

အလင်းပေါက် အလုပ်လုပ်ရသော ညများတွင် သန်းခေါင်ကျော် နာရီပြန်တစ်ချက်လောက်၌ နေ့ပိုင်း၌ပါ ပင်ပန်းသောဒဏ်များကြောင့် ငိုက်မျဉ်းစပြုလာ၏။ ညဥ့်ဦးယံက စားသောက်ဖြည့်တင်းခဲ့သော ညစာကလည်း ပျောက်ဆုံးသွားချေ၏။ ထိုအခါ လုပ်ဖော်ကိုင်ဖက်အားလုံးသည် ထိုဆိုင်ကလေးဆီကိုပဲ အာရုံရကြတော့သည်။

ဆိုင်ကလေးက (၈၄)လမ်းနှင့် (၂၈)လမ်းထောင့်မှာရှိသည်။ ကျွန်တော်သည်(၈၄)လမ်းနှင့် (၂၈)လမ်းထောင့်ကို နေ့လယ်ပိုင်းများ၌ မည်သည့်အခါမျှ သတိမရသော်လည်း ညအခါ၌ ထိုနေရာပတ်ဝန်းကျင်တွင် စိတ်ဝင်စားမိသည်။ သို့မဟုတ် ပျော်မွေ့မိသည်။ ထိုအချိန်ရောက်မှ ထိုနေရာကိုသတိထားမိ၏။ လက်ဖက်ရည်ဆိုင်ကလေး၏ မျက်နှာချင်းဆိုင်တွင် ဈေးချိုတော်ရုံဟောင်းကြီးများအား ဖျက်သိမ်းထားသည့် ကွက်လပ်ကြီးရှိသည်။ ကွက်လပ်ကြီး၏ ဟိုး. . . နောက်ဘက်တွင် အဆင့်မြင့်ဈေးချိုတော်ရုံသစ်ကြီးကို လှမ်းမြင်ရသည်။ ဈေးဝရန်တာတစ်လျှောက် မီးများထွန်းညှိထား၏။ တစ်ချို့နေရာက မီးလုံးကျွမ်းသောကြောင့် သို့မဟုတ် မီးလုံးမရှိသောကြောင့် အလင်းမရှိ. . . ။

ဈေးချိုကွက်လပ်ကြီးကတော့ လမ်းမီးရောင်တချို့ကို မမျှမတ ခံယူထားသည်။ သည်ကွက်လပ်ကြီး၏ ပဟေဠိကို မန္တလေးသားတိုင်း စိတ်ဝင်စားကြသည်။ သည်ကွက်လပ်ကြီးမှာ မြောက်ဘက်ကလို အဆင့်မြင့်ဈေးသစ်ကြီးဖြစ်လာမှာလား။ သို့မဟုတ် ဟိုတယ်ကြီးဖြစ်လာမှာလား။ စင်ကာပူလား၊ တရုတ်လား၊ အမျိုးမျိုးမှန်းနေကြ၏။ မိုးတွင်းမှာတော့ ရေအိုင်ကွက်ကြီးတွေရှိလို့ ကလေးတွေရေကူးကြသည်။ ညနေစောင်းမှာ K ရုံသမံတလင်းဟောင်း၌ ပိုက်ကျော်ခြင်းလုံးကစားနိုင်၏။ ကွက်လပ်ကြီး၏ အရှေ့ဘက်နှင့်တောင်ဘက်မှာ ကုန်ပစ္စည်းကြော်ငြာဆိုင်းဘုတ်ကြီးတွေရှိသည်။ ဆိုင်းဘုတ်ကြီးတွေအောက်၌ မှောင်ရိပ်များက ညစဉ်ညတိုင်း တွယ်ကပ်နေ၏။

**သည်ကွက်လပ်ကြီး၏ ပဟေဠိကို မန္တလေးသားတိုင်း စိတ်ဝင်စားကြသည်။ သည်ကွက်လပ်ကြီးမှာ မြောက်ဘက်ကလို အဆင့်မြင့်ဈေးသစ်ကြီး ဖြစ်လာ မှာလား။ သို့မဟုတ် ဟိုတယ်ကြီး ဖြစ်လာမှာလား။ စင်ကာပူလား၊ တရုတ်လား အမျိုးမျိုး မှန်းနေကြ၏။**

လက်ဖက်ရည်ဆိုင်ထဲက ပက်စီသောက်သော သနပ်ခါး ဘဲကြားနှင့် သူမရော အဲသည်ဆိုင်းဘုတ်ကြီးတွေအောက် ရောက်ဖူးသလား။ ကျွန်တော်သည် မန္တလေး (၈၄)လမ်း သို့မဟုတ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးကို မည်သို့ပင်လျှင် (၂၂)စီလမ်းက စတင်သည်ဆိုစေကာမူ နာရီစင်ဈေးချိုမှ စသည်ဟုပဲ စိတ်ထဲမှာ စွဲမှတ်နေသည်။ ယခင်က ဈေးချိုရှိ (၈၄)လမ်းမကြီး အလယ်ခေါင်တွင် ကုက္ကိုပင်ကြီးတွေရှိခဲ့ဖူးသတဲ့။ သို့သော် ကျွန်တော်မမှတ်မိ။ အခုတော့ ဈေးချိုရှေ့က ၈၄ လမ်းမကြီးပေါ်တွင် သံဆန်ခါကြီးများလည်း ရှိပါသည်။ လူကူးခုံးကျော်တံတားလည်း ရှိပါသည်။

နာရီစင်၏မြောက်ဘက် ၈၄ လမ်းမပေါ် (၂၅/၂၆) လမ်းကြားမှာတော့ ယခင်က နာမည်ကျော် ဗန္ဓုလသက်န်းတိုက်ကြီးရှိ၏။ ဦးဆိုင်၏ဗန္ဓုလသင်္ကန်းသည် ၁၃၀၀ ပြည့်နှစ်လောက်ဆီက ပေါ်ပေါက်ခဲ့ပါသည်။ သင်္ကန်းတိုက်ကြီးပေါ်မှ ယခင်က ဆင်းကားစက်အလုံး ၁၀၀ ကျော်နှင့်သင်္ကန်းများချုပ်သည်။ ထို့ပြင် နဘဲကြိုးရပ်မှာ----

အရှေ့ပြင်နန်းရှေ့မှာလည်း သင်္ကန်းချုပ်သော အလုပ်ရုံခွဲတွေ ရှိဖူးသည်။ ဦးဆိုင်၏ ဗန္ဓုလသင်္ကန်းသည် ဝိနည်းနှင့်လည်းညီ၊ ဟော်လန်ပိတ်အုပ်ကိုလည်းသုံး၊ ဆေးရောင်လည်းမှန်၊ ခိုင်လည်းခိုင်သောကြောင့် သံဃာတော်တိုင်းက လက်မလွှတ်စတမ်းသုံးစွဲကြလေ၏။ ထိုခေတ်က ဗန္ဓုလသင်္ကန်းနာမည်ကျော်ပုံမှာဖြင့် လေဘာတီမမြရင်၏ "အလှူ့ဒကာ" သီချင်း၌ပင် ယခုကဲ့သို့ စပ်ဆိုထားပါသည်။

"မေးနေစရာလိုမယ်မထင် မယ်ရင်မပြောဘဲသဘောက အကုန်လုံးလင်၊ သူ့တွေ့မှာ ဆုံမယ်လေ အလှူပေးတဲ့ရက် မနက်ကမလာဘူးရှင်၊ ဗန္ဓုလသင်္ကန်းဆိုင်တွင် သူကိုယ်တိုင်ပဲဝင် လူမြင်မှာရှက်လို့တဲ့တော် ရေစက်ချတောင် ခဏမလာပေါင်ရှင်"

တကယ်တော့ ၈၄ လမ်းမကြီးသည် ဈေးချိုတော်ကြီး၏ ဖွားဖက်တော်ဖြစ်၏။ ဈေးချိုဆိုသည်မှာ ယခင်က "ဈေးကြို"ဖြစ်ကြောင်း၊ တည်ဆောက်သော ခုနှစ်မှာ "အုတ်ကာသွပ်မိုး" "၁၂၆၅" ခုနှစ်ဖြစ်ကြောင်း၊ အီတာလျံမင်းသား ဗိသုကာကောင့်ကာလာတတီဖြစ်ကြောင်း အထူးတလည်တော့ ပြောစရာမလိုတော့ပြီ။ ထိုဈေးချိုတော် အဆောက်အအုံကြီးလည်း ယခုအခါ မရှိတော့။ ဤသို့ဖြင့် ကြာလျှင်မေ့ကြရုံပဲပေါ့။ ဟုတ်သည်။ (၁၆-၆-၉၁)နေ့က အုတ်မြစ်ချတည်ဆောက်သော လက်ရှိဈေးချိုတော် အဆင့်မြင့်ရုံသစ်ကြီးကိုပဲ ယနေ့မြင်နေကြရပြီမဟုတ်လော။ ထိုဈေးချိုအဆင့်မြင့်ရုံသစ်ကြီးသည် အလျား ၃၆၈ ပေ၊ အနံ ၄၆၄ ပေနှင့် ခြောက်လက်မတိတိရှိသတဲ့။ အလယ်ရုံကြီး ခြောက်ထပ်နှင့် ဘေးခုနစ်ရုံလေးထပ်ရှိသတဲ့။ အရှေ့ဘက်က လေးထပ်တိုက်တန်းကြီးကလည်း ၁၉၉၁ ခုနှစ်မှာ ဖွင့်သတဲ့။ အလျား ၄၉၂ ပေ၊ အနံ ၄၈ ပေ ခြောက်လက်မရှိသတဲ့။ ထိုကိန်းဂဏန်းများကိုပဲ ကျွန်တော်တို့ မှတ်သားမိသည်။

အရင်ကတော့ အရှေ့ဘက်က တိုက်တန်းဟောင်းကြီးကို တိုက်တန်းကြီးခေါ်၏။ ယခုမြို့တော်ခန်းမ (၂) တည်ဆောက် ထားသည့်နေရာတွင်ရှိခဲ့ဖူးသော တိုက်တန်းကို တိုက်တန်းလေးဟု ခေါ်ခဲ့ဖူးသည်။ တိုက်တန်းကြီးတွင် မနော်ဟရီသွေးဆေးရှိဖူးသည်။ ခေတ်ဆန်းပရိဘောဂရှိဖူးသည်။ နဂါးနီပိုးထည်တိုက်ရှိဖူးသည်။ တြိဘောဂစတိုးရှိသည်။ ဗမာ့ကုန်စုံပွဲရုံရှိသည်။ စာပေ

*စာမျက်နှာ ၂၃ သို့*



# နမ့်ခမ်းမြို့၌ သက်ကြီးပူဇော်ပွဲနှင့် အခမဲ့ကျန်းမာရေးစစ်ဆေးကုသ

**နမ့်ခမ်း ဧပြီ ၂၁**

မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာအရ အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွား ၁၉၀ ကျော်အား ပူဇော်ပွဲနှင့် အခမဲ့ကျန်းမာရေး စစ်ဆေးကုသခြင်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ မြို့လယ်ဘုရားကျောင်းတော်၌ ဧပြီ ၁၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

သက်ကြီးပူဇော်ပွဲ မကျင်းပမီ နံနက် ၇ နာရီတွင် မြို့နယ်သံဃာနာယက ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဝိနယာစာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် ဆရာတော်သံဃာတော်များက ပရိတ်တရားတော်မြတ်ကို ချီးမြှင့်ပြီး နံနက် ၈ နာရီက အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဗိုလ်မှူးချုပ် သက်ထွန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်သာသနာ့နုဂ္ဂဟအဖွဲ့၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက အဘိုးအဘွားများအား ကန်တော့ကြပြီး အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းခဲ့ကြသည်။ ယင်းနောက် အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်မှ အထွေထွေခွဲစိတ်ကုသမှုပါရဂူ ဒေါက်တာ ဖြိုးမင်းဟန်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအောင်ပိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက အဘိုးအဘွားများအား ကျန်းမာရေးစစ်ဆေး၍ အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

**ညဏ်မင်း(နမ့်ခမ်း)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ရှောင်တခင်စစ်ဆေး

**ပုသိမ် ဧပြီ ၂၁**

မဟာသင်္ကြန်ပွဲတော်ကာလတွင် ကျားကုတ်ကျားခဲ အခွင့်ကောင်းယူစီးပွားဖြစ်နေကြသော ပုဂ္ဂလိကခရီးသည်တင် ပို့ဆောင်ရေးလုပ်ငန်းမှ ရေလမ်း/ကုန်းလမ်းယာဉ်များကို တွေ့ရသည်။ တရားဝင်ခရီးသည်တင်လိုင်စင်ရှိယာဉ်များနှင့် မလိုလောက်တော့ဘဲ အချို့ကအကြောင်းအမျိုးမျိုးပြယာဉ်စီးခ တစ်ဟုန်တိုးဈေးတက်သည်။ လိုင်စင်မဲ့ကုန်တင်ယာဉ်များက ပုံစံအမျိုးမျိုးပြောင်း၍ ကြားကားပြေးဆွဲကြသည်ကို တွေ့ရသည်။ ယာဉ်အိုယာဉ်ဟောင်း မရှောင် စက်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုမရှိ၊ အရပ်ဒေသ လမ်းပိုင်းဆိုင်ရာ မကျွမ်းကျင်မှု၊ စုံစမ်းစစ်ဆေးခြင်းမရှိ အန္တရာယ်မစိုးရိမ် ကျပ်ကျပ်တည်းတည်းတွဲတွဲပိုးပိုးနှင့် ယာဉ်စီးခနှုန်းအဘယ်မျှဖြစ်ပါစေ၊ မိသားစုအမြန်တွေ့ဆုံလိုသော စိတ်ဇောကြောင့် မဆိုင်းမတွရက်ရက်ရောရော ပေးချေခဲ့ကြသည်က အိမ်ပြန်ခရီးဖြစ်ခဲ့သည်။



ထိုအချိန်မျိုးတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် ရုံး/ကျောင်းဖွင့်ချိန်ပြန်ရမည့် ခရီးသည်များ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စီးခနှုန်း သက်သာချောင်ချိရေးအတွက် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီမှ စည်းကမ်းမဲ့ခရီးသည်တင် ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်များ/ယာဉ်မောင်းလိုင်စင်/ ယာဉ်စီးခသတ်မှတ်ဈေးနှုန်းထက် တိုးမြှင့်တောင်းခံခြင်း၊ ယာဉ်အိုယာဉ်ဟောင်း စက်ပစ္စည်းကြံ့ခိုင်မှု စစ်ဆေးအရေးယူခြင်းများကို နှစ်သစ်ကူးရုံးပိတ်ရက်မတိုင်မီ ဧပြီ ၁၀ ရက်မှ စတင်စစ်ဆေးအရေးယူခဲ့သကဲ့သို့ ဧပြီ ၁၉၊ ၂၀ ရက်တို့တွင် ပုသိမ်မြို့ အဝင်/အထွက်ဂိတ်များ၊ မြောင်းမြ-ကန်ကုန်း လမ်းဆုံဂိတ်များတွင် တိုင်း မ. စ. က ကြီးကြပ်မှုကော်မတီဝင် ဦးဝင်းအောင်သက်နှင့် လိုင်းပေါင်းစုံဂိတ်မှူးများ ပူးပေါင်း၍ သီးခြားရှောင်တခင်စစ်ဆေးအရေးယူပေးခြင်း တွေ့ရှိရသည့်အတွက် ယာဉ်စီးခနှုန်းထားပုံမှန်အတိုင်း ပြန်လည်လျော့ကျသွားမည့်အတွက်ကြောင့် ခရီးသည်များ ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**လှကြည်(ပုသိမ်)**

# ရေဘေးအတွက် ကြိုတင်ပြင်ဆင်ခြင်း

**(၁) ရေမကြီးမီ ဆောင်ရွက်ရန် အချက်များ**

(က) မိုးလေဝသသတင်းကို ဂရုပြုနားထောင်ပါ။
(ခ) ရေဘေးမှ လွတ်ကင်းနိုင်သည့် အခိုင်အမာအဆောက်အအုံများ၊ ကုန်းမြင့်များ ကြိုတင်သတ်မှတ်ထားပါ။
(ဂ) သတ်မှတ်နေရာများသို့ ရောက်ရှိမည့် ပြေးလမ်းကြောင်းများ ကြိုတင်ရွေးချယ်ထားပါ။
(ဃ) ရေတွင်ပေါ်နိုင်သည့် ငှက်ပျောပင်ကဲ့သို့အပင်များ စိုက်ပျိုးထားပါ။
(င) အရေးကြီးစာရွက် စာတမ်းများ ရေမစိုနိုင်အောင် ပလတ်စတစ်ဖြင့် သေချာစွာထုပ်ပိုးထားပါ။
(စ) အဝတ်အစား၊အစားအစာ၊ ဆေးဝါး၊ ဓာတ်မီး၊ မီးခြစ်၊ ဖယောင်းတိုင် စသည့်ပစ္စည်းများ အသင့်ဆောင်ထားပါ။
(ဆ) သယ်ယူပို့ဆောင်သွားလာရေးအတွက် လှေ၊ ပဲ့ထောင်၊ မော်တော်၊ စက်သုံးဆီ စသည်များ ကြိုတင်စီစဉ်ထားပါ။
(ဇ) ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။
(ဈ) သရုပ်ပြ အစမ်းလေ့ကျင့်မှုများ ပြုလုပ်ထားပါ။

**(၂) ရေကြီးခြင်း သတိပေးချက်ရရှိပါက ဆောင်ရွက်ရန် အချက်များ**

(က) အစားအစာ၊ ဆေးဝါး၊ သောက်ရေတို့နှင့်အတူ လုံခြုံစိတ်ချရသော အဆောက်အအုံနှင့်ကုန်းမြေမြင့်သို့ အချိန်မီရွှေ့ပြောင်းပါ။
(ခ) သစ်တုံး၊ ဝါးဖောင်ငယ်၊ ကားတာယာကျွတ်၊ ဗောကွင်း၊ လူတစ်ဦးဖက်တွယ်နိုင်သည့် ဝါးပိုး၊ ဝါးဆစ်ပိတ်များဆောင်ထားပါ။
(ဂ) ကလေးငယ်များအား ရေစီးတွင်မျောပါမည်စိုး၍ ကြိုးဖြင့်ချည်နှောင်ထားခြင်းမျိုး၊ မိသားစုလိုက် ချည်နှောင်ထားခြင်းမျိုးကို ရှောင်ရှားပါ။
(ဃ) ရေဘေးအန္တရာယ် သတိပေးချက်ရရှိပါက ပင်လယ်ကမ်းခြေဒေသများ၊ အနိမ့်ပိုင်းဒေသများ၊ လယ်ကွင်းပြင်များတွင် နေထိုင်ခြင်းမှရှောင်ရှားပါ။
(င) မြစ်ချောင်း၊ ကမ်းပါး၊ မြေပြိုနိုင်သည့်ဒေသများသို့ သွားလာခြင်းမှရှောင်ရှားပါ။

**(၃) ရေကြီးနေစဉ် ဆောင်ရွက်ရန်အချက်များ**

(က) မြစ်ရေအခြေအနေ သတင်းထုတ်ပြန်ချက်ကို အမြဲနားထောင်ပါ။
(ခ) ရေလွှမ်းနေသည့် နေရာများသို့ လမ်းလျှောက်သွားလာခြင်းမှ ရှောင်ရှားပါ။
(ဂ) ခြောက်လက်မခန့်မြင့်သော ရေစီးသည် လူကိုမျောပါစေနိုင်သောကြောင့် ရေထဲဖြတ်ကူးခြင်း၊ ဖြတ်လျှောက်ခြင်းမပြုရ။ မလွှဲမရှောင်သာ၍ ဖြတ်လျှောက်ရပါက တုတ်ဖြင့်စမ်းထောက်ပြီးမှသွားပါ။
(ဃ) မြွေနှင့်အဆိပ်ရှိသော သတ္တဝါများ၏ အန္တရာယ်ကို သတိထားရှောင်ရှားပါ။
(င) လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရန် လျှပ်စစ်မီးကြိုး၊ တိုင်များနှင့်ဝေးရာတွင် နေထိုင်ပါ။
(စ) မြစ်ချောင်း၊ ကမ်းပါး၊ မြေပြိုနိုင်သည့်နေရာများသို့ သွားလာခြင်းမှ ရှောင်ရှားပါ။
(ဆ) သောက်သုံးရေသန့်ရှင်းမှုကို တတ်နိုင်သမျှ လုပ်ဆောင်ပါ၊ ဝမ်းရောဂါမဖြစ်စေရန် ရေကိုကျိုချက်သောက်ပါ။

**(၄) ရေကြီးပြီးနောက် ဆောင်ရွက်ရန်အချက်များ**

(က) တာဝန်ရှိသူများက အန္တရာယ်မရှိကြောင်းကြေညာမှ အိမ်ကိုပြန်လာပါ။
(ခ) မိသားစုဝင်အားလုံး စုံ၊ မစုံစစ်ဆေးပါ။
(ဂ) ကျန်းမာရေးအခြေအနေ စစ်ဆေးပါ၊ လိုအပ်ပါက ဆေးခန်း၊ ဆေးရုံပို့ပါ။
(ဃ) မိမိအိမ်/ခြံ၊ လမ်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်း သန့်ရှင်းရေးဆောင်ရွက်ပါ။
(င) ရေနစ်မြုပ်ထားသော လျှပ်စစ်ပစ္စည်းများကို ကျွမ်းကျင်သူများဖြင့် သေသေချာချာစစ်ဆေးပြီးမှ သုံးစွဲပါ။
(စ) ရေကြီးထားသောကြောင့် လမ်း၊ တံတား၊ အိမ်များ အချိန်မရွေးပြိုကျနိုင်သည့်အတွက် သတိပြုပါ။
(ဆ) အဆိပ်ရှိသတ္တဝါများ ခိုအောင်းနေတတ်သဖြင့် သတိပြုပါ။
(ဇ) အိမ်ပတ်ဝန်းကျင်ကို ပိုးသတ်ဆေး၊ ထုံး၊ ဆားဖျန်းပါ။
(ဈ) ရေကို ကျိုချက်သောက်ပါ။

**ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

*စာမျက်နှာ ၂၂မှ*

သဘင်ရှိသည်။ ဖွာဗူလာနန်ဂျီ ပန်းကန်ဆိုင်ကြီးရှိသည်။ တိုက်တန်းကြီးသုံးခန်းတွဲကိုတွဲ၍ ဖွင့်လှစ်ထား၏။ ထို့ပြင် ဦးစမူသား ကိုစု စာရေးကိရိယာဆိုင်လည်းရှိသည်။ ဈေးချိုတော်ကြီး၏ မြောက်နား ၈၄ လမ်းမကြီး၏ အရှေ့ဘက် ၂၄ နှင့် ၂၅ လမ်းကြားတွင် ဓားတန်းဝင်းဆိုတာရှိသည်။ ထိုဓားတန်းဝင်းကလည်း ဈေးချိုတော်နှင့်အတူ ၈၄ လမ်းနှင့်အတူ ထင်ရှားကျော်ကြားသည်။ ယခင်က ဆိုင်းတန်းဧရာဝတီ စာရေးကြီး ဦးမြသိန်းအိမ်မှာ စတည်းချစတင်ခဲ့သော မြို့မတူရိယာအသင်းသည် ဓားတန်းဝင်းကြီးတွင် လူလားမြောက်ခဲ့၊ အရွယ်ရောက်ခဲ့၊ အောင်မြင်ခဲ့၊ ရှုံးနိမ့်ခဲ့၊ ပြန်လည်ရှင်သန်ခဲ့သည်။

ကျွန်တော်တို့ မသိမီခဲ့ရသော ၁၉၂၅ ခုနှစ်လောက်ဆီကဖြင့် (၂၂) လမ်းနှင့် (၂၈) လမ်းကြား၊ (၈၄) လမ်းမကြီးပေါ်မှာ ဈေးချိုအနီးအနားက ကုလားသူဌေးများ၏ ကုန်ကားကြီးတွေပေါ် ရေစည်ရေပိုင်းများတင်ပြီး သင်္ကြန်အခါတွင်းတွင် ရေပက်ခံခဲ့ကြ၏။ ထိုအချိန်မှ စတင်၍ သင်္ကြန်ကိုကားနှင့်လှည့်ပတ်ခြင်း စသည်ဟု ပြောစမှတ်ပြုခဲ့ကြသည်။ ထိုကိစ္စကို (၈၄) လမ်းမကြီး မှတ်မိပါလိမ့်မည်။

တကယ်တော့ (၂၆)လမ်းနှင့် (၂၈)လမ်းကြား၊ (၈၄) လမ်းမကြီးသည် သမိုင်းပေါင်းများစွာကို ပြောပြနိုင်ပါသည်။ သည်နေရာမှာ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း နယ်ချဲ့သေနတ်ဖျား အသက်ပျောက်ခဲ့ရသည့် မန္တလေးအာဇာနည် (၁၇)ဦး၏ အလောင်းတင်ရထားများလည်း မျက်ရည်လည်ရွဲ လူအုပ်ကြားတရွေ့ရွေ့ဖြတ်သွားဖူးသည်။ ထို့အတူ ပြည်တွင်းစစ်ကြောင့် တိုင်းပြည်လူထုနာခဲ့ရသဖြင့် ငြိမ်းချမ်းရေးအတွက် သဘောထားပြုကြမည့် လူထုကြီးလည်းဖြတ်သွားဖူးသည်။ မန္တလေးမြို့၏ အစည်ကားဆုံးအသုဘအခမ်းအနားဟုတွင်ကျန်ရအောင် စည်ကားလှသော က,ရင်းသေသည့် ရွှေမန်းတင်မောင်၏ ဈာပနအခမ်းအနားမြင်ကွင်းကိုလည်း ဤနေရာတွင် မြင်လိုက်ဖူးသည်။

ထိုနေရာ (၈၄) လမ်းသည် မန္တလေး၏ အညာဖြစ်၏။ အသည်းနှလုံးဖြစ်၏။ အသက်သွေးကြောဖြစ်၏။

နောက်တော့ ၁၉၅၉ ခုနှစ် ရောက်သောအခါ ဈေးချိုညဈေးတန်းကို ဤနေရာတွင် စတင်ဖွင့်လှစ်ခဲ့သည်။ (၁၈-၂-၅၉) နေ့တွင် ဖွင့်လှစ်၏။ ညဈေးတန်းကို ညနေ ၅ နာရီခွဲမှ ည ၁၂ နာရီထိ ဖွင့်လှစ်ခွင့်ပြုခဲ့လေသည်။ ခြောက်ပေရှစ်ပေဆိုင်ခန်းများ ချထားပေး၏။ စတင်ဖွင့်လှစ်သည့်အချိန်က အစားအသောက်ဆိုင်များအဖြစ် ကုလားဆိုင် ၃၁ ဆိုင်၊ တရုတ်ဆိုင် ၂၉ ဆိုင်၊ မြန်မာဆိုင် ၈၅ ဆိုင်၊ ဂေါ်ရင်ဂျီဆိုင် နှစ်ဆိုင်နှင့် အဝတ်အထည်ဆိုင်ပါ စုစုပေါင်း ၅၃၄ ဆိုင်ရှိလေသည်။

***(မန္တလေးမျဉ်းဖြောင့်များ အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်)***

# နမ့်တဘက်ခေါ် နမ့်တန်ဖချောင်းဖြတ်ကျော် လူကူးကွန်ကရစ်တံတားတည်ဆောက်ပြီးစီး

ကြီးမြင့်နိုင်(လွိုင်ကော်)

**လွိုင်ကော် ဧပြီ ၂၁**

ကယားပြည်နယ် လွိုင်ကော်မြို့နယ် ထီးစဲခါးကျေးရွာအနီးတွင် ဖြတ်သန်းစီးဆင်း လျက်ရှိသော နမ့်တဘက်ခေါ် နမ့်တန်ဖချောင်းတွင် လာရောက် အပန်းဖြေအနားယူသူများ အန္တရာယ်ကင်းရှင်းစွာဖြင့် အလွယ်တကူ ဖြတ်သန်းသွားလာနိုင်ရေးအတွက် နမ့်တဘက်ခေါ် နမ့်တန်ဖချောင်းဖြတ်ကျော် လူကူးကွန်ကရစ်တံတား တစ်စင်းကို ကယားပြည်နယ်အစိုးရအဖွဲ့က တည်ဆောက်ပေးထားကြောင်း သိရသည်။



အဆိုပါ နမ့်တဘက်ခေါ် နမ့်တန်ဖချောင်း ဖြတ်ကျော်လူကူး ကွန်ကရစ်တံတားသည် အရှည် ၁၃၅ ပေ၊ အကျယ်ရှစ်ပေရှိပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၈ ရက်တွင် စတင်အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်တွင် တံတားတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးခဲ့သည်။ အဆိုပါ လူကူးကွန်ကရစ်တံတားတွင် ကိန္နရီ၊ ကိန္နရာ မောင်နှံ ရုပ်တုများဖြင့်လည်းကောင်း၊ တံတားလက်ရန်းတိုင်များဖြင့် လည်းကောင်း ကြည်နူးနှစ်သက်ဖွယ်ရာဖြစ်အောင် အလှဆင်မွမ်းမံထားပြီး တံတားတည်ဆောက်ရေးအတွက် ကုန်ကျစရိတ် စုစုပေါင်း ငွေကျပ် ၂၂၇ သိန်းသုံးစွဲခဲ့ရကြောင်း တံတားတည်ဆောက်ရေးဆိုင်ရာ မှတ်တမ်းအရ သိရသည်။

နမ့်တဘက်ခေါ် နမ့်တန်ဖချောင်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) မှ အစပြု၍ စီးဆင်းပြီး ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့၏ နယ်စပ်တစ်လျှောက် စီးဆင်းကာ ပွန်ချောင်းအတွင်းသို့ စီးဝင်သည်။ အဆိုပါ ချောင်းသည် ကယားပြည်နယ် လွိုင်ကော်မြို့နယ် ထီးစဲခါးကျေးရွာအနီးတွင်ဖြတ်သန်းစီးဆင်းရာ၌ ကျောက်ဆောင်၊ ချောက်ကမ်းပါးများတွင် ရေတံခွန်ငယ်များ အဆင့်ဆင့် ဖြစ်ပေါ်လျက်ရှိသောကြောင့် ထီးစဲခါးရေတံခွန်ဟု အမည်တွင်ကာ အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ ထီးစဲခါးရေတံခွန်သည် ၂၀၀၁ ခုနှစ်ခန့်က လွိုင်ကော်မြို့နယ် ထီးစဲခါးကျေးရွာနေ တောင်သူ ဦးစိုင်းကြီးလုံဆိုသူက ချုံနွယ်များ ဖုံးအုပ်လျက်ရှိသော ရေတံခွန်ကို ၄င်းပိုင် ငွေကြေးစိုက်ထုတ် အကုန်အကျခံကာ ချုံနွယ်များရှင်းလင်းခြင်း၊ သစ်လုံးတံတား၊ ဝါးတံတားများ တည်ဆောက်ခြင်းတို့ ပြုလုပ်ရာမှ စတင် ကျော်ကြားလာခဲ့ခြင်းဖြစ်သည်။ ယခုအခါ အဆိုပါ ရေတံခွန်အနီးတွင် သာသနိက အဆောက်အအုံများ၊ စေတီပုထိုးများဖြင့် စည်ကားလာပြီး အပန်းဖြေနားနေရာ စခန်းတစ်ခုဖြစ်လျက်ရှိသည်။ ယင်း ထီးစဲခါးရေတံခွန်အပန်းဖြေစခန်းတွင် တစ်နှစ်ပတ်လုံး အပန်းဖြေအနားယူသူများ လာရောက် လျက်ရှိကြပြီး နွေရာသီကာလ၌ တိုးမပေါက်အောင် အထူးစည်ကားလေ့ရှိကြောင်း သိရသည်။

ယင်း ထီးစဲခါးရေတံခွန်သည် လွိုင်ကော်မြို့မှ ၁၅ မိုင်ခန့်ကွာ ဝေးသော လွိုင်ကော်-ဆီဆိုင်-တောင်ကြီး လမ်းဘေးရှိ ထီးစဲခါးကျေးရွာအနီးတွင် တည်ရှိပြီး ယခုအခါ လမ်းများ ကောင်းမွန်သည့်အပြင် ငြိမ်းချမ်းမှု ရရှိနေပြီဖြစ်သော ကြောင့် ယခုနှစ် နွေရာသီကာလတစ်လျှောက်တွင် အပန်းဖြေ အနားယူသူများဖြင့် အလွန်စည်ကား လျက်ရှိကြောင်း သိရသည်။

Cosmic Crown Co.,Ltd

မကွေးမြို့ မြို့ရှောင်လမ်းဘေး အကျယ်အဝန်း (၁၀.၁)ဧကရှိ မြေနေရာတွင် မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီအစီအစဉ်ဖြင့် ကျွန်တော်များ Cosmic Crown ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက် ရှိသည့် ကုန်တင်ကုန်ချ ကားကြီးကွင်းတွင် ဂိတ်ဆိုင်ခန်းများနှင့် ဈေးဆိုင်ခန်းများအား (၂၅-၄-၂၀၁၇) ရက်နေ့မှ စတင်ပြီး ဦးရာလူစနစ်ဖြင့် အရစ်ကျ ရောင်းချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသော မည်သည့် လုပ်ငန်းရှင်မဆို မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီရုံးသို့လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါရန်ဖိတ်ခေါ်အပ်ပါသည်။







ရောင်းချမည့်ဂိတ်ဆိုင်ခန်းအရေအတွက် – ၅၆ ခန်း
ရောင်းချမည့်ဈေးဆိုင်ခန်းအရေအတွက် – ၁၄ ခန်း

ပါဝင်သည့်အဆောက်အဦများ
တည်းခိုခန်းအဆောက်အဦ – ၁ လုံး
Mini Bank – ၄ လုံး
Work Shop – ၆ ခန်း

**ငွေပေးချေမှုစနစ်**

| | |
|---|---|
| ပထမအရစ် | ဂိတ်ခန်းတန်ဖိုး၏ (၃၀%) |
| ဒုတိယအရစ် | ဂိတ်ခန်းတန်ဖိုး၏ (၃၀%) |
| တတိယအရစ် | ဂိတ်ခန်းတန်ဖိုး၏ (၃၀%) |
| စတုတ္ထအရစ် | ဂိတ်ခန်းတန်ဖိုး၏ (၁၀%) |

ဂိတ်ဆိုင်ခန်း၏ကြမ်းခင်းဧရိယာ - ၁၆၀၀ စ/ပေ
ဈေးဆိုင်ခန်း၏ကြမ်းခင်းဧရိယာ - ၆၀၀ စ/ပေ
Mini Bank ကြမ်းခင်းဧရိယာ - ၂၄၀၀ စ/ပေ
Work Shop ကြမ်းခင်းဧရိယာ - ၈၀၀ စ/ပေ

ဆက်သွယ်ရန်

၀၉-၇၉၄၅၆၇၇၈၃ ၊ ၀၉-၇၉၄၅၆၇၇၈၄
၀၉-၄၀၁၅၅၄၉၃၈ ၊ ၀၆၃-၂၅၀၄၈
ကားကြီးကွင်းတည်ဆောက်ရေး၊ မြို့ရှောင်လမ်း၊ မကွေးမြို့

# ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေစာရင်းများ မှန်ကန်မှုရှိစေရေးပြုစု

**သီပေါ ဧပြီ ၂၁**

အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်စာရင်းများ တိကျမှုရှိစေရေးအတွက် ကွန်ပျူတာဖြင့် မဲစာရင်းပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် မတ်လမှစတင်၍ စာရင်းထည့်သွင်းရာ မြို့ပေါ် (၁၁) ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၆၇) အုပ်စုတို့၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၁၃၇၉၇ ဦးအနက် ဧပြီ ၂၀ ရက်အထိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၇၅၀၉၀ ကို စာရင်းပြုစုဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ဆန္ဒမဲစာရင်းပြုစုခြင်းလုပ်ငန်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်နှင့် အတွင်းရေးမှူး ဦးမိုးထွေးဦးတို့က ကြီးကြပ်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ဒုတိယဦးစီးမှူး ဦးမင်းလွင် ဦးဆောင်ကာ ကွန်ပျူတာ ၁၁ လုံး၊ ကျွမ်းကျင်ဝန်ထမ်း ၁၁ ဦးတို့ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူးများက မဲစာရင်းများ အလှည့်ကျ ကူညီဖတ်ကြားပေး ကြသည်။

အခြေခံမဲဆန္ဒရှင်စာရင်းများအား ကွန်ပျူတာအတွင်းဖြည့်သွင်းခြင်း လုပ်ငန်းများကို မေ ၁၅ ရက်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**





# ဆည်ရေသောက် နွေစပါးများ အထွက်နှုန်းကောင်း

**ရေတာရှည် ဧပြီ ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံ ဆည်ရေသောက်ဧက ၂၈၀၀၀ ကျော် စိုက်ပျိုးထားသော နွေစပါးများ ယခုအခါ စတင်ရိတ်သိမ်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်ကာ စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၄၄၀၀၀၀ ဈေး ရရှိကြောင်း တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

ရတနာတိုး၊ သုခ (၂)၊ ထိုင်းကောက်၊ ပုလဲသွယ်စပါးမျိုးများကို အဓိကစိုက်ပျိုးပြီး ဈေးကွက်၌လည်း အဆိုပါစပါးမျိုးများသာ အရောင်းအဝယ် သွက်နေသည်ကို တွေ့ရှိရသည်။ တောင်သူများ၏ သွင်းအားစုအနေဖြင့် ထွန်ယက်စရိတ်၊ မျိုးစရိတ်၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးစရိတ်၊ ပိုးသတ်ဆေး၊ ရိတ်သိမ်း ခြွေလှေ့စရိတ်များမှာ တစ်ဧကလျှင် ငွေကျပ် ၁၇၀၀၀၀ ကျော်ကုန်ကျသည်ဟု ကုန်းကြီးကျေးရွာအုပ်စု ပြီစုတ်ကျေးရွာနေ တောင်သူ ဦးဝင်းမြင့်က ပြောသည်။

"အခက်အခဲကတော့ အလုပ်သမားရှားပါးတာပဲ။ ဈေးကမတန်တဆတွေပေးရတာ စပါးရိတ်တာနဲ့ သယ်ယူခကတင် တစ်ဧကကို ငွေကျပ် ၇၀၀၀၀ ပေးရတာ၊ စပါးဈေးကောင်းလို့ တော်သေးတာပေ့ါ၊ စပါးဈေးကျရင် တောင်သူတွေ မစားသာဘူး" ဟု ယင်းကပင် ပြောသည်။

နွေစပါးသည် မိုးစပါးထက် အထွက်နှုန်းကောင်းမွန်ပြီး တစ်ဧကလျှင် တင်း ၉၀ မှ ၁၀၀ အထက် ထွက်ရှိကာ တောင်သူများ၏ စိုက်ပျိုးရေးအတွေ့အကြုံ၊ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့၏ ကွင်းဆင်းဆောင်ရွက်ပေးမှုများမှာ စပါးအထွက်နှုန်းကောင်းမွန်ရေးအတွက် များစွာအထောက်ကူပြုသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**

# သတင်းအချက်အလက်နှင့် နည်းပညာနေ့ ပထမအကြိမ်ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၁**

အမျိုးသမီးငယ်လေးများအား သတင်းအချက်အလက်နှင့်နည်းပညာနယ်ပယ်အား စူးစမ်းလေ့လာနိုင်ရန် အခွင့်အလမ်းပေါင်းများစွာဖြင့် အဖွဲ့အစည်းအသီးသီးမှ နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝန်းတွင် ကျင်းပလေ့ရှိရာ မြန်မာနိုင်ငံမှလည်း ယခုနှစ်တွင် ပထမအကြိမ် Girl in ICT နေ့အဖြစ် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအခမ်းအနားကို Young Women's Christian Association (YWCA) နှင့် Myanmar ICT Development Organization (MIDO) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"အမျိုးသမီးငယ်တွေအနေနဲ့ သတင်းအချက်အလက်နဲ့ နည်းပညာနယ်ပယ်ကို စိတ်ဝင်စားမှုရှိပြီး လုပ်ငန်းခွင် ဝင်ရောက်လိုမှု မြင့်တက်လာစေဖို့နဲ့ သိပ္ပံနည်းပညာ၊ အင်ဂျင်နီယာဘာသာရပ်တွေကို စိတ်ဝင်တစားသင်ယူလာပြီး နည်းပညာ နယ်ပယ်မှာ ဝင်ရောက်လိုစိတ်မြင့်တက်လာစေဖို့ ရည်ရွယ် ကျင်းပခြင်းဖြစ်ပါတယ်" ဟု YWCA မှ အထွေထွေအတွင်းရေးမှူး ဒေါ်ဇင်မာဦးက ပြောကြားသည်။ အဆိုပါ အခမ်းအနားကို ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ဗိုလ်ကလေးဈေးလမ်းရှိ YWCA ခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသမီး ICT ပညာရှင်များက သတင်းအချက်အလက်ဆိုင်ရာကဏ္ဍများ ဟောပြောခြင်းနှင့် ဆွေးနွေးပွဲများကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

# အရန်သားဖွားသင်တန်းဖွင့်

**ရွှေကူ ဧပြီ ၂၁**

ကျန်းမာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန စီမံကိန်းဌာနခွဲ၏ မြို့နယ်ကျန်းမာရေးစနစ် ဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO)၏ အထောက်အပံ့ဖြင့် ကချင်ပြည်နယ် ရွှေကူမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ယူဖွင့်လှစ်သည့် အရန်သားဖွား(အသစ်) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီဝင် ရွှေကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူရဇော်က သားဖွားဆရာမ၏ အရန်ဖြစ်လာစေရန်၊ ပြည်သူ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လာစေရန်၊ မိခင်သေဆုံးမှုနှုန်း လျှော့ချရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လာစေရန်၊ ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်း လျှော့ချရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လာစေရန်နှင့် ကျေးရွာအုပ်စုတိုင်း၊ ကျေးရွာတိုင်း ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ပြီး သားဖွားဆရာမထားရှိခန့်ထားခြင်းမဆောင်ရွက်နိုင်မီစပ်ကြား သစ်မရခင် ဝါးဖောင်ကွပ် ဆိုသော စကားရပ်နှင့်အညီ ကျေးရွာတိုင်းမှာ အရန်သားဖွားထားရှိရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# (၈၅)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူ


**မိုးညို ဧပြီ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်လုံးကျွတ် (၈၅) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဧပြီ ၁၇ ရက်က စည်ပင်သာယာဈေးကြီးရှေ့မဏ္ဍပ်၌ ကျင်းပသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မြို့သူမြို့သားများက အစဉ်အလာမပျက် စုပေါင်းလှူဒါန်းကြခြင်းဖြစ်သည်။ မြို့ပေါ်နှင့် အနီးအနားရှိ ဘုန်းတော်ကြီးနှင့် စာသင်တိုက်များအပါအဝင် သံဃာတော်အပါး ၃၅၀ တို့သည် ကျောင်းပေါင်း ၅၀ မှ ကြွရောက်ကြပြီး ကျောင်းထိုင်မဲနှင့် သံဃာတော်မဲများဖောက်ပေးခြင်း၊ ဆွမ်းဆန်များ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ကြသည်။ ယခင်နှစ် လှူဒါန်းမှုနှင့် ယခုနှစ်သည် ငွေကျပ်သိန်းပေါင်း ၆၀၉၇၂၀၀ လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းနှင့် မြို့နယ်အကျိုးဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ တက်ရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**



## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သာကေတမြို့နယ်တရားရုံး

၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁

| | | | |
|---|---|---|---|
| ၁။ ဦးရည်မွန်(ခ)ဦးစိုးမြင့် | နှင့် | ၁။ ဦးစန်းလွင် | ၂။ ဒေါ်ခင်မာစိုး |
| ၂။ ဒေါ်အိအိဖြူ | | ၃။ ဦးအုန်းကျော် | ၄။ ဦးကိုကိုလေး |
| (၄င်းတို့၏အခွင့်ရကိုယ်စားလှယ် ဦးခင်မောင်ညို) | | ၅။ ဒေါ်ခင်ခင်ဌေး | |
| တရားလိုများ | | တရားပြိုင်များ | |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၆)ရပ်ကွက်၊ ဝေဇယန္တာအရှေ့ (၁၅)လမ်း၊ အမှတ် ၈၇၇ နေ ဦးစန်းလွင်နှင့် ဒေါ်ခင်မာစိုး ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၆/ရှေ့)ရပ်ကွက်၊ ဝေဇယန္တာအရှေ့ ၁၈ လမ်း၊ အမှတ် ၇၉၉နေ ဦးအုန်းကျော်၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁/ထူပါရုံ)ရပ်ကွက်၊ ဆေးရုံလမ်း၊ ဝန်ထမ်းအိမ်ရာနေ ဦးကိုကိုလေး (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မေ ၆ ရက် (၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဧပြီ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယုယုဆွေ)**

**တွဲဖက်မြို့နယ်တရားသူကြီး၊ သာကေတမြို့နယ်တရားရုံး**



# စစ်တောင်းမြစ်ရေတိုက်စားခံရသောကျေးရွာ ရေကာတန်းများတည်ဆောက်ရန်လို

**ရေတာရှည် ဧပြီ ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ၂၀၁၀ ပြည့်နှစ်မှ စတင်ပြီး စစ်တောင်းမြစ်ရေတိုက်စားခံရသော ကျေးရွာများအနက် ဆွာမြို့ အရှေ့ငါးမိုင်ခန့်အကွာရှိ ရွှေကဇောင်းကျေးရွာနှင့် ရေတာရှည်မြို့ အရှေ့ ခြောက်မိုင်ခန့်အကွာ၌ တည်ရှိသည့် ကွဲရိုင်းပြင် ကျေးရွာများမှာ ကမ်းပါးများပြိုကျကာ လူနေအိမ်များ ရွှေ့ပြောင်းခဲ့ရသည်။

အဆိုပါ ကျေးရွာနှစ်ရွာမှာ စစ်တောင်းမြစ်၏ ရေဦးတည်ရာ ကျေးရွာများဖြစ်သည်နှင့်အညီ မိုးရာသီကာလ မြစ်ရေကြီးပါက ဦးစွာခံကြရသော ကျေးရွာများဖြစ်၍ ရေတိုက်စားမှု သက်သာစေရန် မြစ်ထိန်း ကျောက်စီနံရံများ၊ ရေကာတန်းများ တည်ဆောက်ပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ကျေးရွာမှာ စာသင်ကျောင်း၊ ဆေးပေးခန်း၊ သမအဆောက်အအုံ၊ ဘုန်းတော်ကြီးကျောင်းတွေဆိုရင် ရွှေ့ပြောင်းရတာ သုံးခါရှိပြီ၊ လူနေအိမ်တွေဆိုရင် ၃၀ ကျော်ပေါ့၊ အချို့ကတော့ ကိုယ့်လယ်ကွက်ထဲ၊ ယာကွက်ထဲကို ရွှေ့ပြီးနေရတာ မြေမရှိတဲ့သူတွေကျတော့ ကိုယ့်ရွာသားအချင်းချင်း အိမ်တစ်နေရာ စာလေးတော့ရောင်းပါ၊ ငွေမတတ်နိုင်တဲ့ သူတွေကျတော့လည်း နေစရာလေးတစ်နေရာ တောင်းပြီး ဒီလိုပဲနေကြရတာ၊ ကျေးရွာရဲ့ စီးပွားရေးက နာလန်ကို မထူတော့ဘူး" ဟု ရွှေကဇောင်း ကျေးရွာမှ ဦးငြိမ်းမောင်က ပြောသည်။ အိမ်ခြေ ၃၇၀ ကျော်ရှိသော အဆိုပါ ကျေးရွာမှာ ဟိုတစ်စု ဒီတစ်စုနှင့် အဆင်ပြေသလိုနေထိုင်ကြရသည်ကို တွေ့ရှိရသည်။

"စစ်တောင်းမြစ်ရေတိုက်စားမှုက ရေကာကျောက်တန်းတွေ တည်ဆောက်နိုင်မှ ဖြစ်မှာ။ ကျွန်တော်တို့ ကျေးရွာအနေနဲ့ကတော့ ငွေကြေးပိုင်းက ဘယ်လိုမှ မတတ်နိုင်ဘူးလေ၊ အရင်နှစ်ကတော့ အထက်ပိုင်းမှာ ရေကာတန်း လာဆောက်သေးတယ်။ မခိုင်ခံ့တော့ မိုးတွင်းကပဲပါသွားပြီ။ မြောက်ဘက်မှာမြင်ရတဲ့ သဲသောင်အငူကို ဖြိုချနိုင်ရင် ရေကြောင်းပြောင်းလဲသွားနိုင်တယ်"ဟု ယင်းကပင် ဆက်၍ပြောပြသည်။

စစ်တောင်းမြစ်ကြောင်း နှစ်စဉ်ပြောင်းလဲမှု များသည် ကျေးလက်နေသူတို့၏ လူနေမှုဘဝများနှင့် စိုက်ပျိုးမြေ ယာများ ဆုံးရှုံးခြင်းများရှိနေရာ မြစ်ကြောင်း ထိန်းသိမ်းရေးကို တာဝန်ရှိသူများက ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံများက ပြောသည်။

**ကိုလွင်(ဆွာ)**

# စည်းကမ်းမဲ့ ဈေးသည်များနှင့် စက်ဘီး၊ ဆိုင်ကယ်များကြောင့် ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်

**ရေစကြို ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအမှတ် (၁) မြောက်ဘက်ရှိ အရှေ့အနောက် ကတ္တရာလမ်းသည် ဈေးဝယ်လာသူများနှင့်အတူ ပြည်သူအများဆုံးသွားလာအသုံးပြုသော လမ်းဖြစ်ပြီး အဆိုပါကတ္တရာလမ်းပေါ်အထိ ဈေးသည်များက ခင်းကျင်းရောင်းချ နေခြင်း၊ ဆိုင်ကယ်၊ စက်ဘီးများကလည်း ဆိုင်တွင်မအပ်ကြဘဲ ဈေးဆိုင်များရှေ့တွင် စည်းကမ်းမဲ့စွာ ရပ်ထားခြင်းတို့ကြောင့် ဈေးဝယ်လာပြည်သူများနှင့် လမ်းအသုံးပြုသွားလာသူများအတွက် အနှောင့်အယှက်များဖြစ်နေသည့်အတွက် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးရန် လိုလားလျက်ရှိကြောင်း သိရှိရသည်။

"ဒီလမ်းက မိန်းလမ်းလိုဖြစ်နေတာ ဈေးဝယ်သူအများအပြား သွားလာကြသလို၊ မြို့အတွင်းနဲ့ ကမ်းနားဘက်သွားတဲ့လူတွေကလည်း ဒီလမ်းကိုပဲ အသုံးပြုပြီး ခြေကျင်သွားသူ ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကားတွေသွားလာတဲ့ လမ်းဖြစ်တယ်။ ဈေးသည်တွေကလည်း လမ်းပေါ်အထိ တက်ခင်း၊ ဆိုင်ကယ်၊ စက်ဘီးတွေကလည်း ဆိုင်မှာမအပ်ကြဘဲ လမ်းပေါ်ထိရပ်ထားကြတော့ လမ်းကကျဉ်း၊ တိုးမိကြတိုက်မိကြနဲ့ နားလည်ခွင့်လွှတ်မှုမရှိတဲ့သူအချင်းချင်းတွေ့ကြတဲ့အခါ စကားများရန်ဖြစ်ကြနဲ့ဆိုတော့ မကောင်းဘူးပေါ့ဗျာ။ ဒါကြောင့် စည်းကမ်းတကျဖြစ်ဖို့ တာဝန်ရှိသူတွေက ဆောင်ရွက်ပေးဖို့လိုတာပေါ့" ဟု ဈေးဝယ်လာသူတစ်ဦးက ပြောပြသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ


## စိန်ဖူးတော်၊ ငှက်မြတ်နားတော် ရွှေထီးတော်ဌာပနာလှူဒါန်းခြင်းနှင့် ဗုဒ္ဓါဘိသေကမင်္ဂလာ ဖိတ်ကြားလွှာ

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ နှောင်ပတ္တရာကျေးရွာနေ ကလေးသုံးဦးတို့တည်ထားကိုးကွယ်သည့် "အောင်မင်္ဂလာဆုတောင်း ပြည့်စေတီတော်မြတ်အား" စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဌာပနာလှူဒါန်းမှုအစုစုတို့ကို ၁၃၇၇ ခုနှစ် ကဆုန်လပြည့်နေ့(၂-၅-၂၀၁၅) စနေနေ့ နံနက် (၈း၂၅)မိနစ်အချိန်တွင် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးအသီးသီးမှ အလှူရှင်(၇)ရက်သားသမီးတို့အား ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူတော်ဖြစ်မြောက်ရေးအဖွဲ့
နှောင်ပတ္တရာကျေးရွာ
ဝေါမြို့နယ်

## ဖိတ်ကြားအပ်ပါသည်

၁၉၇၆ ခုနှစ် စစ်တွေကောလိပ်၌ တက်ရောက်ခဲ့ကြသည့် ကျောင်းတက်ဖော်သူငယ်ချင်း ကျောင်းသား/သူများ၏ ဒုတိယအကြိမ် မိတ်ဆုံညစာစားပွဲကို မပျက်မကွက် တက်ရောက်ဆင်နွှဲကြပါရန် ရပ်ဝေးရပ်နီးသို့ရောက်ရှိနေကြသော သူငယ်ချင်းများအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေရာ** ။ ။ M 3 Food Center (ရွှေတိဂုံဘုရားမြောက်ဘက်) (ဗဟန်းအားကစားကွင်းအနီး)
**အချိန်** ။ ။ ညနေ ၅း၃၀ နာရီမှ ည ၉း၃၀ နာရီအထိ
**နေ့ရက်** ။ ။ ၂၀၁၅ ခုနှစ် မေလ ၁ ရက် (သောကြာနေ့)
**ဆက်သွယ်ရန်** ။ ။ ဦးကျော်သိန်း (မင်းပြား) ဓာတုဗေဒ ဖုန်း-၀၉-၅၀၉၁၂၁၉
ဒေါ်သီတာအုံး (စစ်တွေ) သတ္တဗေဒ ဖုန်း-၀၁-၅၀၅၇၁၂
ဒေါ်ခိုင်ခိုင်ဇံ (မြောက်ဦး) ပထဝီ ဖုန်း-၀၉-၅၅၀၂၃၈၃
ဒေါ်မအုန်းမြင့် (စစ်တွေ) သတ္တဗေဒ ဖုန်း-၀၁-၅၅၂၁၄၁
ဦးသိန်းရွှေ (စစ်တွေ) ရူပဗေဒ ဖုန်း-၀၉-၅၆၈၀၂၄၈

## "မြန်မာဆေးဘက်ဆိုင်ရာ ဓာတ်ခွဲပညာရှင်အသင်း" Myanmar Medical Technologist Association (MMTA) မှ အသင်းဝင်သစ်များ ဖိတ်ခေါ်ခြင်း

"မြန်မာဆေးဘက်ဆိုင်ရာဓာတ်ခွဲပညာရှင်အသင်း"သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဥပဒေနှင့်အညီ အသင်းတရားဝင်ဖွဲ့စည်းခွင့် ရရှိခဲ့ပြီးနောက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အရပ်နှင့်တပ်မတော်မှ ဓာတ်ခွဲအရာထမ်း၊ ဓာတ်ခွဲအရာရှိ၊ ဓာတ်ခွဲကျွမ်းကျင်၊ ဓာတ်ခွဲစစ်ဆေးသူ-ပထမတန်းနှင့် ဓာတ်ခွဲစစ်ဆေးသူ-ဒုတိယတန်းစသည့် မိဘညီအစ်ကို မောင်နှမများ စည်းလုံးညီညွတ်စွာ ပေါင်းစုထားသော တစ်ခုတည်းသော ဓာတ်ခွဲပညာရှင်မိသားစုအသင်းကြီးအဖြစ် ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားရေး စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်လှုပ်ရှားလျက်ရှိရာ အသင်းဝင်များ တိုးပွားများပြားနေပြီ ဖြစ်ပါသည်။

အရပ်နှင့်တပ်မတော်မှ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)၊ နိုင်ငံ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သူ ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲပညာရှင်များအား အသင်းဝင်အဖြစ် ဖိတ်ခေါ်ပါသည်။

အသင်းဝင်လျှောက်လွှာအား နီးစပ်ရာမြို့နယ်အသင်းများရှိ အောက်ပါတာဝန်ခံ ဓာတ်ခွဲပညာရှင်များ (သို့) အင်တာနက်လိပ်စာများမှ ရယူဖြည့်စွက်ကာ လိုင်စင်ဓာတ်ပုံ (၃)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ အသင်းဝင်ကြေး ၅၀၀၀ိ/-နှင့် လစဉ်ကြေး ၁၀၀၀ိ/- (သို့) ရာသက်ပန်အသင်းဝင်ကြေး ၁၀၀၀၀ိ/- ပေးသွင်းလျှောက်ထားနိုင်ပါကြောင်းနှင့် ရန်ပုံငွေများ လှူဒါန်းနိုင်ပါကြောင်း ကြေညာဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း - ၀၉-၂၁၆၅၉၃၂၊ ၅၁၈၈၉၀၃၊ ၂၀၁၇၇၉၄၊ ၇၃၁၀၃၉၉၈၊ ၂၅၀၂၃၄၃၇၆၊ ၄၉၃၁၉၁၅၅၊ ၃၁၅၈၀၅၈၂၊ ၅၀၇၀၁၀၄၊ ၅၀၄၇၈၂၁၊ ၂၅၀၀၈၃၀၉၃**

## VICTORIA UNIVERSITY COLLEGE
## UK - B.E / B.A (Hons) အမှတ်စဉ် (၁) ကျောင်းသားသစ်များ လျှောက်လွှာ ခေါ်ယူခြင်း

၁။ Victoria University College တွင် University of Wolverhampton (UK) မှ တိုက်ရိုက် လာရောက်ပို့ချမည့်
*B.Eng(Hons:) Civil Engineering
*B.Eng (Hons:) Mechatronics
*B.A (Hons:) Business Management ဒီဂရီဘွဲ့ (၁) နှစ်သင်တန်းများကို ၂၀၁၅ ဧပြီလတွင် စတင်ဖွင့်လှစ်မည်။

၂။ HND အောင်မြင်သူများ ၊ B.Tech အောင်မြင်ပြီး *Bridging Course* တက်ရောက်ပြီးသူ များ နှင့် UK Level 5 အဆင့်အောင်မြင်သူများ လျှောက် ထားနိုင်သည်။

၃။ သင်တန်းကာလပြီးဆုံးအောင်မြင်ပါက University of Wolverhampton (UK) မှ တိုက်ရိုက် ချီးမြှင့်သည့် ဘာသာရပ်အလိုက်ဒီဂရီဘွဲ့လက်မှတ်များရရှိမည်။

* Victoria University College ကျောင်းသားရေးရာဌာနတွင် အောင်မြင်ကြောင်း အထောက်အထား မူရင်း နှင့် မိတ္တူ၊ ပတ်(စ်)ပို့ဓါတ်ပုံ (၃)ပုံ နှင့် အတူ ဝင်ခွင့်ပုံစံများကို တောင်းယူ ဖြည့်စွက်ပြီး စတင်လျှောက်ထားနိုင်ပါသည်။

ကျောင်းသားရေးရာဌာန
အမှတ်(၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ - ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉၅၁၀၄၇၄၈

## တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၅)
## တည်ဆောက်ရေးပစ္စည်းတင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် (၂)၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်

(က) ကချင်ပြည်နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၅)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ပူတာအိုခရိုင်အတွင်းရှိ တံတားများနှင့် မိုးညှင်းခရိုင်အတွင်းရှိ ဥရုချောင်းတံတား (လုံးခင်း) တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေ၊ သံချောင်းရှယ်စုံ၊ ဒီဇယ်ဆီနှင့် တံတားသံပေါင်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်** - ၂၂-၄-၂၀၁၅ ရက်
**တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်** - ၇-၅-၂၀၁၅ ရက်၊ နံနက် ၉း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၇-၅-၂၀၁၅ ရက်၊ နံနက် ၁၀း၀၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ဒု-အင်ဂျင်နီယာမှူးကြီးရုံး
တံတားအထူးအဖွဲ့(၁၅)၊ မြစ်ကြီးနားမြို့

(ခ) တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ တံတားအထူးအဖွဲ့(၁၅)၊ မြစ်ကြီးနားမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
ဖုန်း-၀၇၄-၂၂၁၉၇၊ ၀၉-၆၈၀၇၆၅၇၊ ၀၉-၄၀၀၀၂၁၀၁၄

## မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်(၁၀)မြို့နယ်တွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးလက်လမ်း ကွန်ကရစ်လမ်း၊ ၁/၆.၈၄၆ မိုင်၊ ကတ္တရာလမ်း(၇)မိုင်၊ ကျောက်လမ်း ၁၇/၆.၅ မိုင်၊ မြေသားလမ်း ၁၀/၀ မိုင်၊ ကွန်ကရစ်တံတား ၉၃၆ ပေ၊ သစ်သားတံတား ပေ ၄၀၀၊ ကျေးလက်ရေရရှိရေးအတွက် တွင်းတိမ်(၉၈)တွင်း၊ တွင်းနက်(၂၂)တွင်း၊ လက်တူးတွင်း(၅၁)တွင်း၊ မြေသားရေကန် (၅)ကန်၊ စိမ့်စမ်း(၁၃)ခု၊ အခြား(၂၅)ခု၊ ကျေးလက်တန်ဖိုးနည်းအိမ်ရာ (၅၀)လုံး၊ ယင်လုံ အိမ်သာ(၈)လုံး၊ ကျေးလက်မီးလင်းရေးအတွက် နေရောင်ခြည်စွမ်းအင် ဆိုလာ (၆၆၀၃)ခု၊ လျှပ်စစ်စွမ်းအင်(၁)ခုအား ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါတင်သွင်းလိုသည့်ကုမ္ပဏီများသည် ဦးစီးဌာနမှ သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်ပါသည်။
၃။ တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်/အချိန်** - ၂၂-၄-၂၀၁၅ ရက်၊ ၉း၃၀ နာရီ
**တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက်/အချိန်** - ၂၂-၅-၂၀၁၅ ရက်၊ ညနေ ၁၆း၃၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - မွန်ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်း၊ ကျိုက္ခမီလမ်း၊ မောင်ငံရပ်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၄၀၈၅၊ ၀၅၇-၂၄၂၈၇

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်ဝင်ခွင့်
## လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည် ဖြစ်ပါသည်။
၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူဖြစ်ရမည်။
(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူ ဖြစ်ရမည်။
(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ
(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ
(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ
(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ
(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ
(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့်သင်္ချာ စုစုပေါင်း ရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။
၃။ မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများမှ အောင်မြင်သူများ လျှောက်ထားနိုင်သည်။
၄။ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။
၅။ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)တွင် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) မြို့ပြအင်ဂျင်နီယာ
(ခ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဂ) သုတနည်းပညာ
၆။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာ အောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။
